# ကျေးဇူးတော်အားဖြင့်သာလျှင်

## ဘဝပြောင်းလဲမှု ဖြစ်စေသောဘုရားသခင်၏ ဆုကျေးဇူးကို မိတ်ဆက်ပေးခြင်း

CHARLES C. BING

ကျွန်ုပ်အတွက်
ဘုရားသခင်ပြင်ဆင်ပေးထားသော
ဆုကျေးဇူးတပါးဖြစ်သည့်
Karen
အပေါ်ကျေးဇူးတင်းလျက်ရှိသည်။

# မာတိကာ

Charles C. Ryrie ရေးသားသောအမှာစကား ...........
နိဒါန်း ...................................

၁။ ကျေးဇူးတော်၏ဆုကျေးဇူး .....................
၂။ ကျေးဇူးအားလုံး၏အရှင် .....................
၃။ **အံ့ဩဖွယ်ကောင်းသော ကျေးဇူးတော်**...............
၄။ ကျေးဇူးတော်အားဖြင့်ကယ်တင်ခြင်းရရှိခြင်း ............
၅။ **ကျေးဇူးတော်၏ အံ့ဖွယ်ရာတစ်ခု** .....................
၆။ ကျေးဇူးတော်အားဖြင့်လုံခြုံမှု .....................
၇။ ကျေးဇူးတော်အားဖြင့် စိတ်ချခြင်း .................
၈။ ကျေးဇူးတော်နှင့်ကောင်းသောလုပ်ဆောင်ချက်များ ...........
၉။ အသစ်သောတာဝန်ဝတ္တရား ....................
၁၀။ အသစ်သောဘဝ .........................
၁၁။ အသစ်သောဆက်ကပ်အပ်နှံခြင်း ..................
၁၂။ အသစ်သောလွတ်မြောက်ခြင်း ...................
၁၃။ ဆုကျေးဇူးမျှဝေခြင်း .........................

မှတ်စုများ ..................................

## အမှာစာ

ကျေးဇူးတော်သည် ခရစ်ယာန်ဘာသာကို အခြားဘာသာများမှ တမူထူးခြား စေခဲ့သည်။ ထို့ပြင် ကျေးဇူးတော်သည် လူပုဂ္ဂိုလ်တစ်ဦး၏ ပတ်ဝန်းကျင်အခြေ အနေများ နှင့် စိတ်နေသဘောထားများကို တိုးတက်ပြောင်းလဲစေနိုင်သည်။ ထိုသို့ဖြစ်လင့်ကစား။ ဤကဲ့သို့သော လွန်စွာအရေးကြီးသော ယူဆချက်၊ ကျေးဇူးတော်ကို မကြာခဏ မှားယွင်း စွာသိရှိတတ်ကြသည်။ လက်တွေ့အသုံးချရာတွင် ကန့်သတ် ထားကြသည်။ (သို့) မသန့်ရှင်းသောအရာများနှင့် ရောယှက်တတ်ကြသည်။

Dr. Bing သည် ထိုကဲ့သို့သော မှားယွင်းမှုတစ်စုံတစ်ခုမျှမပြုခဲ့ပေ။

ဘုရားသခင်၏ကျေးဇူးတော်အကြောင်းကို တိကျစွာနှင့်ပြည့်စုံစွာဖြင့်ဖော်ပြ ပေးထားသော ဤစာအုပ်ကို အမတန်လိုအပ်လျက်ရှိပြီ။ လူတိုင်းကို လိုက်လိုက် လဲလဲ ကြိုဆိုလျက်ရှိပါသည်။ ဤစာအုပ်သည် နားလည်သဘောပေါက်ရန် ရှင်းလင်း လွယ်ကူလျက်ရှိသည်။ ၎င်းသည် ကျေးဇူးတော်၏ အချက်အလက်များနှင့် ၎င်း၏အကျိုးသက်ရောက်မှုများကို စုစည်းတင်ပြထားသည်။ စာရေးသူသည် စိတ်နှစ်ခွမရှိဘဲလျက် အခြားသောယူဆချက်များကိုလည်း ကောင်းမွန်စွာနှင့် စိတ်ရှည်စွာတင်ပြခဲ့သည်။

ယနေ့ ကြားတွေ့တော့ခြင်း။ သွန်သင်ခြင်းနှင့် ဟောပြောခြင်းများထဲတွင် ကျေးဇူးတော်အကြောင်းကို မှားယွင်းစွာ ဖော်ပြတတ်ကြသည်။ Dr. Bing သည် သမ္မာကျမ်းစာဖော်ပြချက်နှင့်အညီ ကျေးဇူးတော်အကြောင်းကို ရှုထောင့်မျိုးစုံဖြင့် တင်ပြထားသည်။ ကယ်တင်ခြင်းတရား။ ဖြောင့်မတ်ခြင်းတရား။ သန့်ရှင်းစင်ကြယ်ခြင်း တရား။ စိတ်ချခြင်း၊ အာမခံခြင်း နှင့် တပည့်တော်ဖြစ်ခြင်း စသည်တို့ကို တိကျရှင်း လင်းစွာဖော်ပြထားသည်။ သမ္မာကျမ်းစာ ကျမ်းပိုဒ်များကို မှန်ကန်စွာ အနက်ဖွင့်ဆို ထားကာ၊ အနက်ဖော်ပြရန်ခက် ခဲသော ကျမ်းပိုဒ်များကိုလည်းအားနည်းချက်မ ရှိအဆုံးထိတိုင်ရှင်းပြခဲ့သည်။

ဤစာအုပ်ရေးသားခြင်းသည် ကျေးဇူးတော်အကြောင်းနှင့်ပတ်သက်သော လူတစ်ဦး၏သိရှိနားလည်မှုကို သွေးပေး၍ အမြင်ကျယ်စေသည်။ ထို့ပြင် ဘုရားသခင်၏ ကျေးဇူးတော်နှင့် ကျေးဇူးတော်ပေါင်းစုံတို့၏အရှင်အတွက် လူတစ်ဦး၏မေတ္တာနှင့်ရိုကျိုးခြင်းများကိုလည်းနက်ရှိုင်းစေသည်။

CHARLES C. RYRIE, TH.D.,PH.D.

# နိဒါန်း

ထစ်ကမ္ဘာလုံးကျင်းပပြုလုပ်ခဲ့သောစီတီသူ့ ဓမ္မညီလာခံကြီးတစ်ခု၌ လွန်ခဲ့ သောနှစ်များတွင်အငြင်းပွါးမှုတစ်ခုကို မီးခိုးငွေ့တထောင်း ထောင်းထွက်လာသည့်ပမာ ထွက်ပေါ်လာခဲ့သည်။ ၎င်းသည် "ခရစ်ယာန်ဘာသာ သည် ဤလောကတွင်ရှိနေသောအခြားသောဘာသာများနှင့်မည်သို့ခြားနားမှု ရှိသနည်း။"ဖြစ်သည်။

အချို့သောသူများက သခင်ယေရှု၏လူ့ဇာတိခံယူခြင်းက လေးနက်စေ သည်။ အချို့တို့က ရှင်ပြန်ထမြောက်ခြင်းကလေးနက်စေသည် ဟုပြောတတ်ကြသည်။ သို့သော် လူအချို့တို့ကမူ အခြားသောဘာသာများကလည်း တူညီသော ယုံကြည်ခြင်းများရှိသည်ဟု ပြောတတ်ကြသည်။ C.S. Lewis သည် အခန်းထဲသို့ ဝင်ရောက်သည့်အချိန်တွင် လူတစ်ယောက်က သူတို့ကို ရှင်းပြပေးခဲ့သည်။ သူက "သြော်၊ အရမ်း လွယ်ပါတယ်။ အဲဒီက ကျေးဇူးတော်ကြောင့်ပါ" ဟု ပြန်ဖြေခဲ့သည်။

ခရစ်ယာန်ဘာသာသည် အခြားသောဘာသာများနှင့် မည်သို့ကွာခြားမှုရှိသ နည်း။ *ကျေးဇူးတော်အားဖြင့်သာလျှင်* ဖြစ်သည်။

လူတစ်ဦးသည် မည်ကဲ့သို့ ခရစ်ယာန်တစ်ဦးဖြစ်လာသနည်း။ *ကျေးဇူးတော် အားဖြင့်သာလျှင်* ဖြစ်သည်။

လူတစ်ဦးသည် မည်ကဲ့သို့ထာဝရကယ်တင်ခြင်းရရှိနိုင်သနည်း။ *ကျေးဇူးတော် အားဖြင့်သာလျှင်* ဖြစ်သည်။

လူတစ်ဦးသည် ထာဝရကယ်တင်ခြင်းရရှိကြောင်းကို အခြားလူတစ်ဦးသည် မည်သို့သိရှိနိုင်မည်နည်း။ *ကျေးဇူးတော်အားဖြင့်သာလျှင်* ဖြစ်သည်။

လူတစ်ဦးသည် ခရစ်ယာန်တစ်ဦးအဖြစ်မည်သို့အသက်ရှင်နိုင်မည်နည်း။ *ကျေးဇူးတော်အားဖြင့်သာလျှင်* ဖြစ်သည်။

ခရစ်ယာန်တစ်ဦးသည် ဘုရားသခင်နှင့် အခြားသူများကို အစေခံနိုင်ရန် မည်ကဲ့သို့ လုံ့လဆောင်ရမည်နည်း။ *ကျေးဇူးတော်အားဖြင့်သာလျှင်* ဖြစ်သည်။

ဤသို့သော ဖော်ပြချက်များသည် လိုအပ်မှုရှိသေးသလော (သို့) လိုအပ်သည်ထက်ပိုသလော။ သင်သည် ဘုရားသခင်၏ကျေးဇူးတော်ကို လွယ်ကူစွာနားလည်မှုမရှိလျှင်စိတ်ရှုပ်ထွေးနေမည်ဖြစ်သည်။ သင်သည် ဘုရားသခင်၏ကျေးဇူးတော်ကိုရိုးရိုးလေးဖြစ်သည်ဟု နားလည်တတ်မှသာ နက်နဲသောအရာများကို လည်း နားလည်နိုင်မည်ဖြစ်သည်။

ကျေးဇူးတော်အားဖြင့်သာလျှင် စာအုပ်သည် ကျေးဇူးတော်ကို ရိုးရိုးလေးနှင့်တိကျစွာ နားလည်ခြင်းအားဖြင့် ကယ်တင်ခြင်းတရားနှင့် ခရစ်ယာန်အသက်တာများ၊ အကြောင်းနှင့်ပတ်သက်သော ရှုပ်ထွေးမှုများ၏အဖြေကို ပြသထားပါသည်။ ကျေးဇူးတော်ကို တန်ဖိုးလျှော့နည်းစေရန် ကျွန်တော်ဖော်ပြလိုခြင်းမဟုတ်ပေ။ သို့သော် ၎င်း၏အဓိပ္ပါယ်ကို ရှုပ်ထွေးသောသူများ၊ ၎င်း၏နားလည်ရန်လွယ်ကူသောအဓိပ္ပါယ်ကို သံသယဝင်သောသူများ နှင့် ကျေးဇူးတော်ကို မဟုတ်မမှန်သွန်သင်သောသူများအတွက် သူတို့၏ဝန်လေးပင်ပန်းခြင်းမှလွတ်မြောက်ရန် ကျွန်တော် ဤသို့ပြောခြင်းဖြစ်သည်။

ကျေးဇူးတော်စကားလုံးသည် ခရစ်ယာန်များနှင့် ခရစ်ယာန်မဟုတ်သော သူများ ကြားတွင်အသုံးများသောစကားလုံးဖြစ်သည်။ သို့ရာတွင် ၎င်း၏အဓိပ္ပါယ်ကို နားလည်မှုလွဲတတ်ကြသည်။ ၎င်းအပြင် ထိုစကားလုံးကို ချီးကျူးသင့်သလောက်မချီးကျူးပေ။ ခရစ်ယာန်များ သည် ကျေးဇူးတော်ကို ယုံကြည်ကြသည်။ မယုံကြည်လျှင် သမ္မာကျမ်းစာက "ကျေးဇူး တော်ကြောင့်ကယ်တင်ခြင်းသို့ရောက်ရ၏" (ဧဖက် ၂း၈) ဟုဖော်ပြထားသောကြောင့် သူတို့သည် စစ်မှန်သောခရစ်ယာန်များမဖြစ်လာနိုင်ပေ။ ခရစ်ယာန်မဟုတ်သောအခြား ဘာသာများနှင့် အယူအဆမှားယွင်းသော ခရစ်ယာန်များသည်လည်း ကျေးဇူးတော်ကို မကြာခဏအသုံးပြုလေ့ရှိကြသည်။ ၎င်းစကားလုံး၏အဓိပ္ပါယ်သည် အဘယ်နည်း။ ထိုစကားလုံးက ကျွန်ုပ်တို့ကို ထူးခြားမှုဖြစ်စေသလော။

သင်သည် ကျေးဇူးတော်၏အမြင်ကွင်းဆက်ကို သမ္မာကျမ်းစာလေ့လာခြင်း၊ ကျမ်းစာသင်ကျောင်းတစ်ခုခုမှ လူတစ်ဦးရရှိနိုင်သောအရာမျိုးဖြစ်လိမ့်မည်ဟု ယူဆနိုင် ပါသည်။ သို့သော် ကျမ်းစာသင်ကျောင်းများမှ မတူညီသောလုပ်ဆောင်

ဘက်သုံးဦးတို့ဖြင့် ဒိဝရိသုံးရေရှိခြင်း။ လူတန်းစားမတူညီသောသူများနှင့်အပြန်အလှန် တွေ့ဆုံစကားပြောလှယ် ခြင်းရှိလျှင် ကျေးဇူးတော်နှင့်ပတ်သက်၍ ရှုထောင့်အ များအပြားရှိသည်ဟု ကျွန်တော်ပြောနိုင်သည်။ အသင်းတော်များသည် သူတို့၏ရှု ထောင့်များကို မတူညီကြပေ။ သင်းအုပ် ဆရာများ၏ရှုထောင့်များ၊ ဆရာများ၏ ရှုထောင့်များ စသည့်တို့သည် မတူညီကြသောကြောင့် ခရစ်ယာန်အများအပြားတို့ သည် စိတ်ရှုပ်ထွေးမှုများစွာရှိကြသည်။

ကျေးဇူးတော်အကြောင်းနှင့်ပတ်သက်၍ နှစ်ပေါင်းများစွာ ကျွန်ုပ်၏ကျမ်း စာလေ့လာခြင်း၊ သင်ကြားပေးခြင်းနှင့် တရားဟောပြောခြင်း၊ အတွေ့အကြုံတွင် ဘုရားသခင်၏ကျေးဇူးတော်အပေါ် လူတစ်ဦး၏ခံယူချက်သည် ခရစ်ယာန်တစ်ဦးဖြစ် လာနိုင်ရန် သော့ ချက်မဟုတ်တဲ့ ကယ်တင်ခြင်းအာမခံပေးခြင်းနှင့် ဘုရားသခင်နှင့် အခြားသူများကို လွတ်လပ်စွာ အစေခံနိုင်ရန် သော့ချက်ဖြစ်သည်ကို ကျွန်တော်တွေ့ မြင်နိုင်ခဲ့သည်။ ထို့ကြောင့် ကျွန်တော်သည် မည်သည့်နေရာအရပ်သို့ ရောက်ရောက်၊ အချိန်ရရမရရ ဘုရားသခင်၏ကျေးဇူးတော်ကို သတင်းကိုဝေမျှရန် ကျွန်ုပ်၏ဘဝ နှင့်သာသနာလုပ်ငန်းကို လုံးဝအပ်နှံထားခြင်းဖြစ်သည်။

ကျေးဇူးတော်ကို ရှင်းလင်းစွာသိရှိသော ခရစ်ယာန်အများအပြားကို သိရှိခြင်းသည် ကျွန်ုပ်အတွက် အခွင့်အရေးတစ်ခုဖြစ်သည်။ ၎င်းအပြင် ဘုရားသခင်၏ကျေးဇူးတော်ကို ရှုံ့မဲ့စော ကယ်တင်ခြင်းရရှိရန်လိုအပ်သော မျက်ဆီးသောသူ၊ ကယ်တင် ခြင်းရရှိခဲ့ကြောင်းမိမိကိုယ်ကိုယ်သေချာစွာ မသိသောသူ၊ ခရစ်ယာန် အသက်တာအတွက် နိုင်နင်းသော အခြေခံအုတ်မြစ်လို အပ်သောသူအများအပြားနှင့်လည်း တွေ့ရှိခဲ့သည်။ ဤ သို့သော ပုဂ္ဂိုလ်များသည် ဘုရားသခင်၏ကျေးဇူးတော် ငြင်းပယ်ကာ အကျိုးဆုတ်ယုတ်စေကြသည်။ ကျေးဇူးတော်တရားကို တိကျစွာသိရှိနားလည်သောသူများနှင့် ရှုံ့မဲ့စေသော သူများ ကြားတွင် ကျေးဇူးတော်စကားလုံးကို အသုံးပြုသောသူ နှင့် ကျေးဇူးတော်သီချင်းကို ကျူးသည် လူစုအများအပြားရှိသေးသည်။ သို့သော်သူတို့သည် ထိုသမ္မာတရားနှင့် ကယ်တင်ခြင်းနှင့် ခရစ်ယာန်အသက်တာနှင့်ပတ်သက်သောသူတို့၏ယုံကြည်ခြင်းများကို မိမိအသက်တာတွင် လိုက်လျောညီထွေစွာဖြင့် ဆင်ခြင်သုံးသပ်ခြင်း မရှိကြပေ။

ကျေးဇူးတော်သည် ကျွန်ုပ်တို့အား ခရစ်ယာန်အသက်တာထဲသို့ နစ်ဝင်စေသည်။ သင်သည် ကျေးဇူးတော်၏သဘောသဘာဝကို နားမလည်လျှင် သင်သည် ခုကွဲတွေကြုံပြီး၊ သင့်အသက်တာ၏ဒေသအချို့တို့ကို နားမလည်ဘဲ ခေါင်းရှုပ်သွားပေမည်။ ဥပမာအားဖြင့်-

- သင်သည် ထာဝရအသက်ရရှိရေးအတွက် စိတ်ရှုပ်ထွေးနေလျှင်
- သင်သည်ထာဝရအသက်ရရှိကြောင်း သေချာစွာမသိလျှင်
- သင်သည် ယခုတွင် ထာဝရအသက်ရရှိကြောင်း သေချာစွာမသိလျှင်
- သင်သည် ထာဝရအသက်စောင့်ထိန်းကြောင်း သေချာစွာမသိလျှင်
- ဘုရားသခင်က သင့်ကို ငြင်းပယ်မည်ဟု သံသယဝင်နေလျှင်
- သင်သည်ဘုရားသခင်ဝမ်းမြောက်နိုင်ရန် လုံလောက်သောလုပ်ဆောင်ချက်မရှိဟု ယူဆလျှင်
- သင်သည် ဘုရားသခင်ဝမ်းမြောက်စေနိုင်သောလူကောင်းမဟုတ်ပေ ဟုခံစားလျှင်
- သင်သည် အပြစ်တရား၊ မှားယွင်းခြင်းနှင့် ချွတ်ယွင်းချက်ခြင်းများသိရှိရန် ကြိုးပမ်းလျှင်
- သင်သည် အခြားသူတပါးကို ခွင့်မလွှတ်နိုင်လျှင်
- သင်သည် အခြားသူများကို တရားစီရင်လျှင်
- သင်သည် မိမိကိုယ်ကိုယ် မုန်းတီးလျှင်
- သင်သည် အခြားသူများကို မုန်းတီးလျှင်
- သင်သည်ကျေးဇူးတော်ထဲ၌အခြေခိုင်ခိုင်စွာ နစ်ဝင်သွားခြင်းမရှိသောကြောင့်ဖြစ်သည်။

အထက်တွင်ဖော်ပြထားသောအရာများ သင်ကြိုးပမ်းလုပ်ဆောင်နိုင်သည်။ သို့သော် ဘုရားသခင်၏ကျေး ဇူးတော်ထဲတွင် အခြေခိုင်ခိုင်စွာရပ်တည်သောသူတို့သည် ဤဖော်ပြချက်များနှင့်အတူ ထိုထက်သာလွန်သောအရာများကို ရရှိမည်ဖြစ်သည်။ ကျေးဇူးတော်ထဲသို့နက်နက်ရှိုင်းရှိုင်းစွာ နစ်ဝင်သောသူများသည် ဘုရားသခင်က ပြင်ဆင်ပေးထားသောကျေးဇူးတော်တရားကို ပြည့်စုံစွာနားလည်၍၊ ထိုမြင် ဘုရားသခင်ဘုန်းတော်ကို ထင်ရှားစေသောအသက်တာမျိုးဖြင့်အသက်ရှင်ရန်

လှပတင့်တယ်စွာ လှုပ်ရှားနိုင်ပါလိမ့်မည်။ သူတို့သည် မည်သူဖြစ်ကြောင်းကို၎င်း။ ဘုရားသခင်က သူတို့ကို မည်သို့မြင်တွေ့သည်ကို၎င်း။ သူတို့ ကအခြားသူများကို မည်ကဲ့သို့မြင်တွေ့ရမည်ကို၎င်း သိရှိပါလိမ့်မည်။ သူတို့သည် အားနည်းချက်များကို အောင်မြင်နိုင်သောတန်ခိုးကိုရရှိပြီး ခွင့်လွှတ်ခြင်းဆုကျေးဇူးကိုလည်း သိရှိနားလည်ပါလိမ့်မည်။

ဤစာအုပ်သည် ဘုရားသခင်၏ကျေးဇူးတော်နှင့်ပတ်သက်သောအကြောင်းအရာများဆိတ်ဆက်ခြင်းကို ဆွေးနွေးတင်ပြထားခြင်းဖြစ်၍ သင်သည် ကျေးဇူးတော်ထဲသို့အမြစ်စိုက်ခိုင်မြဲစွာနစ်ဝင်လိုလျှင် ဤစာအုပ်ကမစပါလိမ့်မည်။ သင်သည် ကျွန်ုပ်တို့အား ထာဝရအသက် နှင့် ကြွယ်ဝသောအသက်တာပေးစွမ်းနိုင်သော ကျေးဇူးတော်၏လှပမှုကို နားလည်သိရှိရန် ဤစာအုပ်က မစပါစေ ဟုဆုမွန်ကောင်းတောင်းပေးပါသည်။ သို့မှသာ ဘုရားသခင်က သင့်ကို ကျေးဇူးတော်အားဖြင့်သာလျှင် အရာခပ်သိမ်းကို ပြည့်စုံရန် ဖန်ဆင်းထားသဖြင့် သင်သည် ကျေးဇူးတော်အားဖြင့်အရာခပ်သိမ်းကို ပြည့်စုံစေနိုင်မည်ဖြစ်သည်။

# အခန်း

## ကျေးဇူးတော်၏ဆုကျေးဇူး

ညစာပွဲတစ်ခုကို ကျွန်ုပ်ရှေ့တွင်ချထားသည်။ ပန်းကန်တစ်ခုထဲတွင် ပင်လယ် အစားအစာ၊ နောက်တစ်ခုထဲတွင် အီတလီအစားအစာ၊ နောက် တတိယ ပန်းကန်ထဲတွင် မက်ဆီကန် အစားအစာဖြစ်သည်။ ထို့နောက်ဆလပ်ရွက်များနှင့်အချိုပွဲများလည်းအများကြီးရှိသေးသည်။ အနောက်ဘက်တွင် ကျွန်တော်မြတ်နိုးသော တေးဂီတအမျိုးများ ဖြစ်သည့် rockin' big-band swing တေးသီချင်းများကို ဖွင့်ထားသည်။ ထိုကဲ့သို့သော ဖျော်ဖြေမှုများသည် Louisiana တွင် ရေပန်းစားအများ ဆုံးသော မင်္ဂလာဆောင်ဧည့်ခံပွဲကြီးဖြစ်သည်။ ထိုနေရာတွင် ကျွန်တော်လူတိုင်းကို မသိခဲ့ပေ။ ကျွန်ုပ်ကို ဖိတ်ကြားခဲ့သော ကျွန်ုပ်၏မိတ်ဆွေ သင်းအုပ်ဆရာတစ်ပါးကိုပဲ ကျွန်တော်သိရှိခဲ့သည်။ ကျွန်တော်သည် ထိုမင်္ဂလာဆောင်ဧည့်ခံပွဲသို့ တက်ရောက်နိုင်သဖြင့် မိသားစုဝင်များသည် ဝမ်းပန်းသာတာဖြစ်ကြလိမ့်မည်ဟု သူကပြောခဲ့သည်။

ကျွန်ုပ်သူငယ်ချင်း သင်းအုပ်ဆရာတစ်ပါးက ကျွန်ုပ်ကို သူ၏အသင်းတော်၌ ဒေသနာဟောရန် ဖိတ်ခေါ်ခဲ့သည်။ ထိုညစနေနေ့ညတွင် သူနှင့် အတူအသင်းသားအားလုံးတို့သည် မင်္ဂလာဆောင်နှင်းပွဲသို့တက်ရောက်ခဲ့ကြသည်။ ကျွန်တော်သည်တယောက်နည်းလူတစ်ဦး၏အိမ်တွင် ငိုက်မျဉ်းမည့်အစား။

ထိုမင်္ဂလာဆောင်ပွဲသို့ တက်ရောက်ခဲ့သည်။ ကျွန်တော်နှင့် မထိုက်တန်သော အစားအစာများကို ကျွန်တော်စားသုံး ခွင့်ရရှိခဲ့သည်။ထိုအဖြစ်အပျက်သည် ကျေးဇူးတော်ကို ဖော်ထုတ်ရန် ကောင်းမွန်သောသာဓက တစ်ခုဖြစ်သည်။

သို့သော် ဤပုံပြင်နှင့်ပတ်သက်၍သိကောင်းစရာတွေရှိသေးသည်။

ထိုမင်္ဂလာဆောင်ညစ်ခံပွဲတွင် အသုံးပြုရမည့်ကုန်ကျစရိတ်အားလုံးကို မကြာခင် ကင်ဆာရောဂါဖြင့်သေရတော့မည်ဟု သိရှိခဲ့သော မင်္ဂလာဆောင် သတို့သမီး၏ဖခင်က ပေးခဲ့သည်ကို သင်သိရှိသည်။ ကျွန်ုပ်တို့သည် သူ၏သမီးအတွက်ဖြစ်စေ၊ သမီး၏လင် အတွက်ဖြစ်စေ၊ မိသားစုဝင်အားလုံးနှင့် မိတ်ဆွေများအတွက်ဖြစ်စေ၊ အနည်းဆုံးပြောရလျှင် သူစိမ်းတစ်ဦးအတွက် သေပေးခဲ့သော စားပွဲကြီးကို ကျွန်ုပ်တို့သုံးဆောင်ရင်း။ သူ့အတွက် ဂုဏ်ယူဖွယ် ရိုက်ကူးထားသော ဗီဒီယိုခွေကို ကျွန်ုပ်တို့ကြည့်ခဲ့ကြသည်။ ကျွန်တော်သည် ကျွန်တော်မသိခဲ့ဘူးသောလူတစ်ဦး ပေးလှူခဲ့သော ဆုကို မထိုက်မတန်လည်း ပဲ သုံးဆောင်ခွင့် ရရှိခဲ့သည်။ ထိုအရာသည် ကျေးဇူးတော်ဖြစ်သည်မဟုတ်လော။

ကျေးဇူးတော်သမ္မာတရားတံခါးသို့ဝင်ရောက်သောသူများကို ဖြင်ဆင်ထားသော စားသောက်ပွဲက စောင့်ကြိုနေသည်။ လူအများစုသည် သမ္မာကျမ်းစာက ကျေးဇူးတော်အကြောင်းဖော်ပြထားကြောင်းနှင့် ကျေးဇူးတော်ဟု ဖော်ပြရာတွင် ဆုကျေးဇူးတစ်ခုဖြစ်ကြောင်းကို သိရှိခဲ့ကြသည်။ သို့သော် ကျေးဇူးတော်၏လှပသော အနှစ်သာရများကို ပျောက်ပယ်စေခဲ့သည်။ ၎င်းအပြင်ကျေးဇူးတော်၏အနက် အဓိပ္ပါယ်ကို ရှုပ်ထွေးခဲ့ကြသည်။ ကျေးဇူးတော်၏အနှစ်သာရသည် ထိုသို့လုံးဝမဟုတ်ပေ။တကယ်တန်း ကျတော့ ကျေးဇူးတော်သည် သမ္မာတရားလေးနက်မှုတစ်ခုဖြစ်လျှင် ၎င်းသည် ရိုးရိုးလေး ခံယူဖို့ရန်အတွက်ဖြစ်သည်။

## ကျေးဇူးတော်၏ အနက်အဓိပ္ပါယ်

ကျေးဇူးတော်၏မှုရင်းစကားလုံးကို အနည်းငယ်လေ့လာလျှင် သင်သည် ကျေး ဇူးတော်ကို သိရှိရန် မပေါ်လိမ့်မည်။ အင်္ဂလိပ်ကျမ်းစာအုပ်ဘာသာပြန်ဆို ခြင်းအပေါ်မှုတည်၍ အင်္ဂလိပ်ကျမ်းစာအုပ်ထဲတွင် ကျေးဇူးတော် ဟူသော

စကားလုံးကို အကြိမ် ၁၄၁ တွေ့ရှိနိုင်သည်။[၁] ဓမ္မဟောင်းအင်္ဂလိပ်ကျမ်းစာအုပ်ဘာသာပြန်ဆိုခြင်းထဲတွင် ကျေးဇူးတော် စကားလုံးကို နှစ်ဆယ်ကြိမ်တွေ့ရှိနိုင်သည်။ ၎င်းတို့ကို ဟေဗြဲကျမ်းစာအုပ်၌ရှိသော မူရင်းစကားလုံးမှဘာသာပြန်ဆိုထားခြင်းဖြစ်သည်။ ဓမ္မသစ်ကျမ်းထဲတွင် အကြိမ်ပေါင်း ၁၂၈ တွေ့ရှိနိုင်ပြီး စကားလုံးအများစုသည် ဂရိဘာသာစကားမှ ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။

အင်္ဂလိပ်လူမျိုးများနည်းတူ ဓမ္မဟောင်းကျမ်းစာထဲတွင် ထိုစကား၏သာမန်အသုံးချမှုများကို တွေ့ရှိနိုင်ပါသည်။ အင်္ဂလိပ်လူမျိုးများသည် ကျေးဇူးတော် စကားလုံးကို ထမင်းစားဆုနှင့်၎င်း၊ အလှနှင့်လှပသောအရာများဖော်ပြရာတွင်၎င်း၊ အောင်မြင်မှုတစ်ခုကို ဖော်ပြရာတွင်၎င်း အသုံးပြုသည်။ ဓမ္မဟောင်းကျမ်းထဲတွင် ကျေးဇူးတော် စကားလုံးကို တခါတရံ အလှနှင့်လှပသောအရာ(သို့)ဆွဲဆောင်မှုအရာတစ်ခု ဖော်ပြရာတွင် အသုံးပြုသည်။ သို့သော် ကျေးဇူးတော် စကားလုံးကို ဟေဗြဲဘာသာစကားတွင် "မျက်နှာသာပေးခြင်း" အတွက် အဓိက အသုံးပြုထားပါသည်။ အချို့သောသူများက ဟေဗြဲဘာသာစကားအားဖြင့် ကျေးဇူးတော် ဟုဖော်ပြရာတွင် လူတစ်ဦးသည် ရာထူးအဆင့်အတန်းမြင့်မားလာပြီး မရှိသင်းရဲသားများကို အောက်ကျို့ကာကူညီခြင်းမျိုးတွင် အသုံးပြုထားပါသည်။ သင်းအုပ်ဆရာတပါးပြောသော "အပေါ်သို့တက်သော ချစ်ခြင်းသည် ကိုးကွယ်ခြင်းဖြစ်သည်။ အပြင်သို့ထွက်သော ချစ်ခြင်းသည် ဆွဲဆောင်မှုဖြစ်သည်။ ညွတ်ကိုင်းသော ချစ်ခြင်းသည် ကျေးဇူးတရားဖြစ်သည်။" ဟု ဖော်ပြထားချက်ကို ကျွန်တော်သဘောကျမိသည်။[၂] ကျေးဇူးတော်သည် ကျွန်ုပ်တို့မထိုက်တန်သောအရာများကို မျက်နှာသာပေးခြင်းအားဖြင့် ဘုရားသခင်က ကျွန်ုပ်တို့၏လိုအပ်မှုများကို ဖြည့်ဆည်းပေးခြင်းမျိုးတွင် အသုံးပြုထားပါသည်။

ဓမ္မဟောင်းထဲ၌ဖော်ပြထားသော ရှသဝတ္ထုက ကျေးဇူးတော်၏အနက်အဓိပ္ပါယ်ကို သိရှိနိုင်ရန် မီးမောင်းထိုးပြထားသည်။ အခန်းကြီး ၂ ထဲတွင် ရှုသသည် ဗောဇ ဆိုသည့် ပုဂ္ဂိုလ်တစ်ဦး၏မျက်နှာသာပေးခြင်းကို ရှာဖွေကြောင်း သုံးကြိမ်တိုင်တိုင်ဖော် ပြထားသည်။ (အခန်းငယ် ၂၊ ၁၀၊ ၁၃)။ ကျေးဇူးတော်၏ အဓိပ္ပါယ်ကို ပို၍နားလည်နိုင်ရန် ကျွန်ုပ်တို့က ရှုသသည် တပါးအမျိုးသားမောဘလူမျိုး

ငတ်မွတ်သောမုဆိုးမဖြစ်ကြောင်း သိရှိရမည်။ သူမသည် ယုဒလူမျိုးလေးဦး၏အချစ်ကို ဆုံးရှုံးသွားခဲ့သည်။ သူမသည် ယောက္ခမ၊ နောမိနှင့်အတူ အစာနှင့်အတူ အညီရှာဖွေရန် ဣသရေလနိုင်ငံသို့ ခရီးထွက် ခဲ့သည်။ ရုသသည် စပါးကျန်များ ကောက်သိမ်းရန် လယ်ကွင်းသို့သွားခဲ့သည်။ သူမသည် အစာရရှိရန် နှင့် ဗောဇ၊ ကြွယ်ဝချမ်းသာသော လယ်ပိုင်ရှင်၏ မျက်နှာသာပေးခြင်းကို ရရှိရန် မျှော်လင့်ချက်ရှိသည်။ ဗောဇက သူမကို အသိအမှတ်ပြုခဲ့ကာ၊ ကောက်လှိုင်းများကို ပေးခဲ့သည်။ သူမကို ကာကွယ်ခဲ့သည်။ သူမလိုအပ်သောအစားအစာနှင့် ရေများကို လည်း ပေးခဲ့သည်။ နောက်ဆုံးတွင် သူမကို သိမ်းပိုက်ခဲ့သည်။ ကြွယ်ဝချမ်းသာသော ဗောဇသည် မိမိကိုယ်ကိုယ် တိမ်းရှောင်ပြီး၊ နုံချာသော ရုသ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။ သို့သော သူ၏ကျေးဇူးသည် အစာအတွက်သာမဟုတ်ဘဲ မေတ္တာ အပြည့်စီးဆင်းသွားသော ကျေးဇူးမျိုးဖြစ်သည်။

*ကျေးဇူးတော်* စကားလုံးကို ဓမ္မသစ်ကျမ်းထဲတွင် ယေဘုယျဖြစ် မျက်သော အခြေအနေအချို့တွင် အသုံးပြုထားသည်။ ဥပမာအားဖြင့်၊ နှုတ်ဆက်စကားပြောခြင်း (သို့) ကောင်းချီးပေးခြင်းတို့တွင် အသုံးပြုသည်။[၇] သို့သော် ပို၍ အရေးကြီးသောအချက် သည် ဓမ္မသစ်ကျမ်းထဲတွင် *ကျေးဇူးတော်* စကားလုံးကို သီအိုလော်ဂျီသမ္မာတရားဖြစ် သော ထာဝရကယ်တင်ခြင်းနှင့် ခရစ်ယာန်အသက်တာများဖော်ပြရာတွင် အသုံးပြုသော စကားလုံးဖြစ်သည်။

ကျွန်ုပ်တို့သည် ဓမ္မသစ်ကျမ်းမှ ကျေးဇူးတော်ကိုနားလည်နိုင်ရန်အကောင်းဆုံး သော စာအုပ်သည် ရောမဩဝါဒစာဖြစ်သည်။ ရောမဩဝါဒစာထဲတွင် *ကျေးဇူးတော်* စကားလုံးကို နှစ်ဆယ့်ရှစ်ကြိမ် တွေ့ရှိနိုင်သည်။ အခြားသောဓမ္မသစ်စာအုပ်ထဲတွင် ဤမျှ လောက် မတွေ့နိုင်ပေ။ ရောမဩဝါဒစာထဲတွင်ကျေးဇူးတော်က ကျွန်ုပ်တို့အား ဘုရားသခင် ထံလက်ခံနိုင်ဘွယ်ရှိရန် မည်သို့လုပ်ဆောင်သည်ကိုရှင်း၊ ဘုရားသခင်ဝမ်းမြောက်ခြင်း ဖြစ်စေသော အသက်တာပိုင်ဆိုင်နိုင်ရန် မည်သို့အကူအညီပေးသည်ကိုရှင်း ဖော်ပြထား သည်။ ၎င်းအပြင် ရောမဩဝါဒစာထဲတွင် ကျေးဇူးတော်၏ရည်ညွှန်းချက်ကိုသိရှိရန် သော့ချက်အချို့တို့ကို လည်းထပ်မံဖော်ပြထားပါသည်။

## အခြေအနေပေါ်မမူတည်၊ အခမဲ့ပေးထားသော ဆုကျေးဇူး

ဓမ္မသစ်ကျမ်းထဲတွင်ဖော်ပြထားသော ''ကျေးဇူးတော်' စကားလုံးသည် ဂရိဘာသာစကားအားဖြင့် *charis* ဟုခေါ်ပါသည်။၎င်း၏အဓိပ္ပါယ်သည် ''အခမဲ့ပေးထားသောဆုကျေးဇူး'' ဖြစ်သည်။ အခမဲ့ဟုဖော်ပြရာတွင် လုံးလုံးလျားလျားမထိုက်တန်ဘဲပေးအပ်သောအရာကို ဆိုလိုသည်။ လူတစ်ဦး၏လုပ်ဆောင်ခြင်း၊ ဆက်ကပ်ခြင်း၊ အနှံ့ပေးခြင်း နှင့် ဂတိပေးခြင်းအားဖြင့် ကျေးဇူးတော်ကို မရရှိနိုင်ပေ။ ထို့ကြောင့် ကျေးဇူးတော်သည် အခြေအနေပေါ်မမူ တည်သော ဆုကျေးဇူးတစ်ခု ဖြစ်သည်။ အခြေအနေပေါ်မမူတည် ဟုဆိုရာတွင် ဘုရားသခင်သည် ကျေးဇူးတော်ကို ချပေးသောအရှင်ဖြစ်သည့်နည်းတူ၊ သူသည် လူတွေအပေါ် သူ၏ကျေးဇူးတော်ကို မချမှီ လူတွေ၏အခြေအနေကို လုံးဝမကြည့်ခြင်းကို ဆိုလိုသည်။ လူတစ်ဦးသည် ကျေးဇူးတော်ကိုရရှိရန် ကြိုးပမ်းအားထုတ်လျှင် ကျေးဇူးတော်သည် ကျေးဇူးတော်မဟုတ် တော့ပေ။ ရောမ ၄း၄ ထဲတွင် ''အကျင့်ရှိသောသူမည်သည်ကား၊ ကျေးဇူးအားဖြင့်အကျိုးကို ခံရသည်မဟုတ်၊ ခံထိုက်သောအားဖြင့်ခံရ၏'' ဟုဖော်ပြထားသည်။

ထို့ကြောင့်ကျေးဇူးတော်သည် အခမဲ့သောဆုလပ်တစ်ခုဖြစ်သည်။ အခြေအနေများပေါ်တွင် မမူတည်ပေ။ ကျွန်ုပ်တို့သည် ကောင်းမှုကုသိုလ်အားဖြင့် ကျေးဇူးတော်ခံရလျှင် ကျေးဇူးတော်မဟုတ်တော့ဘဲ ကြိုးပမ်းလုပ်ဆောင်ခြင်းအားဖြင့် ရရှိသောအခိုးအခဖြစ်ပေသည်။ ကျွန်ုပ်တို့၏ထာဝရကယ်တင်ခြင်းအတွက် ဘုရားသခင်သည်အခိုးအခ လုံးဝမတောင်းဆိုပေ။ သူသည် ထာဝရအသက်ကို ဆုကျေးဇူးတစ်ခုအဖြစ်ပေးအပ်ခဲ့သည်။ သင်သည်တပတ်အတွက် ကြိုးပမ်းမှုအတွက်လုပ်အားခရရှိလာသောအခါ အလုပ်ရှင်ထံသွား၍ ''အုံ့သြဖွယ်ကောင်းသော ကောင်းကြီးအတွက် ကျေးဇူးတင်ပါတယ်။ တကယ်တန်းတော့ ကျွန်ုပ်သည် ဤအရာကို ရရှိရန် မထိုက်တန်ပါ'' ဟု ပြောရမည်လော။ သင်၏စိတ်ထဲတွင် ထိုထက်ပိုများသော လုပ်အားခကို ရရှိသင့်သည်ဟု ခံစားနိုင် ပါသည်။

လုပ်ဆောင်ချက်များနှင့် ကျေးဇူးတော်တို့ကို ရှုပ်ထွေးမှုမဖြစ်ရန်

ရောမကြေငြာ၊ စာ ၁၁း၆ ထဲတွင် ဤသို့ဖော်ပြထားသည်။ ''ကျေးဇူးတော်အားဖြင့်ရှိလျှင်၊ ကိုယ်ကျင့် သောအကျင့်အားဖြင့်မရှိ။ ရှိလျှင်ကျေးဇူးသည် ကျေးဇူးမဟုတ်။ ကိုယ်ကျင့်သောအကျင့် အားဖြင့်ရှိလျှင်၊ ကျေးဇူးအားဖြင့်မရှိ။ ရှိလျှင်ကိုယ်ကျင့်သောအကျင့်သည်အကျင့်မဟုတ်'' ။ကျွန်ုပ်တို့၏လုပ်ဆောင်ချက် (သို့) ဖြစ်သည့်အခြေအနေကြောင့်ရရှိသောအဝိုးအခ (သို့) ထိုက်တန်စွာရရှိခြင်းသည် သမ္မာကျမ်းစာဖော်ပြချက်ဖြစ်သော အခမဲ့ မထိုက်တန်လျက်ပင်ရရှိခြင်း။ အခြေအနေပေါ်မမူတည်ဘဲရရှိခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သွားခဲ့သည်။ လုပ်ဆောင်ခြင်းနှင့် ကျေးဇူးတော်တို့သည် လုံးဝရောထွေး၍ မရနိုင်ပေ။ ထိုအရာနှစ်ခုတို့သည် ဆီနှင့်ရေတို့အတူထားသကဲ့သို့ လုံးဝရောထွေး၍မရနိုင်။

သင်၏အိမ်နီးချင်းတစ်ဦးသည် သင်၏မော်တော်ကားကို သင်ထံမှ မည်သည့် အရာတစ်စုံးတစ်ခုမျှမြော်လင့်ခြင်းမရှိဘဲ အကြင်နာတရားကို ပြသခြင်းအားဖြင့် ရေဆေး ပေးမည်ဟု တွေးကြည့်ပါ။ ထိုကဲ့သို့သော လုပ်ဆောင်ချက်မျိုးသည် ကျေးဇူးတော်လုပ် ဆောင်ချက်တစ်ခုဖြစ်သည်။ သင်သည် ထိုသူအား ဆုလာဒ်အနေဖြင့် လက်ဆောင်တစ်ခု ကို အပြန်အလှန်သဘောဖြင့်ပေးလျှင် ထိုသူသည် ၎င်းလက်ဆောင်ကို ယူသော်လည်း သူ၏ကျေးဇူးတန်းရောမရောက်ပေ။ သို့သော် သင်၏အိမ်နီးချင်းက သင်၏မော်တော်ကား ကို မဆေးမီ အခကြေးငွေ တောင်းခဲ့လျှင် သူ၏လုပ်ဆောင်ချက်သည် ကျေးဇူးမဟုတ် တော့ပေ။ သူသည် သင့်အပေါ်ကျေးဇူးတရားပြခြင်းမဟုတ်ဘဲ၊ လုပ်အားခတောင်းဆို ခြင်းဖြစ်သည်။ အခြေအနေပေါ်တွင် မမူတည်သော ကျေးဇူးသည် လုပ်ငန်း၊ လုပ်အားခ၊ နှင့် ကာတိပေါ်တွင် မမူတည်ပေ။

## ဝိညာဉ်တော်ဆုကျေးဇူးတစ်ခု

ဂရိဘာသာစကားတွင် ဝိညာဉ်တော်ဆုကျေးဇူး *charisma* စကားလုံးကို တခါတရံ ကျေးဇူးတော်သည်လည်း ဆုကျေးဇူးအဖြစ်ဖော်ပြထား သည်။ ထိုစကားလုံး သည် အထက်ကဖော်ပြထားသည့်အတိုင်း *charis* ဟူသော

ဂရိဘာသာစကားမှ ဆင်းသက်လာခဲ့သည်။ ဘုရားသခင်က ခရစ်ယာန်များအား ဝိညာဉ်တော်ဆုကျေးဇူးများကို သာသနာလုပ်ငန်းခွင်တွင် အသုံးချရန် ပေးအပ်ခဲ့သည်။ ဝိညာဉ်ဆုကျေးဇူးများကို လုပ်ဆောင်ခြင်းဖြင့်မဝယ်နိုင်၊ လုပ်ဆောင်မှုအားဖြင့်လည်းမရနိုင်။ ဝိညာဉ်တော်ဆုကျေးဇူးများကို ကောင်းမွန်သောအရာအားလုံးပေးနိုင်သောအရှင်၊ ဘုရားသခင်ထံမှ ရရှိသည်။ ဆုကျေးဇူးနှင့် ကျေးဇူးတော်စကားလုံးတို့သည် ၁ပေ ၄း၁၀ ထဲတွင် ပူးတွဲတင်ပြထားပါသည်။ ''သင်တို့သည်ဆုကျေးဇူး(*charisma*) တော်ကိုအသီးသီးခံရကြသည်နှင့်အညီ၊ ဘုရားသခင် ၏အထူးထူးအပြားပြားသောကျေးဇူးတော် (*charis*)ဘဏ္ဍာစိုးကောင်းကဲ့သို့ အချင်းချင်း ဝေငှပေးကြလော့။''

အဘယ်သူမျှ ဝိညာဉ်တော်ဆုကျေးဇူးများကိုရရှိရန် မထိုက်တန်ပေ။ ကြိုးပမ်းလုပ်ဆောင်မှုအားဖြင့်လည်း ဘုရားသခင်ပေးထားသော ထာဝရအသက်ဆုကျေးဇူးများကိုမရနိုင်ပေ။ကျေးဇူးတော်သည် ဘုရားသခင်၏ အခမဲ့ပေးထားသော ဆုကျေးဇူး ဖြစ်သည်ဟု သိရှိခြင်းသည် ကျေးဇူးတော်ထဲ၌ နစ်ဝင်ခြင်းရှိနိုင်ရန် ပထမခြေလှမ်းဖြစ်သည်။ ဆုကျေးဇူးသည် အခမဲ့ပေးထားသောလက်ဆောင်၊ အခြေအနေပေါ်မမူတည်ဘဲ ပေးထားသောလက်ဆောင်၊ မထိုက်မတန်ဘဲပေးထားသောလက်ဆောင်ဖြစ်သည်ကို ဖော်ပြလိုခြင်းဖြစ်သည်။ အခြားသောအနက်ဖွင့်ဆိုချက်ကိုကြည့်သော် ကျေးဇူးတော်သည် ကယ်တင်ခြင်းနှင့်ပက်သက်၍လူတစ်ဦး၏အမြင်၊ ကယ်တင်ခြင်းလုံးခြုံစိတ်ချမှု၊ ခရစ်ယာန်အသက်တာနှင့် သာသနာလုပ်ငန်းခွင် စသည်တို့တွင် ထိရောက်စွာအကျိုးပြုသည်။ ကြိုးပမ်းမှုဖြင့်ထိုက်ထိုက်တန်တန်ရရှိခြင်း။ ထိုက်တန်သဖြင့်ရရှိခြင်း။ အပိုင်ရရှိရေးအတွက် ဆက်ကပ်ခြင်း။ နှင့် တစ်စုံတစ်ခုရရှိရန် ကြိုးပမ်းအားထုတ်ခြင်းများသည် ကျေးဇူးတော်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ထိုသို့သောအခြေအနေမျိုးတို့တွင် ကျေးဇူးတော်မရှိတော့ပေ။

အခမဲ့ပေးအပ်သောဘုရားသခင်၏ကျေးဇူးတော်ကို ရှင်းလင်းတိကျစွာမသိ သောသူများသည် ဘုရားသခင်နှင့် ဆက်သွယ်ရာတွင်ဖြစ်စေ၊ အခြားသူများနှင့် ဆက်သွယ် ရာတွင် ငြိမ်သက်ခြင်းနှင့် စိတ်ချမ်းသာခြင်းတို့ကို တွေ့ရှိနိုင်မည်မ

ဟုတ်ပေ။ ၎င်းသည် ခက်ထန်သောအရာဖြစ်သည်။ သို့သော်သင်တွေးကြည့်ပါ။ ကျေးဇူးတော်သည် လုပ်ဆောင်မှုမရှိသောအရာ (သို့) ထိုက်တန်၍ရသောအရာဖြစ်လျှင် ကျွန်ုပ်တို့သည် ကျေးဇူးတော်ရရှိရန် မည်သည့်အတိုင်းအတာအထိလုပ်ဆောင်ရမည်ကို၎င်း၊ ကျေးဇူးခံ ထိုက်သောသူဖြစ်ရန် မည်သည့်အချိန်တွင် အကောင်းလုပ်ရမည်ကို၎င်း သိရှိမည်မဟုတ်ပေ။ ဘုရားသခင်နှင့်ဆက်နွယ်ရာတွင်ဖြစ်စေ၊ မိမိကိုယ်ကိုယ် အသက် ရှင်ရာတွင်ဖြစ်စေ၊ အခြားသူများနှင့်ဆက်နွယ်ရာတွင် ဖြစ်စေ ပျော်ရွှင်ခြင်းရရှိရန် ကျေးဇူးတော်ကို အခမဲ့ပေးအပ်ခြင်းဖြစ်သည်ကို သိရှိပါ။ ၎င်းက ဘုရားသခင်သည်သူအခမဲ့ချပေးသောကျေးဇူးအပေါ်အစဉ်ဝပ်မြောက်ခြင်းရှိစေသည်။ အဘယ်ကြောင့်ဆိုသော် အခန်းနှစ်ထဲတွင် ဘုရားသခင်သည်"ကျေးဇူးအားလုံး၏အရှင်"ဖြစ်သည်ကို ကျွန်ုပ်တို့မြင်တွေ့ကြမည်ဖြစ်သည်။

## ပြန်လှန်မေးခွန်းများ

၁။ သမ္မာကျမ်းနှင့်ညီညွတ်သောကျေးဇူးတော်သည်အဘယ်နည်း။

၂။ "အခြေအနေပေါ်မမူတည်ခြင်း" နှင့် ကျေးဇူးတော်တို့၏ဆက်နွယ်မှုကို အကျယ်ချဲ့၍ရှင်းပြပါ။

၃။ ကျေးဇူးတော်နှင့် လုပ်ဆောင်ချက်တို့သည် မည်သို့ဆက်နွယ်သည်ကို ဖော်ပြပါ။

၄။ ကျေးဇူးတော်သည် အခမဲ့သက်သက်ပေးအပ်ခြင်းဖြစ်ကြောင်း နားလည်သိရှိခြင်းသည် အဘယ့်ကြောင့်အရေးကြီးသနည်း။

# အခန်း ၂

## ကျေးဇူးအားလုံး၏အရှင်

ကျေးဇူးတော်သည် မည်သည့်နေရာမှလာသည်ကို၎င်း၊ ၎င်းသည် ဘုရားသခင်၏အကြံအစည်တော်နှင့်အညီ လူသားများအားမည်သို့ဖွင့်ပြထားသည် ကို၎င်း ကျွန်ုပ်တို့ သည်မသိလျှင် ကျေးဇူးတော်ကို နားလည်နိုင်မည်မဟုတ်ပေ။ ကျေးဇူးတော်သည် သမ္မာကျမ်းစာသမိုင်းတွင် မကြာခဏတွေ့ရှိရသော ဆောင်ပုဒ် တစ်ခုဖြစ်သည်။ ယနေ့ကျွန်ုပ်တို့ခံစားရသောကျေးဇူးတော်သည်လည်း လောက သားများအတွက် ဘုရားသခင် အမြဲပြင်ဆင်ပေးထားသော ကျေးဇူးတော်ပဲဖြစ်သည်။ ကျေးဇူးတော်ကို ပြည့်စုံစွာသိရှိနားလည်နိုင်ရန်အတွက် ကျေးဇူးတော်ကို မည်သူ့ အတွက်ဖြစ်သည်ကို သိရှိခြင်းထက် ကျေးဇူးတော်သည် မည်သူ့ထံမှလာခဲ့သည်ကို သိရှိရမည်ဖြစ်သည်။ အတိုချုံး အားဖြင့်ဖော်ပြရလျှင်၊ ကျေးဇူးတော်သည် ဘုရားသခင်၏ထာဝရမေတ္တာ တော်မှလာခြင်းဖြစ်သည်။

သမ္မာကျမ်းစာသည် ဘုရားသခင်၏စရိုက်ကို နည်းလမ်းမျိုးစုံဖြင့် ဖော်ပြ

ထားသည်။ ကျွန်ုပ်တို့အပေါ် အကြီးဆုံးသော ဘုရားသခင်၏စရိုက်သည် သူ၏မေတ္တာတော်ပင်ဖြစ်သည်။ သမ္မာကျမ်းစာက "ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သည်" (၁ယော ၄း၈) ဟု ဖော်ပြထားသည်။ ဘုရားသခင်သည် အဓိကအားဖြင့် သူ၏မေတ္တာတော်ကို သူ၏ကျေးဇူးတော်အားဖြင့် ထင်ရှားစေသည်။ ၎င်းကျေးဇူးတော်သည် ကျွန်ုပ်တို့၏လိုအပ်မှုများကို ဖြည့်ဆည်းပေးထားသည်။ တမန်တော်ရှင်ပေတရုက ဘုရားသခင်ကို "ခပ်သိမ်းသောကျေးဇူးကို ပြုသောဘုရားသခင်" (၁ပေ ၅း၁၀) ဟု ခေါ်သည်။ ၎င်းသည် ဘုရားသခင်၏အခြေခံကျသော စရိုက်တစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် ကျွန်ုပ်တို့ကို ချစ်သည်။ သူသည် ကျွန်ုပ်တို့ထိုက်တန်သည့်အလျောက် မဆက်ဆံပေ။ ဘုရားသခင်သည် ကျွန်ုပ်တို့ နှင့် မထိုက်တန်သောအရာများကိုပင် အခမဲ့ပေးခဲ့သည်။ ဘုရားသခင်၏မြင့်မြတ်သောစရိုက်ကိုသမိုင်းတလျှောက်လူသားများအပေါ်သူ၏ဆက်ဆံမှုပေါ်တွင် ထင်ရှားခဲ့သည်။

## ကျေးဇူးတော်၏သမိုင်း

ပထမအနေဖြင့် လူသားများကိုဖန်ဆင်းခြင်းသည် ကျေးဇူးတော်၏လုပ်ဆောင်ချက်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဖန်ဆင်းခဲ့၍ ကျွန်ုပ်တို့သည် ဘဝအသက်တာကို ပျော်ရွှင်စွာဖြင့် လောကကို အုပ်ချုပ်ရန် တာဝန်ပေးအပ်ခဲ့သည် (ကမ္ဘာ၊ ၁း ၂၆-၂၈)။ အခြားသောစကားအားဖြင့်ဖော်ပြရလျှင် ဘုရားသခင်သည် အသက်ဖြစ် သောကြောင့် ကျွန်ုပ်တို့သည်လည်း သူနှင့်အတူ ပျော်မွေ့ခြင်းရှိရန် ဖန်ဆင်းထားပါသည်။ သို့ရာတွင် ပထမလူသားဖြစ်သော အာဒံသည် စာတန်၏စကားကို နားထောင်၍ ဘုရားသခင်၏စကားကို ငြင်းပယ်ခဲ့သည်။ သူသည် သေခြင်းနှင့် ကြုံတွေ့ခဲ့သည်။ သူမှဆင်းသက်လာသောလူသားအားလုံးသည်လည်း သေခြင်းတရားလမ်းသို့ဦးဆောင်ခဲ့သည်။ သေခြင်းတရားသည် ခန္ဓာကိုယ်ပျက်သုံးခြင်းသာဖြစ်သည်ဟု ကျွန်ုပ်တို့ လွယ်လင့်တကူ မယူဆအပ်ပေ။ သို့သော် သေခြင်းတရားသည် ဘုရားသခင်နှင့်ခွဲခြားခြင်းဖြစ်သည်ဟု သိရှိရမည်။ အာဒံသည် မစားရဟုတားမြစ်ထားသောအပင်၏အသီးကို စားခြင်းအားဖြင့် ဘုရားသခင်၏စကားကို နားမထောင်သောအခါ သူသည် ခန္ဓာကိုယ်အားဖြင့်မသေခဲ့ပေ။ သူသည်

ဘုရားသခင်ထံနှင့် ခွဲခွါရသောကြောင့်ဝိညာဉ်ရေးရာသေခြင်းဖြစ်သည်။[၁]

သမ္မာကျမ်းစာသမိုင်းသည် ဘုရားသခင်က လူသားများရှုံးဆုံးသွားခဲ့သော မူရင်းအခြေအနေနှင့်အသက်တာကို ပြန်လည်ရရှိရန်ကြိုးပမ်းခြင်းသမိုင်းဖြစ်သည်။ အာဒံနှင့် ဧဝတို့သည် အပြစ်ပြုမိခဲ့ကြသောအခါ သူတို့သည် အဝတ်မပါဘဲရှက်ခဲ့ကြသောကြောင့် သူတို့သည် ဘုရားသခင်ထံမှ ပုန်းရှောင်နေခဲ့ကြသည်။ ဘုရားသခင်သည် သူတို့ကို သနား ကြင်နာခဲ့သောကြောင့် သူတို့ကို တိရိစ္ဆာန်အရေခွံဖြင့် ဖုံးအုပ်ကာ သူတို့၏ကိုယ်တုံးလုံး ဖြစ်ခြင်းကို ဖုံးကွယ်ပေးခဲ့သည်။ ဘုရားသခင်သည် စာတန်နှင့် သူ၏သေခြင်းတန်ခိုးကို ဖြိုခွဲမည့် ပုဂ္ဂိုလ်တစ်ဦး၊ မိန်းမအမျိုးမှဆင်းသက်လာသူတစ်ဦးကို ကတိပြုခဲ့သည် (ကမ္ဘာ ၃း၁၅)။ ကယ်တင်ရှင်ကို လက်ခံရန် မည်သူမည်ဝါကမှ မထိုက်တန်ပေ။ ထို့ကြောင့် တနည်းအားဖြင့် ကတိတော်သည် မထိုက်တန်သောသူများအတွက်ဖြစ်သည်။ ဘုရားသခင်၏ကတိတော်ကို ယုံကြည်သောသူများနှင့် ထိုကတိတော်ကို ပြည့်စုံရန်စောင့် ဆိုင်းသောသူများအတွက်သာ ကတိတော်ဟူသမျှပြည့်စုံမည်ဖြစ်သည်။

ဘုရားသခင်သည် အာဗြဟံ ခေါ်သူပုဂ္ဂိုလ်တစ်ဦးကို ရွေးကောက်ခဲ့သည့်အချိန်တွင် သူ၏ကျေးဇူးတော်ကို ပို၍သရုပ်ထင်ရှားလာခဲ့သည်။ အာဗြဟံသည် ဘုရားသခင်၏ကျေးဇူးတော်ကို ထင်ရှားစေသော အသုံးတော်ခံသော အထူးပုဂ္ဂိုလ်တစ်ဦးဖြစ်လာခဲ့သည်။ ဘုရားသခင်သည် အာဗြဟံအားနယ်မြေ၊ ကောင်းကြီးခံစားသောမျိုးဆက်နှင့် လူသားအားလုံးအတွက်ကောင်းချီးမင်္ဂလာဖြစ်မည်ဟု ကတိတော်ပြုခဲ့သည်။ အာဗြဟံသည်အဘယ့်ကြောင့်ယုံကြည်ခြင်းမရှိခဲ့သနည်း။ သူမှာ သားသမီးမထွန်းကားခဲ့ပေ။ သို့သော် သူ့အား ထိုကတိတော်များကို ပြုခဲ့သည့်အချိန်မှစ၍ ကတိတော်သည် ပြည့်စုံခြင်း မရှိသေးသော်လည်း သူသည် သစ္စာရှိ၍ နာခံခြင်းရှိခဲ့သည်။ ထိုကတိတော်သည် သူ့အပေါ်၌ဖြစ်စေ၊ သူ၏သားဣဇက်နှင့် သူ၏မြေးယာကုပ်များအပေါ်တွင် အဆင့်ဆင့်ပြည့်စုံသွားခဲ့သည်။[၂] မျိုးဆက်သစ်သုံးခုများအပေါ် "ငါ ပေးမည်....." ဟူသောစကားကို ကြည့်ခြင်းအားဖြင့် ဘုရားသခင်၏ကတိတော်သည် ပြည့်စုံရန် အာမခံချက်ရှိသည်။ ဘုရား သခင်သည် ကတိတော်ပြည့်စုံဖို့ရန် တစုံတခုလုပ်ဆောင်ခြင်းမျိုးမှရှိလာမည့်

အရာဖြစ်သော "........လျှင် ငါပေးမည်" ဟုမပြောခဲ့ပေ။ ကတိတော်ပြည့်စုံခြင်းသည် ဘုရားသခင်ပေါ်နှင့် သူ၏မြဲမြံသော စရိုက်ပေါ်တွင် မူတည်ထားပါသည်။ ၎င်းသည် လက်ခံ ရရှိရန် မထိုက်တန်သောသူများအပေါ်တွင် အခမဲ့ပေးထားသော ကျေးဇူးတော်ဖြစ်သည်။ ဣဇာက်နှင့် ယာကုပ်တို့၏ လိမ်ညာမှုအခန်းကဏ္ဍထဲတွင် သူတို့၏ အားနည်းချက် များကို တွေ့ရှိနိုင်သည်။[၇] သို့သော် ဘုရားသခင်၏ကတိတော်သည် အန္တရာယ် တစုံတရာမျှမရှိပေ။ ဘုရားသခင်၏ကတိတော်သည် သူ၏သစ္စာရှိခြင်းအပေါ်တွင် မူတည်ခဲ့သည်။ အပြစ်ရှိသောလူသားများ၏သစ္စာရှိခြင်း/မရှိခြင်းအပေါ်တွင် မမူတည်ပေ။

ထို့ကြောင့် အာဗြဟံအားဖြင့် သီးသန့်လူမျိုးဖြစ်သော ယုဒလူမျိုးများအပေါ် ဘုရားသခင်သည် အမှုပြုလာပါသည်။ ဘုရားသခင်သည် အဘယ့်ကြောင့် ယုဒလူမျိုးများကို ရွေးကောက်ခဲ့သနည်း။ သူတို့သည် ဘုရားသခင်၏ကျေးဇူးတော်ကို ခံထိုက်သော သူများဖြစ်သောကြောင့်မဟုတ်ပေ။ သူတို့၏သမိုင်းကို လေ့လာလျှင်သူတို့သည် မကြာခဏ ဘုရားသခင်၏စကားကို ငြင်းပယ်ခဲ့ကြသည်။ ကျွန်ုပ်တို့သည် "ဘုရားသခင်က ဣသရေလလူမျိုးကို ရွေးကောက်ခြင်းသည် မှားယွင်းသည်" ဟုပြောဆိုသောသူများကို သဘောတူနိုင်ပေမည်။ ဘုရားသခင်သည် သူတို့ကိုရွေးကောက်သောအကြောင်းအရာ ပိုင်ဆိုင်ခဲ့သောကြောင့်သူတို့ကို ရွေးကောက်ခြင်းဖြစ်သည်ဟုသာ ကျွန်ုပ်တို့ယူဆနိုင်သည်။

သမ္မာကျမ်းစာသမိုင်းတလျှောက်ကြည့်သော် ဘုရားသခင်၏ကျေးဇူးတော်ကို မကြာခဏတွေ့ရှိနိုင်ပါသည်။ သူ၏ကတိတော်သည် ဒါဝိဒ်မင်းကြီးအပေါ်တွင် ပိုမိုပြည့် စုံလာခဲ့သည်။ ဘုရားသခင်သည် ဒါဝိဒ်မျိုးနွယ်မှဆင်းသက်သော မျိုးစေ့သည် ရာဇပလ္လင်တော်ကို ထာဝရအုပ်စိုးရလိမ့်မည်ဟု ကတိတော်ထားရှိခဲ့သည်။ ကမ္ဘာဦးကျမ်းထဲတွင် ပထမဦးဆုံး မိန့်ဆိုခဲ့ရာကတိတော်သည် ဒါဝိဒ်သည် ရှင်ဘုရင်ဖြစ်လာသည့်အချိန်နှင့် ၎င်းမှကတိတော်အထိဖြစ်သည်ကို ထင်ရှားသည်။[၈] အဘယ့်ကြောင့် ဒါဝိဒ်မင်းကြီးအပေါ် တွင် ပြည့်စုံခဲ့သနည်း။ သူသည် ဘုရားသခင်၏ကျေးဇူးတော်ကို ခံထိုက်သောသူမဟုတ်သောကြောင့်ဖြစ်သည်။ ဒါဝိဒ်၏ဘဝကို အချို့သော အပြစ်တရားများက ဖျက်ဆီးခဲ့သည်။ သို့သော် ဘုရားသခင်၏ကျေးဇူးတော်သည် မထိုက်

တန်သောသူများအတွက်ဖြစ်သောကြောင့် ဘုရားသခင်သည် လူသားများ၏လုပ်ဆောင်ချက်ကို မကြည့်ဘဲ၊ သူ၏သစ္စာစောင့်ထိန်းမှုသည် သူ၏ကိုယ်ပိုင်စရိုက်နှင့် နှုတ်ထွက်စကားပေါ်တွင်သာ မူတည်သည်။

## ယေရှုသည် ကျေးဇူးတော်နှင့်ပြည့်စုံခြင်း

ဘုရားသခင်၏ရွေးနုတ်ခြင်းကျေးဇူးတော်သည် ဒါဝိဒ်မင်းကြီး၏မျိုးဆက် သခင်ယေရှုအားဖြင့်ပြည့်စုံခဲ့သည်။ သူသည် ယုဒလူမျိုးများ၏ရှင်ဘုရင်ဖြစ်လာလိမ့်မည်။ သခင်ယေရှုသည် ဘုရားသခင်ဖြစ်လင့်ကစား၊ သူသည် မိန်းမအမျိုးအားဖြင့် အံ့ဩဖွယ် မွေးဖွားခဲ့သည်။ ဘုရားသခင်သည် ထာဝရကာလမှ လူ့သမိုင်းထဲ သို့ဝင်ရောက်လာခဲ့သည်။ သို့မှသာသူ၏ ကတိတော်သည် ပြည့်စုံလာမည်ဖြစ်သည်။ သခင်ယေရှုကို “ကျေးဇူးတော်နှင့် သစ္စာတော်အားဖြင့် ပြည့်စုံစေသောသူ” (ယောဟန် ၁း၁၄) အဖြစ်ဖော်ပြထားသည်။ သူသည် ဘုရားသခင်၏မျက်နှာသာပေးခြင်းနှင့် မထိုက်တန်သောကျွန်ုပ်တို့ အပေါ်မျက်နှာသာပေးသောသူနှင့် ကျွန်ုပ်တို့ အပေါ်ဘုရားသခင်၏ ကတိတော်များပြည့်စုံကြောင်းထင်ရှားစေသောသူဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ယေရှု နှင့် ထိုက်တန်သောကြောင့်သူသည် ဤလောက သို့ကြွလာခြင်းမဟုတ်ပေ။ တနည်းအားဖြင့် သူသည် အပြစ်ဒုစရိုက်ဖြင့်ပြည့်လျှံသော လောကအမှောင်ထုကြီးထဲသို့ကြွလာခြင်းဖြစ်သည်။ လောကသားများက သူ့ကို ငြင်းပယ်ခဲ့ကြသည်၊ သူ၏လူမျိုး၊ ယုဒလူမျိုးများကသူ့ကို ငြင်းပယ်ခဲ့ကြသည်။ [၅]

သူသည် ဤလောကတွင် အသက်ရှင်စဉ်ခါ လူသားများက ဘုရားသခင်၏ကျေးဇူးတော်ကို သခင်ယေရှုအားဖြင့် မြင်တွေ့ခဲ့ကြသည်။ သူသည် ဘုရားသခင်၏နိုင်ငံတော် အကြောင်းကို ဟောပြောသည့်နည်းတူ၊ ဘုရားသခင်၏ ချစ်ခြင်း ဂရုဏာတော်အကြောင်း ကိုလည်းဟောပြောခဲ့သည်။ သူ၏လုပ်ဆောင်ချက်များက ကျေးဇူးတော်တရားနှင့် သမ္မာ တရားကို ခွန်တွဲကြောင်းထင်ရှားစေခဲ့သည်။ သူသည် ဘုရားသခင်၏သမ္မာတရားပုန်ကန်သောသူများကို ဆုံးမခဲ့သည်။ နာမကျန်းသောသူများကို အနာရောဂါငြိမ်းစေကာ၊ မရှိ ဆင်းရဲသားများကို

ကူညီပေးမခဲ့သည်။ သခင်ယေရှု၏လုပ်ဆောင်ချက်များနှင့် အပြုအမူများသည် သူတပါးအပေါ်တွင် ချစ်ခြင်း၊ သနားကြင်နာခြင်း၊ နှင့် နူးညံ့သိမ်မွေ့ခြင်းအားဖြင့် ထင်ရှားလျက်ရှိသည်။ သမ္မာကျမ်းစာဖော်ပြထားသည့်အတိုင်း သခင်ယေရှုက ကျွန်ုပ်တို့သည် အပြစ်သားဖြစ်သည့်နှင့်အညီခံစားရမည့်သေခြင်းတရားကို ဆောင်ရန် မိမိကိုယ်ကို လက်ဝါးကပ်တိုင်ပေါ်တွင် မိမိရွေးချယ်မှုဖြင့်အသေခံခဲ့သောကြောင့် သူ၏ကျေးဇူးတော်နှင့် သမ္မာတရားသည် အမြင့်မြတ်ဆုံးဖြစ်ကြောင်းထင်ရှားလျက်ရှိသည်။

သခင်ယေရှုသည် ဘုရားသခင်၏ ကျေးဇူးတော်ခံစားရန် ထိုက်တန်ခြင်းမရှိသော လောကအပြစ်သားများအပေါ်တွင် ထင်ရှားစေခဲ့သည်။ ထို့ကြောင့်သမ္မာကျမ်းစာက "လူအပေါင်းတို့ကို ကယ်တင်သောဘုရားသခင်၏ကျေးဇူးတော်သည် ထင်ရှားပေါ် ထွန်းလျက်ရှိ၏"(တိတု ၂း၁၁)ဟုဖော်ပြထားသည်။ လူ့ဇာတိကို ခံယူသောဘုရားသည် ဘုရားသခင်၏ကျေးဇူးတော်ကို ထင်ရှားစေပြီး အပြစ်တ ရားနှင့် သေခြင်းတရားမှကျွန်ုပ်တို့ကို ကယ်တင်ခဲ့သည်။ယေရှုက ကျွန်ုပ်တို့အား ဘုရားသခင်နှင့် ပြန်လည်ဆက်နွယ်စေခဲ့၍ ကျွန်ုပ်တို့ အတွက် သူ၏အကြံအစည် တော်များကို ပြန်လည်ရရှိစေခဲ့သည်။ သခင်ယေရှုသည်အသက်ဘုရားသခင်၏အ သက်ဖြစ်သောကြောင့် သူသည် အပြစ်သားကျွန်ုပ်တို့အတွက် မိမိအသက်ကို စတေးခဲ့သည်။

ထိုသို့ဆိုရာတွင် အပြစ်သားများသည် ဘုရားသခင်၏ကျေးဇူးတော်ကို ခံထိုက်သလော။ လောကသားများအပေါ်ဘုရားသခင်ပြသထားသော သူ၏စရိုက်ကိုကြည့်လျှင် သခင်ယေရှုသည် ထိုက်တန်သောသူများအတွက် မိမိအသက်တာကို မပေးခဲ့ပေ။ (မည်သူကမျှ မထိုက်တန်သောကြောင့် ပေးအပ်ခဲ့ခြင်းဖြစ်သည်။) တကယ်တန်းကျတော့ သူသည် မထိုက်တန်သောသူများ၊ စိတ်ပျက်နှိုးရှာဖွယ်ကောင်းသောသူများအတွက် သူ၏ ဘဝကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။

## ယနေ့ဘဝတွက်ကျေးဇူးတော်

ဘုရားသခင်သည် အပြစ်နွံထဲမှ မည်သို့ကယ်တင်ကြောင်းကိုပြောသောအခါ *ကျေးဇူးတော်အားဖြင့်သာလျှင်* ဟူသောစကားကလွဲ၍ ထုတ်ဖော်ပြောဆိုနိုင်

သောအခြားစကား၊ မရှိပေ။ ကျွန်ုပ်တို့၏အကောင်းဆုံးသော ကြိုးပမ်းအားထုတ်ခြင်းသည် မလုံလောက်ပေ။ ဘုရားသခင်၏အသက်တာသည် ထာဝရအသက်အတွက်ဖြစ်စေ၊ ကျွန်ုပ်တို့၏အပြစ်တရားမှလွတ်ငြိမ်းချမ်းသာခွင့်ရရှိရန်အတွက်ဖြစ်စေ လုံလောက်သည်။ ကယ်တင်ခြင်းရရှိရန်အတွက် ဘုရားသခင်သည် ဆက်ကပ်ခြင်း (သို့) ကတိပြုခြင်းစသည်တို့ကို မကြိုက်ပေ။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့လုပ်ဆောင်သောအကောင်းဆုံးဆက်ကပ်ခြင်းပင်လျှင် နောက်ဆုံးတွင် မှားယွင်းမှုများနှင့် ချို့ချွတ်တတ်သောကြောင့်ဖြစ်သည်။ ကယ်တင်ခြင်းသည် ဘုရားသခင်အပေါ် *ကျွန်ုပ်တို့အတွက်သူ၏စရိုက်၊ သူ၏ကတိတော်၊ သူ၏လုပ်ဆောင်ချက်၊ သူ၏ဆက်ကပ်မှုအပေါ်၌သာ လုံးဝမှီခိုထားသည်။*

သမ္မာကျမ်းစာပုံပြင်ထဲရှိ လူသားများ၏သမိုင်းသည်ကောင်းမြတ်သောဘုရားသခင်၏ အခမဲ့လက်ဆောင်အဖြစ်ပေးအပ်ခဲ့သော ကယ်တင်ခြင်းအကြောင်းတရားဖြစ်သည်။ သမ္မာကျမ်းစာထဲတွင် ကယ်တင်ခြင်းသည် ဘုရားသခင်၏ကျေးဇူးတော်ဖြစ်ကြောင်းကို ဖော်ပြထားသည်။ ထိုသို့ဖော်ပြချက်သည်လည်းမှန်ကန်မှုရှိသည်။ ယနေ့၌လည်း ကျွန်ုပ်တို့သည် ကယ်တင်ခြင်းရရှိနိုင်ရန် ဘုရားသခင်၏ကျေးဇူးတော်လိုအပ်လျက်ရှိသည်။ ထိုသို့သောဖော်ပြချက်သည် မှန်ကန်သော်လည်း သင်သည် ထိုအရာကို မယုံကြည်လျှင် သင်သည် ကျေးဇူးတော်နှင့်ဘုရားသခင်၏အသက်တာပျော်မွေ့ခြင်းကိုခံစားရလိမ့်မည် မဟုတ်ပေ။

ယခုသင်သည် ဤသို့တွေးတောနိုင်ပေသည်။ ဘုရားသခင်သည်မတရားသောဘုရားဖြစ်သည်မဟုတ်လော။ သူ၏ဖြောင့်မတ်ခြင်းတရားကြောင့် အပြစ်သားများသည် အပြစ်တရားစီရင်ခြင်းခံရကြမည်လော။ အဖြေသည် သခင်ယေရှုခရစ်တော်ပြုခဲ့သော အမှုသည် ကျွန်ုပ်တို့အပေါ်ဘုရားသခင်၏တရားစီရင်မှုများကို ကျေးအေးစေခဲ့သည် ဟူ၍ဖြစ်သည်။

# ပြန်လှန်မေးခွန်းများ

၁။ ဘုရားသခင်၏မေတ္တာတော်နှင့် သူ၏ကျေးဇူးတော်ကို သင်မည်သို့ဆက်နွယ်နိုင်မည်နည်း။ သူ၏တရားစီရင်ခြင်းနှင့်သူ၏ကျေးဇူးတော်တို့ဆက်နွယ်မှုရှိကြောင်း သင်မည်သို့ နားလည်နိုင်မည်နည်း။

၂။ ယုဒလူမျိုးများသမိုင်းအကြောင်းတွင် ဘုရားသခင်၏ကျေးဇူးတော်ကို မည်သို့သက်သေခံကြောင်းကို ဖော်ပြပါ။

၃။ အဘယ်ကြောင့်သခင်ယေရှုကို "ကျေးဇူးတော်နှင့်သမ္မာတရားနှင့်ကြွယ်ဝသူ" အဖြစ်ဖော်ပြထားခဲ့သနည်း။

၄။ သမ္မာကျမ်းစာသမိုင်းနှင့်သင်၏ထာဝရအသက်တာလျှောက်တွင် ဘုရားသခင်၏ကောင်းမြတ်ခြင်းကျွတာမှုကို သင်မည်သို့မြင်တွေ့နိုင်သနည်း။

# ၉ အခန်း

## အံ့ဩဖွယ်ကောင်းသော ကျေးဇူးတော်

ကျေးဇူးတော်သည် အချို့သောသူများအတွက် သူတို့၏မျှော်လင့်ချက်အတိုင်းမဟုတ်သောကြောင့် လက်ခံရန်အတွက်ဖြစ်စေ၊ သိရှိနားလည်ရန်အတွက်ဖြစ်စေ အလွန်ခဲယဉ်းသည်။

ကျွန်ုပ်တို့သည် မိမိအပြစ်တရားကြောင့် ဘုရားသခင်၏တရားစီရင်ခြင်းကို ခံထိုက်ကြောင်းသိရှိခဲ့ကြသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဂရုဏာတော်ကို ရရှိရန် မျှော်လင့်ချက်ရှိသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့် ထိုက်တန်သောအရာများကို ကျွန်ုပ်တို့အားပေးအပ် လိမ့်မည်မဟုတ်ပေ။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ကျေးဇူးတော်အလွန် အံ့ဩတတ်ကြသည်။ ဘုရားသခင်ကကျွန်ုပ်တို့နှင့် မထိုက်တန်သော ကောင်းကြီးမင်္ဂလာများကို ချပေးခဲ့သည်။

လွန်ခဲ့သော နှစ်အနည်းငယ်ခန့်တွင် ကျွန်တော်သည်သူငယ်ချင်းတစ်ယောက် နှင့် စားသောက်ဆိုင်တစ်ခုတွင် နေ့လယ်စာသုံးဆောင်ခဲ့ကြသည်။ နေ့လယ်စာစားသုံးခဲ့ပြီးနောက် ကျွန်တော်သည် အိမ်သာသွားခဲ့သည်။ ကျွန်တော်သည် အိမ်သာမှထွက်လာသောအခါ ထမင်းဖိုးမရှင်းဘဲ ကားထဲသို့ အလျင်အမြန်

တက်ခဲ့သည်။ လေးဇါလုံခန့်မောင်းနှင်ခဲ့ပြီးနောက် ကျွန်တော်သည် စိတ်မလုံမလဲဖြစ်နေသောကြောင့် ကျွန်တော် ပြန်လှည့်ခဲ့သည်။ ကျွန်တော်သည် တံခါးသောက်ဆိုင်ထဲသို့ဝင်ရောက်သောအခါ ကျွန်တော့်ကို တရားစီရင်လိမ့်မည်ဟု ကျွန်တော်ယုံကြည်ခဲ့သည်။ဝန်ထမ်းများသည် ရဲများကို ခေါ်လိမ့်မည် (သို့) သူတို့သည် အလွန်အမင်းဒေါသထွက်ကြမည်ကို ကျွန်တော်မျှော်လင့်ခဲ့သည်။ သူတို့က ကျွန်တော့်ပေါ်တွင် ဂရုဏာတရားပြသပြီးကျွန်ုပ်၏ဝန်ချတောင်းပန်မှုကို လက်ခံ၍ ကျွန်တော်ကို ပိုက်ဆံရှင်းခွင့်ပေးလိမ့် မည်ဟု ကျွန်တော်မျှော်လင့်သည်။ သို့သော် ကျေးဇူးတရားက ကျွန်ုပ်ကို အံ့အားသင့်စေသည်။ ကျွန်ုပ်၏သူငယ်ချင်းသည် ကျွန်တော်မထွက်သွားခင် ကျွန်ုပ်၏နေ့လယ်စာအတွက် ပိုက်ဆံရှင်းပြီးခဲ့သည်ဟု သူတို့က ကျွန်ုပ်အားပြောခဲ့ကြသည်။

သခင်ယေရှု၏ ဘေးနှစ်ဘက်တွင် ရာဇဝတ်သားနှစ်ယောက်တို့သည် ဆွဲချိတ် ခြင်းခံခဲ့ကြသည်။ ပထမသူက သူသည် အပြစ်ရှိသည်ကို မသိခဲ့ပေ။ နောက်တစ်ယောက်က မိမိနှင့်ထိုက်တန်သော တရားစီရင်ခြင်းကို ခံရလိမ့်မည်ဟု မျှော်လင့်ခဲ့သည်။ သူက “ကျွန်ုပ်တို့သည် ကျွန်ုပ်တို့နှင့်ထိုက်တန်သောအပြစ်ဒဏ်ကို ခံကြသည်” ဟု ပြောခဲ့သည်။ သူသည် ဂရုဏာတရားကို မျှော်လင့်ချက်ရှိသည်။ သူသည် သခင်ယေရှု၏မျက်နှာသာပေးခြင်းကို ခံစားလိုခဲ့သည်။ ထို့ကြောင့်သူက “ကိုယ်တော်၊ ကိုယ်တော်သည် နိုင်ငံတော်သို့ဝင် ရောက်သောအခါ သတိရအောက်မေ့တော်မူပါ” ဟုတောင်းလျှောက်ခဲ့သည်။ သို့သော် သူ့ကို သခင်ယေရှုက “ယနေ့သင်သည်ငါနှင့်အတူ ပါရဒိသုဘုံ၌ အတူရှိတော်မူ၏”ᐣ ဟု ပြောခဲ့သောကြောင့် ကျေးဇူးတော်တရားက သူ့ကို အံ့ဩစေခဲ့သည်။

ကျွန်ုပ်တို့သည် လောကရှုထောင့်မှကြည့်လျှင် တရားစီရင်ခြင်းခံထိုက်သော သူများဖြစ်ကြသည်။ ဥပဒေချိုးဖောက်သောသူများကို အပြစ်ဒဏ်ပေးခဲ့သည်။ မိမိလုပ်ဆောင်ချက်အတိုင်း အကျိုးကို ခံရကြသည်။ ကျွန်ုပ်တို့သည် မိမိနှင့် ထိုက်တန်သောအရာကို ရရှိခံစားရန် မျှော်လင့်ကြသည်။ ကျွန်ုပ်တို့သည် မိမိထိုက်တန်သောအရာများထက်ပို၍ကောင်းမွန်သောအရာများကိုရရှိသောအခါကျွန်ုပ်တို့သည်

အလွန်ကောင်းသော အရာဖြစ်ပျက်လိမ့်မည်လားဟု တွေးတောတတ်ကြသည်။ ကျွန်ုပ်တို့သည် ၎င်းကိုအစစ် အမှန်ဖြစ်လာသည်ဟုသိရှိသောအခါ အလွန်အံ့ဩတတ်ကြသည်။

## ကျွန်ုပ်တို့သည် ဘုရားသခင်၏ကျေးဇူးတော်လိုအပ်ခြင်းအကြောင်း

ကျွန်ုပ်တို့အားလုံးသည် အပြစ်ပြုခဲ့ကြ၍ဥပဒေအရတရားစီရင်ခြင်းကို ခံထိုက် သောသူများဖြစ်ကြသောကြောင့် ဘုရားသခင်၏ကျေးဇူးတော်ကို လိုအပ် နေကြခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ယခုဘဝနှင့် နောင်ဘဝတွင် ဘုရားသခင်နှင့် အမြဲခွဲခွာနေမည်သူများဖြစ်ကြသည်။သမ္မာကျမ်းစာက ထိုအကြောင်းနှင့် ပတ်သက်၍ တိကျ ရှင်းလင်းစွာဖော်ပြထားသည်။ "အဘယ်ကြောင့်နည်းဟူမူကား၊ လူအပေါင်း တို့သည် ဒုစရိုက်ကို ပြု၍ဘုရားသခင်ရှေ့တော်၌ အသရေပျက်ကြပြီ" (ရောမ ၃း၂၃)။

လူတိုင်းသည် ဘုရားသခင်၏ ပြီးပြည့်စုံခြင်းစံချိန်ကို မမှီနိုင်ကြပေ။ ကျွန်ုပ် တို့အားလုံးသည် အပြစ်မှဘုရားသခင်၏ခွင့်လွှတ်ခြင်းတရားနှင့် ဘုရားသခင်ပေး အပ်သော ထာဝရအသက်ကို ရယူကြရန် လိုအပ်လျက်ရှိသည်။ သို့သော် ကျွန်ုပ်တို့ ၏အပြစ်သည် အလွန်ကြီးမားသောကြောင့် ကျွန်ုပ်တို့ပြုသော ကောင်းမှုကုသိုလ်များ အားဖြင့် အပြစ် လွှတ်ငြိမ်းချမ်းသာမရနိုင်ကြပေ။ "ထိုသို့ပညတ်တရားသည် ဒုစရိုက် အပြစ်ကို ထင်ရှားစေသည်ဖြစ်သောကြောင့် ပညတ်တရား၏အကျင့်အားဖြင့် ဘုရား သခင့် ရှေ့တော်၌အဘယ်သူမျှ ဖြောင့်မတ်ရာသို့မရောက်ရာ" (ရောမ ၃း၂၀)။ အခြားစကားအားဖြင့်ဖော်ပြရလျှင် ဓမ္မဟောင်းကျမ်းစာထဲ၌တောင်းဆိုသော ပညတ် တော်အတိုင်းကျင့်ခြင်း (သို့) အခြားသော စည်းကမ်းချက်များ၊ လိုက်နာခြင်းအားဖြင့် ဘုရားသခင်အမျက်တော်မပြေနိုင်ပေ။

ဖြောင့်မတ်ခြင်း၏အဓိပ္ပါယ်သည် ဥပဒေအရ ဘုရားသခင်အမျက် တော်ပြေ စေခြင်း။ အဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်ကြောင်းကို ကြေငြာ ခြင်း

ဖြစ်သည်။ ဘုရားသခင်သည် အကြီးဆုံးသော တရားသူကြီးဖြစ်သောကြောင့် သူ၏ တရားရုံးတွင် လူတစ်ဦးသည် ဖြောင့်မတ်ကြောင်း သူ၏ရှေ့မှောက်တွင် ကြေးကြော်နိုင်ရန် တန်ခိုးသူမှာရှိသည်။ ဘုရားသခင်သည် လူတစ်ဦးကို ဖြောင့်မတ်သည်ဟု ကြေးကြော် သောအခါ ထိုပုဂ္ဂိုလ်သည် မိမိကျင့်ကြံပြုမူသမျှသောအရာအားလုံး၌ ဖြောင့်မတ်သောသူ များသည်ကို မဆိုလိုခဲ့ပေ။ ထိုပုဂ္ဂိုလ်သည် ဘုရားသခင့်ရှေ့တွင် ဥပဒေအရ ဖြောင့်မတ်သောသူအဖြစ် ချက်ချင်း လက်ခံခြင်းသာဖြစ်သည်။ အခြားသော စကားအားဖြင့်ဆိုရလျှင် ဘုရားသခင်သည် တရားသူကြီးဖြစ်သောကြောင့် သူက အပြစ်တရားစီရင်ခြင်းဖြစ် သောသေခြင်းတရားကို ပယ်ဖျက်ခဲ့သည်။ ထိုသူသည် သခင်ယေရှုခရစ်တော်၏ "အသိအမှတ်ပြုခြင်း" (သို့) ဖြောင့်မတ်ခြင်း၊ တန်ဘိုးထားခြင်း၊ စသည်တို့ကိုခံရခဲ့ကြောင့် ဘုရားသခင့်ရှေ့တော်၌ လက်ခံဖွယ်သောသူ ဖြစ်ခဲ့ရသည်။ ယခုအပြစ်တရားထဲ၌အသေသေသောသူများသည် ထာဝရအသက်ရရှိခဲ့ပြီ။ ဘုရားသခင်နှင့် အသင့်သောဆက်နွယ်ခြင်းကို အစပြုသည်။

ဘုရားသခင်၏စံချိန်သည် အလွန်မြင့်မား၍ ကျွန်ုပ်တို့၏ကြိုးပမ်းအားထုတ်မှုသည် အလွန်နိမ့်သောကြောင့် ကျွန်ုပ်တို့သည် ကျေးဇူးတော်ကို လိုအပ်နေကြခြင်းဖြစ်သည်။ သူ၏စံချိန်သည် သူ၏ကိုယ်ပိုင်ပြည့်စုံသောဖြောင့်မတ်ခြင်းတရားပင်ဖြစ်သည်။ ထိုပြည့်စုံသော ဖြောင့်မတ်ခြင်းတရားသည် ဓမ္မဟောင်းထဲ၌ဖော်ပြထားသော ပညတ်တော်ထဲတွင် တွေ့ရှိနိုင်သည်။ ထိုပညတ်တော်များကို ပညတ်တော်ဆယ်ပါးတွင် တွေ့ရှိနိုင်သည်။

- ငါမှတပါးအခြားသောဘုရားကိုမကိုးကွယ်နှင့်။
- ရုပ်တုဆင်းတုကို ကိုယ်အဘို့မလုပ်နှင့်။
- ဘုရားသခင်ထာဝရဘုရား၏နာမတော်ကို မုသာနှင့်ဆိုင်၍မမြွက်မဆိုနှင့်။
- ဥပုသ်နေ့ကို သန့်ရှင်းစေလော့။
- သင်၏မိဘကို ရိုသေစွာပြုလော့။
- လူအသက်ကို မသတ်နှင့်။
- သူ့မယားကို မပြစ်မှားနှင့်။

- သူ့ဥစ္စာကို မခိုးနှင့်။
- မမှန်သောသက်သေကို မခံနှင့်။
- တပ်မက်လိုချင်သောစိတ်မရှိနှင့်။

လူတိုင်းသည် အနည်းဆုံးပညတ်တော်ဆယ်ခုထဲမှ တစ်ခုကို ချိုးဖောက်ခဲ့သည် (မုသာမပြောသောသူရှိသလော)။ သို့သော်သခင်ယေရှုမိန့်တော်မူသောနည်းလမ်းအတိုင်း ကျွန်ုပ်တို့ဘာသာပြန်ဆိုလျှင် ကျွန်ုပ်တို့သည် မိမိယူဆချက်ထက်အပြစ်ပြုခဲ့ကြသည်ကို ကျွန်ုပ်တို့တွေ့ရှိနိုင်သည်။ ဥပမာအားဖြင့်ကျွန်ုပ်တို့သည် လူ့အသက်ကို လုံးဝသတ်ဖြတ်ဘူးမည်မဟုတ်ပေ။ သို့သော် သခင်ယေရှုက "လူ့အသက်ကို မသတ်ရ။ သတ်သောသူသည် ရုံး၌တရားစီရင်ခြင်းကို ခံထိုက်ပေ၏ ဟူသောရှေးပညတ်စကားကို သင်တို့သည် ကြားရကြပြီ။ ငါပညတ်သည်ကား။ ညီအစ်ကိုကို အထောက်မတန်အမျက်ထွက်သောသူသည် ရုံး၌အပြစ်စီရင်ခြင်းကို ခံထိုက်ပေ၏။ ညီအစ်ကိုကို ကဲ့ရဲ့သောသူသည် လွှတ်တော် ၌ တရားစီရင်ခြင်းကို ခံထိုက်ပေ၏။ ညီအစ်ကိုကို ကျိန်ဆဲသောသူသည် ဂေဟန္နာအရပ်၌တရားစီရင်ခြင်းကို ခံထိုက်ပေ၏" (မဿဲ ၅း ၂၁-၂၂) ဟုမိန့်တော်မူသည်။

ဤစံချိန်တိုင်းတာမှုကို ကြည့်လျှင် ကျွန်ုပ်တို့သည် မည်သူ့ကိုမှ မသတ်ဖြတ်ခဲ့ ဘူးကြသော်လည်း၊ လူတစ်ဦးကို မတော်မတန် အမျက်ထွက်လျှင် လူ့အသက်ကိုသတ်ဖြတ် ခြင်းပင်ဖြစ်သည်ကို ဖော်ပြလိုသည်။ ထိုနည်းတူ သင်သည် မည်သူနှင့်မျှ ကာမဆက်ဆံရာတွင် လွန်ကျူးခြင်းမရှိခဲ့သော်လည်း၊ မိန်းမအနိုင်ကျင့်ခြင်းနှင့်ပတ်သက်၍ သခင်ယေရှုက ဤသို့အနက်ဖွင့်ဆိုထားပါသည်။ "သူ့မယားကို မပြစ်မှားရ ဟူသောစကားကို သင်တို့သည် ကြားရကြပြီ။ ငါပညတ်သည်ကား။ ကိလေသာစိတ်နှင့် သူ့မယားကို ကြည့်ရှုသော သူသည် စိတ်နှလုံးထဲ၌ ထိုမိန်းမနှင့်ပြစ်မှားပြီ" (မဿဲ ၅း ၂၇-၂၈)။ တဖန် သခင်ယေရှု သွန်သင်ချက်အရ လူတစ်ဦးသည် အပြင်ပန်းသဏ္ဍာန်အားဖြင့် အပြစ်မပြုခဲ့ဘူးသော်လည်း၊ စိတ်ထဲ၌ စဉ်းစားတွေးခေါ်ခြင်းအားဖြင့်အပြစ်ပြုနိုင်ပါသည်။

ကျွန်ုပ်တို့သည် ဖြောင့်မတ်ခြင်းကို ဘုရားသခင်၏စံချိန်အရ အနက်ဖွင့်

ဆိုလျှင် ၎င်းသည် လက်တွေ့လုပ်ဆောင်ချက်တစ်ခုတည်းသာမဟုတ်၊ စိတ်ပိုင်းဆိုင်ရာတွေးခေါ်မှု များလည်းပါဝင်ကြောင်း တွေ့ရှိနိုင်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ပညတ်တော်ဆယ်ပါးကို ချိုးဖောက်ကြကြောင်း ဝန်ခံဖို့ရန်အတွက်သာ လိုအပ်ပေမည်။ ဘုရားသခင်၏စံ ချိန်စံညွှန်းသည် အလွန်မြင့်မားလျက်ရှိသည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ စံချိန်စံညွှန်းသည် အလွန်မြင့်မားသည်ဟု သိရှိသောအခါ ကျွန်ုပ်တို့၏အကောင်းဆုံးသော ကြိုးပမ်းအားထုတ်မှုသည် အလွန်နိမ့်သေးကြောင်းကို တွေ့ရှိနိုင်ပါသည်။ ပထမအနေဖြင့် ကျွန်ုပ်တို့ပေးဆပ်ရမည့်အကြွေးသည် အလွန်ကြီးမားသည်။ "လူသားအားလုံးသည် အပြစ်ပြုခဲ့ကြသည်။" အပြစ်ဟူသည် ဘုရား၊ သခင်၏ပြည့်စုံခြင်းကို အသရေပျက်အောင်ပြုခြင်း (သို့) သူ၏ပညတ်တော်များကို ချိုးဖောက်ခြင်းဖြစ်သည်။ ထို့ကြောင့် ရုံး၌ တရားစီရင်ခြင်းခံကြရမည်ဖြစ်သည်။ အပြစ်တရား၏အခသည် သေခြင်းတရားဖြစ်သည်။ (သို့) ဘုရားသခင်နှင့် ခွဲခွါခြင်းဖြစ်သည်။ သို့သော် ကောင်းမှုကုသိုလ်များပြုခြင်းအားဖြင့် အပြစ်ကြွေးများကို မပေးဆပ်နိုင်ပေ။ ကျွန်ုပ်တို့သည် လုပ်ဆောင်မှုအားဖြင့်ပေးဆပ်ရန် ကြိုးပမ်းအားထုတ်ခြင်းသည် ဘုရားသခင်၏သန့်ရှင်းခြင်းပါရမီကို စော်ကားခြင်းဖြစ်သည်။ ဘုရားသခင်၏ တိုင်းတာ၍မရသော ပြည့်စုံခြင်းစံချိန်စံညွှန်းသည် ကျွန်ုပ်တို့၏ တိုတောင်းသောသနားကြင်နာမှုအပေါ်ပေးဆပ် ခြင်းအားဖြင့်သာ ပြည့်စုံစေနိုင်မည်ဖြစ်သည်။ လူသားများသည် အပြစ်ပြုလေလေ၊ ဘုရားသခင်၏ဂုဏ်ကို စော်ကားမော်ကားပြုလေလေဖြစ်သွားသည်။

ထို့ပြင်ကျွန်ုပ်တို့လုပ်ဆောင်သော ကောင်းမှုကုသိုလ်သည် စက်ဆုပ်ရွံရှာဖွယ်ကောင်းသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် "ကောင်းသောအကျင့်ကို ကျင့်သောသူမရှိ။ တစ်ယောက်မျှမရှိ" (ရောမ ၃း၁၂) ဟု ဖတ်ခဲ့သည်။ ကျွန်ုပ်တို့သည် လူတွေက၊ ခရစ်ယာန် မဟုတ်သောသူများအပါအဝင်၊ သူတို့အိမ်နီးနားချင်းများကို ကူညီခြင်း၊ ချစ်ခြင်းမေတ္တာ ပြသခြင်း၊ ဆေးရုံများတည်ဆောက်ပေးခြင်း၊ တိရစ္ဆာန်များ အပေါ်တွင် သနားကြင်နာမှုကို ပြသခြင်း စသော ကောင်းသောအကျင့်ကို ပြုနေကြသည်ဟုမြင်တွေ့သောကြောင့် ဤဖော်ပြချက်ကို ရှုပ်တပြတ်စဉ်းစားလျှင် မှားယွင်း

သောဖော်ပြချက်ဖြစ်သည်ဟု ယူဆနိုင်ပါသည်။ သို့သော် သူပုန်တစ်ဦး၏ ကောင်းသောအကျင့်သည် ဘုရားသခင်၏မျက်စိ အောက်တွင်လုံးဝမကောင်းပေ။ အခြားသောစကားအားဖြင့်ဖော်ပြရလျှင် တစုံတယောက် သောသူက ဘုရားသခင်၏ ဆုကျေးဇူးဖြစ်သော သခင်ယေရှုကို ငြင်းပယ်လျှင် ဘုရားသခင်၏ မျက်နှာသာပေး ခြင်းကို ဘယ်တော့မှ ရလိမ့်မည်မဟုတ်ပေ။ သူ၏တန်ဖိုးသည်လည်း ဘာမျှရှိလိမ့် မည်မဟုတ်ပေ။ ဆိုးရွားခြင်းသက်သက်သာ အဖတ်တင်ပါလိမ့်မည်။ မိခင်တစ် ဦးက မိမိသားငယ်တစ်ဦးအား သူ၏အခန်းထဲသို့သွားတ်၍အခန်းသန့်ရှင်းသည်အထိအခန်း ထဲမှာပဲနေပါဟုပြောပြသည်ဆိုကြပါစို့။သို့သော်သူသည် သူ၏အခန်းကို သန့်ရှင်းရေး မလုပ်ဘဲ ပြတင်းပေါက်မှ တိတ်တခိုး ဆင်းခဲ့ကား၊ သူ့မိခင်၏ကားကို ရေဆေး ပေးသည်။ ထိုလုပ်ဆောင်ချက်သည် ကောင်းပါမည်လော။ ကျွန်ုပ်တို့သည် နာခံမှုမရှိ သောလုပ်ဆောင် ချက်နှင့် ပုန်ကန်မှုရှိသောလုပ်ဆောင်ချက်များသည် မကောင်းပေ။

ထို့ပြင် ကျွန်ုပ်တို့၏အကောင်းဆုံးသောကြိုးပမ်းအားထုတ်မှုသည် မကောင်း သေးပေ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏စိတ်နေသဘောထားသည် မကောင်းသောကြောင့်ဖြစ်သည်။ တခါတရံ ကျွန်ုပ်တို့သည် ကောင်း ဟူသောစကား လုံးကို နှိုင်းယှဉ်မှုများတွင် အသုံးပြုတတ်ကြသည်။ ကျွန်ုပ်တို့မြင်တွေ့သော လူတစ်ဦး သည် ကျွန်ုပ်တို့သိရှိသော အခြားသောသူများထက်ပို၍ကောင်းလျှင် ထိုသူသည် ကောင်းသည်ဟု ပြောတတ်ကြသည်။ ထိုသူသည် မပြည့်စုံသေးပေ။ သို့သော်ထို သူသည် အခြားသူများထက်ပို၍ ကောင်းမွန်သောကြောင့်ဖြစ်သည်။ သို့သော် ဘုရားသခင်နှင့်ပတ်သက်သော ကောင်းမြတ်မှုကို ကျွန်ုပ်တို့ပြောဆိုသောအခါ ဘုရားသခင်၏ ပြီးပြည့်စုံသော ကောင်းမြတ်ခြင်းများကို ဖော်ပြလိုခြင်းဖြစ်သည်။ သမ္မာကျမ်းစာက မိမိကိုယ်ကို ကောင်းသည်ဟု ထင်မှတ် သော လူငယ်တစ်ဦးအ ကြောင်းကို ဖော်ပြထားသည်။ သူက သခင်ယေရှုကို "ကောင်းသောဆရာ" ဟုခေါ်သည်။ သခင်ယေရှုဖြေကြားခြင်းသည် မြတ်သားရှင်းလင်းသည်။ "ငါ့ကို ကောင်းမြတ်သည်ဟု အဘယ်ကြောင့်ခေါ်သနည်း။ ဘုရားသခင်တပါးတည်းသာ ကောင်း မြတ်တော်မူ၏"(မဿဲ ၁၉း၁၇)။

ဤလူငယ်သည် အခြားသူများနှင့် နှိုင်းယှဉ်သောအခါ သူသည် လူအများစု ထက်ပို၍ကောင်းမွန်သည်။ သခင်ယေရှုက ဘုရားသခင်သည်သာလျှင်ကောင်း မြတ်သည်ဟု သူ့အား ရှင်းလင်းပြတ်သားစွာ ပြောကြားခဲ့သည်။ ထို့ပြင် သခင်ယေရှုက ဘုရားသခင်၏ကောင်းမြတ်ခြင်းနှင့် လူသားတို့ကောင်းမြတ်ခြင်းသည် တိုင်းတာ၍ မရကြောင်းပြော ကြားခဲ့သည်။ ထို့ကြောင့် ရောမ ၃း၁၂ ထဲတွင် ဖြောင့်မတ်သောသူ တစ်ယောက်မျှမရှိ ဟု ဖော်ပြထားခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် လူအများရှေ့ မှောက်တွင် ကောင်းသောအ ရာနှင့် ဖြောင့်မတ်သောအရာများလုပ်ဆောင်နိုင်ပေ သည်။ သို့သော် ကျွန်ုပ်တို့သည် မကောင်းကြပေ။ ဘုရားသခင်ကဲ့သို့ဖြောင့်မတ်ခြင်း မရှိနိုင်ကြပေ။

ကျွန်ုပ်တို့၏အပြစ်တရား၏နောက်ဆုံးရလဒ်သည်ရောမ ၃း၁၉-၂၀ ထဲတွင် တိကျစွာ ဖော်ပြထားသည်။

> ပညတ်တော်၌ပါသမျှသောစကားတို့သည် ပညတ်တရားကိုနာခံသော သူတို့နှင့်စပ်ဆိုင်သည်ကို ငါတို့သိကြ၏။ ထိုသို့ဖြစ်၍ လောကီသားအပေါင်းတို့သည် စကားတစ်ခွန်းမျှမပြောနိုင်ဘဲ ဘုရားသခင်ရှေ့ ၌အပြစ်သင့်သော သူဖြစ်ကြ၏။ ထိုသို့ ပညတ်တရားသည် ဒုစရိုက်အ ပြစ်ကို ထင်ရှားစေသည်ဖြစ်သောကြောင့် ပညတ်တ ရား၏ အကျင့် အားဖြင့် ဘုရားသခင့်ရှေ့တော်၌ အဘယ်သူမျှဖြောင့် မတ်ရာသို့မ ရောက်ရာ။

ကျွန်ုပ်တို့သည် ဘုရားသခင့်ရှေ့တော်၌ အပြစ်ပြုသောသူများဖြစ်ကြကာ ကျွန်ုပ်တို့သည် မိမိပါးစပ်ကို ဖွင့်လျက် ဆင်ခြင်သောစကားများမဖွင့်ဆိုနိုင်တော့ကြပေ။ ဓမ္မဟောင်းကျမ်းထဲရှိ ပညတ်တော်နှင့် ဘုရားသခင်၏စံချိန်အတိုင်းအတာတို့ သည် လူ သားအားလုံး၏နှလုံးသားများဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားကို မရရှိနိုင်ကြောင်း ကျည်းမှတ်တမ်းတင်ထားသည်။ ၎င်းတို့က ကျွန်ုပ်တို့သည် အပြစ် သားများဖြစ်ကြောင်း ထင်ရှားစေခဲ့သည်။ ကျွန်ုပ်တို့သည် ပညတ်တော်ကို ထိမ်မှန်

အဖြစ်နှိုင်းယှဉ်နိုင်သည်။ ကျွန်ုပ်တို့သည် ခန္ဓာထဲတွင်ရှိသော ရောဂါများကို ရှာဖွေရန် ဓါတ်မှန်ရိုက်တတ်ကြသည်။ သို့သော် ကျွန်ုပ်တို့၏အထဲတွင် ရှိသောရောဂါကို ဓါတ်မှန်ဖြင့်ကုသ၍မရနိုင်ပေ။ ကျွန်ုပ်တို့သည် ဓါတ်မှန်ဖြင့် မိမိပြဿနာကို ရှာဖွေတွေ့ရှိပြီးနောက် ၎င်းရောဂါကို သင့်လျော်သော ဆေးဝါးဖြင့်ကုသထားသည်။

ရောမဩဝါဒစာ၏အဓိက ဖော်ပြလိုသောအရာကို သိရှိနိုင်ရန် ရောမ ၃း ၂၁ ကို ကောင်းမွန်စွာသိရှိရမည်ဖြစ်သည်။ ၎င်းကျမ်းပိုဒ်ထဲတွင် ကျွန်ုပ်တို့သည် ဘုရားသခင် ၏ရှေ့မှောက်တွင် အပြစ်သားများဖြစ်ကြသောကြောင့် တရားရုံး၌ တရားစီရင်ခြင်းခံရမည့် သူများဖြစ်ကြသည်။ တမန်တော်ရှင်ပေါလုသည် ကျွန်ုပ်တို့၏ မှောင်မည်းနေသောအခြေ အနေကို ပန်းချီကားတစ်ခုအဖြစ်ရေးဆွဲထားသည်။ ကျွန်ုပ်တို့မှာ ပြဿနာရှိသည်။ ထို့ကြောင့်ကျွန်ုပ်တို့သည် ဘုရားသခင်၏တရား စီရင်ခြင်းမှလွတ်မြောက်နိုင်ရန် မည်သည့် အရာတစ်ခုမျှမလုပ်ဆောင်နိုင်ကြပေ။ ကျွန်ုပ်တို့သည် ကောင်းမြတ်သောအရာများလုပ် ဆောင်ခြင်းအားဖြင့်လည်း မိမိရောဂါကို မကုသနိုင်ပေ။ ကျွန်ုပ်တို့သည် ပြင်ပမှအကူအညီလိုအပ်လျက်ရှိသည်။

## ကျွန်ုပ်တို့၏ပြဿနာအပေါ်ဘုရားသခင်၏အဖြေ

ရောမ ၃း ၂၁ ရှိနောက်ဆက်တွဲစကားလုံးကို သင်သည် သိကျွမ်းရပေမည်။ – သို့သော်ယခု......... ဟု ဖော်ပြထားသည်။ ထိုစကားများအားဖြင့် တမန်တော် ရှင်ပေါလုသည် ကျွန်ုပ်တို့အတွက် ဘုရားသခင်ပြုခဲ့သောအရာများကို ဖော်ပြလိုခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် အမှောင်ထုကြီး (သို့) စိတ်ပျက်စရာဖွယ်ကောင်းသော အခြေ အနေထဲတွင် နေရစ်ရန် ပစ်ထားခဲ့သော သူများမဟုတ်ပေ။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံမှ ထာဝရခွဲခွာခြင်းအားဖြင့် အပြစ်၏အခကို ခံစားရသောသူများ မဟုတ်ကြပေ။

သို့သော် ယခု....

ဤစကားစု၏နောက်ဆက်တွဲစကားလုံးတို့သည် မည်မျှလှပသနည်း။ ကျွန်ုပ်

တို့သည် အပြစ်ခံ့ထဲ၌ တရားစီရင်ခြင်းခံရန် ရှန့်ပစ်ခြင်းခံရသောသူများမဟုတ်ကြပေ။ ဘုရားသခင်က ကျွန်ုပ်တို့၏ပြဿနာများကို ဖြေရှင်းပေးခဲ့သည်ဆိုသော် ဘုရားသခင်သည် ထိုသို့ဖြေရှင်းရာတွင် မွေဟောင်း၌ရှိသော ပညတ်တော် (သို့) ကြိုးပမ်းလုပ်ဆောင်ခြင်းနှင့် ကောင်းမြတ်သောအရာများလုပ်ဆောင်ခြင်းအားဖြင့်မဟုတ်ပေ။ "ယခုမူကား ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းတို့သည် သက်သေခံသည်နှင့်အညီ ပညတ်တရားနှင့် မစပ်ဆိုင်သောဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားတည်းဟူသော ယေရှုခရစ်ကို ယုံကြည်ခြင်းအားဖြင့် ယုံကြည်သောသူအပေါင်းတို့အတွက်ဖြစ်၍ ထိုသူအပေါင်းတို့အပေါ်သို့ရောက်သော ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားသည် ထင်ရှားနေပြီ" (ရောမ ၃း၂၂–၂၂)။

ကျွန်ုပ်တို့ထံပေးအပ်ခဲ့သော ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားကို လက်ခံရရှိနိုင်ရန် ကျွန်ုပ်တို့သည် သခင်ယေရှုကို ယုံကြည်ရမည်ဖြစ်သည်။ကျွန်ုပ်တို့သည် ဘုရားသခင်၏တရားစီရင်ခြင်းမှလွတ်မြောက်ရန် ယေရှုက ကျွန်ုပ်တို့ကိုယ်စား လုပ်ဆောင်ပေးခဲ့သည်။ သူသည် ကျွန်ုပ်တို့အား ထာဝရအသက်ပေးနိုင်ရန် သေခြင်းမှရှင်ပြန်ထ မြောက်ခဲ့သည်။ယုံကြည်ခြင်းဟူသည်ကျွန်ုပ်တို့သည် သခင်ယေရှုခရစ်၏ဖြောင့်မတ်ခြင်း ကိုရရှိသောအခါထာဝရအသက်ရရှိနိုင်ရန် ရေလာမြောင်းပေးသောအရာတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ရှေ့မှောက်တွင် ဖြောင့်မတ်သူအဖြစ် တရားဝင်အသိအမှတ် ပြုခြင်းခံရခြင်းသည် ဖြောင့်မတ်ခြင်း (Justification) ဟုခေါ်သည်။

## သူ့ကျေးဇူးက လူတစ်ဦးကို တရားမျှတဖြစ်စေသည်

ဘုရားသခင်သည် အပြစ်ကို ခွင့်လွှတ်၍ သူ၏ဖြောင့်မတ်ခြင်းတရားရှိသော်လည်း အပြစ်သားများကို ဖြောင့်မတ်သူများအဖြစ်မည်ကဲ့သို့လက်ခံနိုင်မည်နည်း။ ဘုရားသခင်သည် အပြစ်သားများကို သေအောင်ဖြင့် တရားစီရင်သည့်အချိန်တွင် ဖြောင့်မတ်ခြင်းတရားသည် မည်ကဲ့သို့အဖိုးအခမပေးဘဲရယူနိုင်မည်နည်း။

ကျွန်ုပ်တို့သည် မိမိကိုယ်ကိုယ် ဖြောင့်မတ်သောသူမဖြစ်နိုင်ကြသောကြောင့် ကျွန်ုပ်တို့မလုပ်ဆောင်နိုင်သောအရာကို ဘုရားသခင်သည်လုပ်ဆောင်ပေးရန် လိုအပ်သည်။ ဤအရေးကြီးသော ကျမ်းပိုဒ်ကို ဆင်ခြင်စဉ်းစားပါ။ ထိုကျမ်းပိုဒ်ထဲတွင် ကျွန်ုပ်တို့သည် အပြစ်သားများဖြစ်ကြောင်းကို ဖော်ပြထားသည်။ "... ယေရှုခရစ်ရွေးနုတ်တော်မူခြင်းအားဖြင့်အဘိုးကိုမပေးဘဲ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ရာသို့ရောက်ကြ၏" (ရောမ ၃း၂၄)။

ဤကျမ်းပိုဒ်ထဲတွင် ကျွန်ုပ်တို့အပြစ်သားများသည် မည်ကဲ့သို့ဖြောင့်မတ်ရာ သို့ရောက်ရှိနိုင်သည်ကို ဖော်ပြထားသည်။ စောစောကဖော်ပြထားသည့်အတိုင်း၊ ဖြောင့်မတ်ခြင်းရရှိခြင်းသည် ဖြောင့်မတ်သောသူအဖြစ်ကြေငြာခြင်း (သို့) ဘုရားသခင်၏အမျက်တော်ပြေခြင်းကို ဆိုလိုသည်။ ဘုရားသခင်၏ရှေ့မှောက်တွင် ကျွန်ုပ်တို့သည် ပညတ်တော် ချိုးဖောက်သောသူများမဖြစ်တော့ပေ။ တကယ်တန်းကျတော့ ဘုရားသခင်သည် သူ၏ရှေ့မှောက်တွင် မတ်သပ်ရပ်နေသော ဖြောင့်မတ်ခြင်းနှင့်ပြည့်စုံသော သူ၏သားတော်ကိုသာ တွေ့မြင်သည်။

အခန်းငယ် ၂၄ တွင်ဖော်ပြထားသော အချက်တုသမျှတို့သည် အရေးကြီးသည်။ ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းသည် "ဘုရားသခင်၏ကျေးဇူးတော်အားဖြင့်အခမဲ့ပေး" ထားခြင်းဖြစ်သည်။ သင်သည် ဂရုတစိုက်စဉ်းစားလျှင် အခမဲ့ စကားလုံး၏ အသုံးအနှုန်းကို အံ့သြသွားမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ကျေးဇူးတော်သည် အခမဲ့ပေးထားသော ဆုကျေးဇူးဖြစ်သည်။ ၎င်းသည် လွယ်ကူစွာရရှိသော အရာဖြစ်သလော။ ဖြစ်ပါသည်။ သို့သော် သမ္မာကျမ်းစာထဲတွင် ဖော်ပြချက်များကို ကြည့်လျှင် လေးနက်သော အရာများဖော်ပြလိုခြင်းဆိုလိုသည်ကို တွေ့ရှိနိုင်သည်။ ဘုရားသခင်သည် သူ၏ကျေးဇူးတော်ကို အခမဲ့သက်သက် ပေးအပ်ခြင်းကို ဖော်ပြလိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ကျေးဇူးတော်ကို ကောင်းမြတ်သော အရာလုပ်ဆောင်ခြင်း (သို့) ကောင်းမြတ်ခြင်း (သို့) မကောင်းသောအရာများမလုပ်ဆောင်ခြင်း စသည်တို့အားဖြင့် မရရှိနိုင်ပေ။

သို့သော် ယခု ကျွန်ုပ်တို့၏ထာဝရအသက်ရရှိနိုင်ရန် ဖြောင့်မတ်ခြင်းသည်

အခမဲ့သက်သက်ပေးအပ်သော ဆုကျေးဇူးမည်သို့ဖြစ်နိုင်မည်နည်း။ ထိုကျမ်းပိုဒ်ထဲတွင် သခင်ယေရှုသည် အဘိုးအခပေးအပ်ပြီးဖြစ်သောကြောင့် ဖြောင့်မတ်ခြင်းတရားသည် အခမဲ့ပေးအပ်သော ဆုကျေးဇူးဖြစ်သည်။ ရွေးနှုတ်ကယ်တင်ခြင်း (*redemption*) စကားလုံးသည် အဘိုးအခကိုဖော်ပြလိုခြင်းဖြစ်သည်။ ၎င်းသည် တစုံတခုကို အခမဲ့ရရှိ နိုင်ရန် အဘိုးအခပေးအပ်ခြင်းကို ဖော်ပြလိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် အဘိုးအခကို မပေးခဲ့ပေ။ သို့သော် သခင်ယေရှုခရစ်တော်သည် အဘိုးအခကို ပေးအပ်ပေးခဲ့သည်။ သူ၏အပြစ်အနာအဆာကင်းမဲ့သောအသက်တာအားဖြင့် လူတိုင်းအပြစ်ကြွေးများကို ကြေအေးပေးဆပ်ခဲ့ပြီဖြစ်သည်။ ထို့မှသာ ကျွန်ုပ်တို့သည် အပြစ်တရားစီရင်ခြင်းမှ လွတ် မြောက်ခြင်းရရှိကြခြင်းဖြစ်သည်။

သခင်ယေရှုသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဖြစ်လာ၍ အပျိုကညာ မှဖွားမြင်လာခဲ့သောကြောင့် သူ့မှာ အပြစ်တရားအမွေဆက်ခံခြင်းမရှိခဲ့ပေ။ သူသည် ပြည့်စုံသောအသက်တာ၊ အပြစ်အနာအဆာမရှိသောအသက်တာဖြင့် အသက်ရှင်ခဲ့သည်။ သူသည် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံခဲ့သည့်အချိန်တွင် သူသည် ပြီးပြည့်စုံသော ယဇ်ပူဇော်ခြင်းကို ပြုခဲ့ပြီးပြီ။ လူသားအားလုံး၏အပြစ်သည် မည်မျှပင်ကြီးစေကာမူ သူသည် အပြစ်တရား၏အဘိုးအခကို ပေးဆပ်ပြီးခဲ့ပြီဖြစ်သည်။ သူသည် ပြီးပြည့်စုံသော ယဇ်ကောင်ဖြစ်ရုံသာမက သူသည် အသွေးအသားအားဖြင့် ဘုရားသခင်ဖြစ်ခဲ့သည်။ သူသည် လူတိုင်းအတွက်ဖြစ်စေ၊ နေရာတိုင်းအတွက်ဖြစ်စေ၊ အချိန်တိုင်းအတွက်ဖြစ်စေ အကျုံးဝင်သော ထာဝရယဇ်ပူဇော်ခြင်းအမှုကို ပြုခဲ့သည်။ သူသည် သေခြင်းမှ ရှင်ပြန်ထမြောက်ခဲ့သည်။ ၎င်းအားဖြင့် သူသည်ထာဝရအသက်ပေးပိုင်သောအရှင်ဖြစ်ကြောင်းပြသရုံသာမက သူကိုယ်တိုင်သည် အသက်ဖြစ်ကြောင်းကို ဖော်ပြခဲ့သည်။

ဆုကျေးဇူးတိုင်းမှာ ပေးအပ်သူသည် ဆုံးရှုံးခဲ့သည်။ ရရှိသူသည် ဆုံးရှုံးခြင်းမရှိပေ။ ကျေးဇူးတော်ဆုကျေးဇူးသည်လည်း လူတစ်ဦးကို ဆုံးရှုံးစေခဲ့သည်။ ၎င်း၏တန်ဖိုးသည် ဘုရားသခင်၏သားတော်သခင်ယေရှုပင်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကျေးဇူးတော်ကို အခမဲ့ရယူနိုင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည်

ကျွန်ုပ်တို့မရှင်သန်နိုင်သော အသက်တာနှင့်မသေနိုင်သောသေခြင်းအားဖြင့် ကယ်တင်ခြင်းရရှိခဲ့ကြခြင်းဖြစ်သည်။ ယေရှုသည်ကျွန်ုပ်တို့မပေးဆပ်နိုင်သော ပြစ်ကြွေးကို ပေးဆပ်ခဲ့သည်။ ကျွန်ုပ်တို့၏ ထာ ဝရကယ်တင်ခြင်းသည် အခမဲ့ပေးအပ်ထားသောလက်ဆောင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် မိမိသားတော်အားဖြင့်အဖိုးအခပေးဆပ်ပေးခဲ့ပြီဖြစ်သောကြောင့်ဖြစ်သည်။

ကျေးဇူးတော်သည် ကျွန်ုပ်တို့ကို အလွန်အမင်းအံ့အားသင့်သည်။အဘယ်ကြောင့်ဆိုသော် ကျေးဇူးတော်သည် အခမဲ့သက်သက်ပေးအပ်ခဲ့သောဆုကျေးဇူးဖြစ်သောကြောင့်ဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့မျှော်လင့်သော တရားစီရင်ခြင်းမျိုးမဟုတ်ပေ။ ကျွန်ုပ်တို့မျှော်လင့်သည့်အတိုင်းဘုရားသခင်၏မယိမ်းယိုင်သော ကျေးဇူးတော်မျိုး လည်းမဟုတ်ပေ။ ၎င်းသည် ကျွန်ုပ်တို့၏အပြစ်ကျေးကျွန်မှလွတ်မြောက်ရန်ကြင်နာမှု အပြည့်အဝပေးထားသောအရာဖြစ်သည်။ ဘုရားသခင်ပြုပြီးခဲ့သည့်အမှုဖြစ်သော သူနှင့် အသစ်သောပြန်လည်မိတ်သဟာရဖွဲ့နိုင်ခြင်းဖြစ်စေသော အရာလည်းဖြစ်သည်။ ထိုအမှုအရာ တရားသောအမှုမဟုတ်သောကြောင့် ကျွန်ုပ်တို့သည် အံ့ဩတွေဝေခြင်းဖြစ်သည်။ သေခြင်းတရားနှင့် တွေ့ကြုံရန်မလိုအပ်သောလူတစ်ဦး၏အသေခံခြင်းအားဖြင့် ထာဝရသေရန်ထိုက်တန်သော ကျွန်ုပ်တို့သည် ထာဝရအသက်ရရှိကြခြင်းဖြစ်သည်။

သင်သည် ကျေးဇူးတော်ကို အံ့ဩခြင်းရှိခဲ့ပါသလား။သင်သည် ယခုအံ့ဩတွေဝေခြင်းရှိသလော။ အံ့ဩတွေဝေခြင်းရှိလျှင် သင်သည်ယခု ကျေးဇူးတော်အားဖြင့်သာလျှင် ရရှိသော ထာဝရကယ်တင်ခြင်းရရှိရန် ကောင်းမွန်သော အရာတစ်ခုကို နိုင်မြဲစွာဆုပ်ကိုင်ထားခြင်းဖြစ်သည်။

# ပြန်လှန်မေးခွန်းများ

၁။ သင်သည် ဘုရားသခင်၏တရားဖြောင့်မတ်ခြင်း၊ ဂရုဏာတော်နှင့် ကျေးဇူးတော်တို့ကို မည်သို့ ပိုင်းခြားနိုင်မည်နည်း။

၂။ ကောင်းမြတ်သောအရာလုပ်ဆောင်ခြင်းနှင့် ဘုရားသခင်၏ကောင်းမြတ်ခြင်းကို နှိုင်းယှဉ်ကြည့်ပါ။

၃။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ဖြောင့်မတ်ခြင်းကိုထိုက်တန်စွာရရှိရန် အဘယ့်ကြောင့် ကောင်းမြတ်သောအရာများမလုပ်ဆောင်နိုင်ကြသနည်း။

၄။ ဖြောင့်မတ်ခြင်းတရား၏အဓိပ္ပါယ်သည် အဘယ်နည်း။ လူတစ်ဦးသည် မည်ကဲ့သို့ဖြောင့်မတ်ခြင်းရရှိနိုင်မည်နည်း။

# အခန်း ၇

## ကျေးဇူးတော်အားဖြင့်ကယ်တင်ခြင်းရရှိခြင်း

သမ္မာကျမ်းစာထဲတွင် ကျွန်ုပ်တို့သည် ကျေးဇူးတော်အားဖြင့်ကယ်တင်ခြင်းရရှိသည် ဟု ဖော်ပြခြင်းထက်ပို၍ရှင်းလင်းသောဖော်ပြချက်မရှိပေ။ ထိုစကားလုံး၏အဓိပ္ပါယ်ကို မိမိကိုယ်ကိုကောင်းမြတ်သောအရာလုပ်ဆောင်သည်ဟု ယူဆသောသူသည် သဘောတူနိုင်မည်လော။ ထို့သို့ကြောင့် လူတွေကကျေးဇူးတော် စကားလုံး၏အဓိပ္ပါယ်ကို အမျိုးမျိုးယူဆကြခြင်းဖြစ်သည်။ ကျေးဇူးတော်ကို လုပ်ဆောင်ခြင်း (သို့) ကသိုလ်စသည်တို့ဖြင့် ရောထွေးသောအခါ ကျေးဇူးတော်သည် ကျေးဇူးတော်မဟုတ်တော့ပေ။ အချို့သောမှားယွင်းသော သွန်သင်စရာများ က ကျေးဇူးတော်အားဖြင့်ကယ်တင်ခြင်းရရှိသည်ဟူသောစကားစု၏အဓိပ္ပါယ်ကို ဤသို့ဖော်ပြထားပါသည်။

- ကျွန်ုပ်တို့သည် သခင်ယေရှုကို မိမိကယ်တင်ရှင်အဖြစ်ယုံကြည်၍သူ့ကို ကျွန်ုပ်တို့၏သခင်အဖြစ် ဆက်ကပ်အပ်နှံခြင်းရှိရမည်ဖြစ်သည်။
- ကျွန်ုပ်တို့သည် သခင်ယေရှုကို မိမိကယ်တင်ရှင်အဖြစ်ယုံကြည်၍ သူ့ကို အစေခံရန် ကတိပြုရမည်ဖြစ်သည်။

- ကျွန်ုပ်တို့သည်သခင်ယေရှုကို မိမိကယ်တင်ရှင်အဖြစ်ယုံကြည်၍အပြစ်အား လုံးကို စွန့် လွှတ်ရမည်ဖြစ်သည်။
- ကျွန်ုပ်တို့သည် သခင်ယေရှုကို မိမိကယ်တင်ရှင်အဖြစ်ယုံကြည်၍ ဘဝပြောင်း လဲမှုရှိ ကြောင်းသက်သေထူရမည်ဖြစ်သည်။
- ကျွန်ုပ်တို့သည်သခင်ယေရှုကို မိမိကယ်တင်ရှင်အဖြစ်ယုံကြည်၍သူ၏ပညတ် တော်များကို လိုက်နာရမည်ဖြစ်သည်။
- ကျွန်ုပ်တို့သည် သခင်ယေရှုကို မိမိကယ်တင်ရှင်အဖြစ်ယုံကြည်၍ ရေနှစ်ခြင်း မင်္ဂလာကို ခံယူရမည်ဖြစ်သည်။

အထက်တွင် ဖော်ပြထားသောအချက်များကို ကြည့်လျှင် "ကျွန်ုပ်တို့ သည် သခင်ယေရှုကို ယုံကြည်ရမည်" ကို တွေ့ရှိနိုင်သည်။ သို့သော်ဆက်လက်ဖော်ပြ ထားသော ဝါကျကို ကြည့်လျှင် လုပ်ဆောင်ချက်များက လိုက်လာသည်။ ထိုအရာ များသည် ဘုရားသခင်၏ကျေးဇူးတော်ကို ရှေ့လျှောပျောက်ကွယ်သွားစေသည်။ ကယ်တင်ခြင်းကိစ္စတွင် လူတစ်ဦးသည် ဘုရားသခင်၏ကျေးဇူးတော်ကို ရရှိနိုင်ရန် လုပ်ဆောင်ခြင်းအားဖြင့်ကြိုး ပမ်းအားထုတ်လျှင် ဘယ်တော့အခါမှ ကယ်တင်ခြင်းရ ရှိနိုင်မည်မဟုတ်ပေ။ ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းရရှိခြင်း၏အဓိပ္ပါယ်သည် ကျွန်ုပ်တို့ထံပေးအပ်ခဲ့သောအရာဟူသမျှလက်ခံခြင်းမျိုးကို ဆိုလိုသည်။ ၎င်းကြောင့် ယုံကြည်ခြင်းပေါ်ပေါက်လာခြင်းဖြစ်သည်။ ယုံကြည်ခြင်းသည် ထာဝရအသက်ရရှိနိုင် ရန်အတွက် ဘုရားသခင်လုပ်ဆောင်ပေးခဲ့သော ကျေးဇူးတော်ဖြစ်သည်။

## ကျေးဇူးတော်၊ လုပ်ဆောင်မှုများမဟုတ်

ကျေးဇူးတော်နှင့်ကယ်တင်ခြင်းအကြောင်းများဖော်ပြချက်ကို တိကျစွာ ဖော်ထုတ်ထားသောကျမ်းပိုဒ်ဖြင့်အစပြုကြပါစို့။ ဧဖက် ၂း၈–၉ ထဲတွင် "ယုံကြည် ခြင်းအားဖြင့်ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏။ ကိုယ်အလိုအ

လျော့ ရောက်သည်မဟုတ်။ ဘုရားသခင်သနားတော်မူရာဖြစ်သတည်း။ ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှဝါကြွားစရာအခွင့်မရှိ" ဟုဖော်ပြထားသည်။

အောက်တွင် အချို့သောလေ့လာသုံးသပ်မှုများကို ဖော်ပြထားသည်။

၁။ ကျွန်ုပ်တို့ကို ကယ်တင်ပေးသောအရာသည် ဘုရားသခင်၏ကျေးဇူးတော်ဖြစ်သည်။

၂။ ကျွန်ုပ်တို့သည် ကျေးဇူးတော်ခံစားနိုင်ရန် ရေလာမြောင်းပေးသောအရာသည် ယုံကြည်ခြင်းဖြစ်သည်။

၃။ ထိုကျေးဇူးတော်သည်ကျွန်ုပ်တို့အားဖြင့်လုံးဝဖြစ်လာသည်မဟုတ်။

၄။ ယုံကြည်ခြင်းအားဖြင့်ကျေးဇူးတော်ကြောင့်ရရှိသောကယ်တင်ခြင်းသည် ဘုရားသခင်ထံမှလာသော ဆုကျေးဇူးတစ်ခုဖြစ်သည်။

၅။ ယုံကြည်ခြင်းအားဖြင့်ကျေးဇူးတော်ကြောင့်ရရှိသောကယ်တင်ခြင်းထဲတွင် ကျွန်ုပ်တို့၏လုပ်ဆောင်ချက်များမပါဝင်ပေ။

၆။ လုပ်ဆောင်ချက်အားဖြင့်ရရှိသောကယ်တင်ခြင်းသည် ဝါကြွားမှုကို ဖြစ်စေတတ်သည်။ ၎င်းကြောင့် ဘုရားသခင်၏ဘုန်းတော်ကို ရှုံ့မဲ့စေသည်။

"ကိုယ်ကုသိုလ်ကြောင့် ရောက်သည်မဟုတ်။ ဘုရားသခင်၏သနားတော်မူရာ ဖြစ်သတည်း" စကားစုများတွင် *ကိုယ်ကုသိုလ်* နှင့် *ဘုရားသခင်၏သနားတော်မူရာ* တို့သည် "ကယ်တင်ခြင်းသည် ကျေးဇူးတော်သက်သက်အားဖြင့်ရရှိသည်သည်"ကို ဖော်ပြပေးလိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုစကားလုံးများမှုရင်းစကားလုံး၌ကြည့်သော် ထိုစကားလုံးများသည် ကျွန်ုပ်တို့သိရှိထားသည့်အတိုင်းမဟုတ်ဘဲ *ကျေး ဇူးတော်(သို့) ယုံကြည်ခြင်း* တစ်ခုတည်းသော ရည်ညွှန်းလိုခြင်းမဟုတ်ကြောင်းကို တွေ့ရှိနိုင်သည်။[၁] ထိုကယ်တင်ခြင်းသည် ကျွန်ုပ်တို့ထံအားဖြင့်ဖြစ်လာခြင်းမဟုတ်ပေ။ အဘယ် ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ဘုရားသခင်၏ကျေးဇူးတော်ကို ခံစားရန် မထိုက်တန်ကြပေ။ ကျွန်ုပ်တို့သည် ကောင်းမြတ်သောအရာများလုပ်ဆောင်ခြင်းအားဖြင့် ကျေးဇူးတော်ကို ခံစားနိုင်လျှင်

အထက်ကကျမ်းပိုဒ်ဖော်ပြထားသည့်အတိုင်းကျွန်ုပ်တို့သည် ငါကြွားနိုင်သည်။ သို့သော်ကျွန်ုပ်တို့သည် တပါးတည်းသောသားတော်ကို စွန့်တော်မူခဲ့သော ဘုရားသခင်၏မျက်မှောက်တော်တွင် ငါကြွားနိုင်မည်လော။ ထိုသို့ဆိုလျှင် ဘုရားသခင်၏သားတော်သည် ကယ်တင်ခြင်းရရှိရန်အတွက် အလုံလောက်ခြင်းကို ထင်ရှားပေါ်လိမ့်မည်။ ၎င်းအပြင် ဘုရားသခင်ပြင်ဆင်ပေးသောအဖိုးအခပေးဆပ်ပေးခြင်းတို့သည် ကျွန်ုပ်တို့လုပ်ဆောင်သောကောင်းမှုကုသိုလ်လောက် မကောင်းပေဟုဖော်ပြလိုခြင်းလည်းဖြစ်သည်။ ထိုသို့ပြုခြင်းသည် ဘုရားသခင်ကို စော်ကားမော်ကားပြုခြင်းဖြစ်သည်။ သင်သည် ရှိသမျှအကုန်ရောင်းပြီး သင်၏ မိတ်ဆွေတစ်ဦးကို အချုပ်မှရွေးသည့်အခါ သူသည် မိမိကြိုးပမ်းအားထုတ်ခြင်းနှင့်ကောင်း မွန်သောအကျင့်စာရိတ္တအားဖြင့် အချုပ်မှလွတ်မြောက်သည်ဟု ငါကြွားနေလျှင် သင်သည် မည်သို့ခံစားမည်ကို စဉ်းစားကြည့်ပါ။ သဒ္ဓါမြှုသောကျေးဇူးနှင့် ကောင်းကုသိုလ်မှုကို မထိမ့်မြင်ပြုရာရောက်သည်။ ယခု ထိုအဖိုးအခသည် သင်၏ချစ်မြတ်နိုးခဲ့သော တပါးတည်းသောသားဖြစ်ခဲ့လျှင် သင်သည် မည်သို့ခံစားရမည်ကို စဉ်းစားကြည့်ပါ။

ဤကျမ်းပိုဒ်များက ကျေးဇူးတော်သည် ထိုက်တန်၍ရရှိသောအရာမဟုတ်ကြောင်း၊ ဘုရားသခင်၏ဆုကျေးဇူးတော်သာဖြစ်ကြောင်းကို ထင်ရှားပေါ်လွင်စေသည်။ ကျွန်ုပ်တို့သည် ကျေးဇူးတော်အတွက်လုပ်ဆောင်လျှင်၎င်း၊ သဘောတူညီမှုတချုပ်ချုပ်ဆိုလျှင်၎င်း၊ ဆက်ကပ်မှုတစ်ခုခုပြုလျှင်၎င်း၊ နာခံခြင်းလိုအပ်လျှင်၎င်း၊ ကျေးဇူးတော်သည် ကျေးဇူး တော်မဟုတ်တော့ပေ။ ၎င်းက ရွေးချယ်ရေးတစ်ခုတည်ချပေးထားသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ကျေးဇူးတော်ကိုသာယုံကြည်ရမည်ဖြစ်သည်။ ထိုသို့ဖော်ပြသောအခါ ယုံကြည်ခြင်း၏လုပ်ဆောင်နိုင်သောအရာကို ဖော်ပြလိုခြင်းဖြစ်သည်။ယုံကြည်ခြင်းအား ဖြင့် ထာဝရအသက်ကို ရရှိသည်။ ထာဝရအသက်သည်လည်း ဘုရားသခင်၏သားတော်၊ သခင်ယေရှုပေးအပ်ခဲ့သော ဘုရားသခင်၏ဆုကျေးဇူးတော်ဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ရှေ့မှောက်တွင် လက်ချည်းသက်သက်လာခဲ့ကြသောကြောင့် ကျေးဇူးတော်တရားလိုအပ်ခြင်းဖြစ်သည်ကို သင်မသိသလော။ ကျွန်ုပ်တို့သည် ယူဆောင်စရာတစ်ခုမျှမရှိပေ။ ဆုကျေး

ဝူးခံစားရန် ပေးဆပ်စရာ တစ်ခုမှမရှိပေ။ လုံးဝမပေးဆပ်နိုင်ပေ။ လက်ချည်းသက်သက်ရောက်ရှိလာခြင်းသည် ယုံ ကြည်ခြင်းအတွက် ကောင်းမွန်သောဇော်ပြချက်တစ်ခုဖြစ်သည်။ လုပ်ဆောင်ရန်မလိုအပ်ပေ။ ပေးဆပ်ခဲ့သောအရာကို အရယူဖို့ရန်အတွက်သာ လိုအပ်သည်။ ထိုသို့မှသာ ကယ်တင်ခြင်းရရှိမည်ဖြစ်သည်။ ဘုရားသခင်ပြုခဲ့သောကတိတော်သည် ကျွန်ုပ်အတွက်မှန်ကန်သည်ဟု ယုံကြည်မှသာ ကျွန်ုပ်တို့သည် ဘုရားသခင်ပေးခဲ့သော ထာဝရအသက်ကို ရရှိနိုင်မည်ဖြစ်သည်။ သခင်ယေရှုခရစ်တော်ကို ယုံကြည်သောသူအပေါင်းတို့သည် ထာဝရအသက်ကို ရရှိသည်။ ကျေးဇူးတော်သည် ကျွန်ုပ်တို့ကြိုးပမ်းအားထုတ်ခြင်းအားဖြင့် ရရှိနိုင်သောအရာမဟုတ်ပေ။ ကျေးဇူးတော်သည် အခမဲ့သက်သက်ရရှိသောအရာ ဖြစ်သည်။

## ယုံကြည်ခြင်း၏အဓိပ္ပာယ်

ဂရိကြိယာပုံစံ "ယုံကြည်ရန်" စကားလုံးကို ယုံကြည်ခြင်းနာမ်အသွင်အဖြစ်ဖော်ပြထားပါသည်။ ထို့ကြောင့် တစုံတခုကို ယုံကြည်ခြင်းသည် တစုံတခုကိုဖြစ်လာလိမ့်မည်ဟု စိတ်ချယုံ ကြည်ခြင်းဖြစ်သည်။ ယုံကြည်ခြင်းသည် မည်သည့်အရာဖြစ်သည်ကို ကြည့်ရှုကြပါစို့။ တစုံတခုကို ယုံကြည်ခြင်းသည် ၎င်းယုံကြည်သောအရာကို မှန်ကန်သည်ဟု သိရှိခြင်းဖြစ်သည်။ တစုံတခုကို အကုန်းလုံးနီးပါးယုံကြည်သည်ဟူ၍မရှိပေ။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်း (သို့) မယုံကြည်ခြင်းတစ်ခုတည်းသာရှိနိုင်သည်။

ဥပမာအားဖြင့် လူတစ်ဦးသည် သင့်ကို ဤသို့မေးမြန်းသည် ဆိုကြပါစို့။ "ငါးအပေါင်းဆယ့်ငါးသည် နှစ်ဆယ်ဖြစ်သည်ကို ယုံကြည်သလား။" ဟုမေးလျှင် ၁။ "ဟုတ်တယ်။ ကျွန်တော်ယုံကြည်ပါတယ်" ၂။ "မဟုတ်ဘူး။ ကျွန်တော်မယုံကြည်ဘူး" ၃။ "ကျွန်တော်မသိဘူး" ဟုဖြေရမည်ဖြစ်သည်။ သင်သည် သေချာစွာမသိလျှင် ၎င်းမေး ခွန်းသည် မှန်ကန်သည်ဟုမယုံကြည်ခြင်းဖြစ်သည်။

အခြားသော သာဓကကို ထပ်မံဖော်ပြလိုပါသည်။ သင်သည် ဤညတွင် အိမ် ငှါးခပေးရန်လိုအပ်ပြီး အကယ်၍ မပေးလျှင် အိမ်ရှင်သည် သင့်ကို

မောင်းထုတ်မည်ဆိုပါစို့။ သို့သော် သင်သည် ငွေအကောင့်ကို စစ်ဆေးကြည့်သောအခါ ငွေတစ်ပြားမျှမရှိ တော့ပေ။ ထိုအချိန်တွင် ကျွန်တော်သည် သင်ထံလာ၍ သင့်ဘဏ်ငွေအကောင့်ထဲတွင် အိမ်ငှါးခပေးရန် ငွေထည့်ပေးထားသည်၊ သင်သွား၍စစ်ဆေးနိုင်သည် ဟုပြောသည်။ တဖန် စဉ်းစားရမည်မှာ ၁။ သင်သည် ယုံကြည်လျှင် စစ်ဆေးမည်။ ၂။ သင်သည် မယုံကြည်လျှင် ဘဏ်အကောင့်ကို စစ်ဆေးရန်မလိုအပ်ပေ။ ၃။ သင်သည် မသေချာလျှင် ကျွန်ုပ်ကို မယုံကြည်ခြင်းဖြစ်သည်။ အကယ်၍သင်သည် မယုံကြည်လျှင် ဘဏ်အကောင့် စစ်ဆေးခြင်းသည် ရူးသွပ်မှုတစ်ခုပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်က သင့်ကို အမှန်တရားမပြောလျှင် သင်သည် အိမ်ပေါ်မှနှင်ထုတ်ခြင်းကို ခံရမည်ဖြစ်သည်။ ကျွန်တော်ပြောဆိုခဲ့သောစကားအပေါ်တွင် သင်၏ယုံကြည်စိတ်ချမှုပေါ်မူတည်၍ သင်သည် လုပ်ဆောင်ရမည်ဖြစ်သည်။ကျွန်တော်သည် ယုံကြည်စိတ်ချရကောင်းသော ပုဂ္ဂိုလ်ဖြစ်လျှင် သင်သည်ကျွန်တော်ပြောသောစကားကို ယုံကြည်မည်ဖြစ်သည်။ သင်သည် ကျွန်ုပ်ကို ယုံကြည်ရန် မထိုက်တန်ဟု ယူဆလျှင် သင်သည် ကျွန်တော်ပြောဆိုသော စကားကို ဘယ်တော့မှယုံကြည်မည်မဟုတ်ပေ။ သင်သည် ကျွန်ုပ်ကို မသိလျှင် ဘဏ်ငွေကို စစ်ဆေးရန် တွန့်ဆုပ်တွန့်ဆုပ်ရှိမည်ဖြစ်သည်။ သို့သော် ဘဏ်ငွေထဲတွင် လုံလောက်သောပိုက်ဆံရှိသဖြင့် သင်သည် ဝမ်းမြောက်ပီတိဖြစ်ပါလိမ့်မည်။

ကယ်တင်ခြင်းရရှိနိုင်ရန်အတွက်ကျွန်ုပ်တို့သည် ဘုရားသခင်၏ကတိတော်မှန်ကန်ကြောင်းကို စိတ်ချယုံကြည်ရပေမည်။သခင်ယေရှုသည် ကျွန်ုပ်ကိုယ်စားအသေခံ၍ သေခြင်းမှရှင်ပြန်ထမြောက်ကြောင်းကို ယုံကြည်ခြင်းရှိလျှင် ဘုရားသခင်သည် ကျွန်ုပ်တို့အား ထာဝရအသက်ပေးမည်ဖြစ်သည်။ ဘုရားသခင်သည် ယုံကြည်ကိုးစားရန်ထိုက်တန်၍ သူ၏ကတိသစ္စာကို စောင့်ထိန်းသောဘုရား ဖြစ်သည်။

## ယုံကြည်ခြင်းအားဖြင့်သာ၊ ယုံကြည်ခြင်းတစ်ခုတည်းသာ

လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ခန့်တွင် ထောင်မှူးကအရေးကြီးသော မေးခွန်း တစ်ခုကို မေးမြန်းခဲ့သည်။ ၎င်းမေးခွန်းသည် "ဆရာရယ်၊ ကျွန်ုပ်သည် ကယ်တင်ခြင်းရရှိ နိုင်ရန် မည်သည့်အရာကို လုပ်ဆောင်ရမည်နည်း။" ဖြစ်သည်။ တမန်တော်ရှင်ပေါလုက ဤသို့ရိုးရိုးလေးဖြေကြားခဲ့သည်၊ "သခင်ယေရှုခရစ်တော်ကို ယုံကြည်လော့။ ယုံကြည်လျှင် သင်သည် ကယ်တင်ခြင်းရရှိလိမ့်မည်"(တမန် ၁၆း၃၀-၃၁)။ ခရစ်ယာန်များသည် ၎င်းအဖြေကို အခြေခံပြုထားကြသည်။

ပေါလုဖော်ပြလိုသောအရာသည် "ကယ်တင်ရှင်၊ ကယ်တင်နိုင်သောအရှင်ကို သင်သည်ယုံကြည်ပါ" ဖြစ်သည်။ သူသည် သခင်ယေရှုကို ဘုရားအဖြစ် ဖော်ပြလိုခြင်း ဖြစ်သည်။ သူသည် သခင်ယေရှု၏ဘုရားဖြစ်ခြင်းကို ရှေးဦးစွာ ဖော်ပြလိုခြင်းဖြစ်သည်။ သခင်ယေရှု၏ဘုရားဖြစ်ခြင်းသည် အလွန်ရိုးသလေး မြတ်ဘွယ်ဖြစ်သည်။ ထောင်မှူးသည် ပေါလုနှင့်သိလတို့ကို လေးစားသောအားဖြင့် ဂရိဘာသာစကားမှဘာသာပြန်ဆိုခြင်းစကား လုံးဖြစ်သော "ဆရာ"စကားလုံးကို အသုံးပြုထားသည်။၂

ထောင်မှူးက သခင်ယေရှုသည် သူ့ကိုကယ်တင်နိုင်သောအရှင်သခင်ဖြစ် ကြောင်း ယုံကြည်ခြင်းတစ်ခုသာလိုအပ်သည်။ ထိုအချိန်တွင် ထောင်မှူးရှေ့တွင် အဖြစ်အပျက်အားလုံးသည် ဖွင့်ပြခြင်းမရှိပေ။ သို့သော်ပေါလုနှင့်သိလတို့သည် သခင်ယေရှု၏အသေခံ ခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ပြင်ဆင်ပေးခဲ့သော ကယ်တင်ခြင်းတရားကို ထောင်မှူးအားပြောပြခဲ့ကြောင်း ဖော်ပြထားသည်။ သူတို့ ဟောခဲ့သောတရားသည်လည်း ယနေ့ခရစ်ယာန်များဟောခဲ့သော တရားပင်ဖြစ် သည်။ ၃ ထောင်မှူး သည် သခင်ယေရှုပြုခဲ့သော ကတိတော်သည်မှန်ကန်ကြောင်းကို ယုံကြည်ရမည်။ အဘယ် ကြောင့်ဆိုသော်သခင်ယေရှုသည် ဘုရားဖြစ်ပြီ။ သူသည် သူ့ကို အပြစ်မှကယ်တင်ခဲ့သောကြောင့်ဖြစ်သည်။

ထောင်မှူးသည် ယုံကြည်ခြင်းတစ်ခုတည်းသာ လိုအပ်သည်။ ဆိုလို သည့်သဘောသည် သူသည် ကောင်းမွန်သောအရာများလုပ်ဆောင်ရန်၊

စည်းမျဉ်းစည်းကမ်းများ လိုက်နာရန်၊ မိမိကိုယ်ကိုယ်အောင်မြင်ခြင်းရရှိရန်၊ ကတိသစ္စာဆိုရန် စသောလုပ်ဆောင်ချက်များကို မလိုအပ်ခဲ့ပေ။ ဘုရားသခင်ပြုသော ကတိတော်နှင့်သူ၏ပြင်ဆင်မှုအပေါ် ထပ်ဖြည့်ရန်လူသည် မလိုအပ်တော့ပေ။ သူ၏ယုံကြည်ခြင်းတစ်ခုတည်းသည် ဘုရားသခင် ၏ ဆုကျေးဇူးရရှိရန် လုံလောက်သည်။

ဤသို့အားဖြင့် များစွာသောလူတို့သည် ကျေးဇူးတော်အကြောင်းကို သိရှိရာတွင် မှားယွင်းခြင်းများစွာရှိသည်။ သူတို့က ကျေးဇူးတော်ကို ရရှိနိုင်ရန် လုပ်ဆောင်ခြင်းရှိရမည်။ ထိုက်တန်မှုသာကျေးဇူးတော်ကို ခံစားသည် ဟုပြောတတ်ကြသည်။ ထို့ကြောင့် ယုံကြည်ခြင်းထဲတွင် လုပ်ဆောင်မှုများ (သို့) လုပ်ဆောင်ချက်ဖြင့်သက်သေပြသခြင်းများလည်းပါဝင်သည်။ သူတို့က ယုံကြည်ခြင်းထဲတွင် သခင်ယေရှုသည် မိမိကယ်တင်ပိုင်ရှင် ယုံကြည်ဆက်ကပ်အပ်နှံခြင်းများလည်းပါဝင်ကြောင်း၊ ၎င်းယုံကြည်ခြင်းသည်လည်း ဘုရား သခင်ထံသို့ အသက်တာဆက်ကပ်အပ်နှံခြင်းတစ်ခုဖြစ်ကြောင်း ဖော်ပြကြသည်။ (ကျေးဇူးတော်အကြောင်းကို ပို၍သိရှိနိုင်ရန်အတွက် ခံယူချက်တို့ကို အခန်း၄တွင် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်သည်။) ကျွန်ုပ်တို့သည် ကျေးဇူးတော်၏စစ်မှန်သောအဓိပ္ပါယ်ကိုသိလျှင် ထိုကဲ့သို့သောယုံကြည်ခြင်းသည် မှားယွင်းကြောင်း တွေ့ရှိနိုင်ပေမည်။ ကျွန်ုပ်တို့သည် သခင်ယေရှုကိုသာယုံကြည်ခြင်းအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းရရှိခြင်းဖြစ်သည်။

ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းရရှိခြင်းအဓိပ္ပါယ်သည် ကျွန်ုပ်တို့သည် ထာဝရအသက်ရရှိနိုင်ရန် ဘုရားသခင်၏ကတိတော်ကို ယုံကြည်ခြင်း၊ ကျေးဇူးတော်ကို ရရှိခံစားနိုင်ရန် တနည်းတလမ်းအားဖြင့် ကြိုးပမ်းအားထုတ်မှု မပြုခြင်းဖြစ်သည်။ ယုံကြည် ခြင်းအားဖြင့် ကယ်တင်ခြင်းရရှိခြင်းဆိုသည်မှာ ကျွန်ုပ်တို့သည် ဘုရားသခင်ထံ မိမိအပြစ်တရားကလွဲ၍တခြားအရာတစ်ခုမျှ ယူဆောင်ခြင်းမပြုကြောင်း၊ ဘုရားသခင်ပြုခဲ့သော ကတိတော်သည် အမှန်ဖြစ်သည်ကို ယုံကြည်ကြောင်းဖော်ပြလိုခြင်းဖြစ်သည်။ ကျေးဇူးတော်သည် ယုံကြည်ခြင်းအားဖြင့်သာလျှင် ရရှိသည်။ ကျေးဇူးတော်အားဖြင့် ကယ်တင် ခြင်းရရှိခြင်းသည်လည်း ကျွန်ုပ်တို့သည် ဘုရားသခင်၏ကတိတော်ကို ယုံကြည်ခြင်းအားဖြင့်

ရရှိခြင်းကို ဖော်ပြလိုခြင်းဖြစ်သည်။

## ပြန်လှန်မေးခွန်းများ

၁။ ဆုကျေးဇူး၏သဘောတရားကို ဖော်ပြပါ။ မည်သည့်အချိန်တွင် ကျေးဇူးသည် ကြိုးပမ်းအားထုတ်မှုဖြစ်သနည်း။

၂။ ကယ်တင်ခြင်းသည် အဘယ်ကြောင့် ယုံကြည်ခြင်းအားဖြင့်သာရရှိသနည်း။

၃။ ကယ်တင်ခြင်းရရှိရန် လုပ်ဆောင်မှုကိုအားကိုးခြင်း၏ကွင်းဆက်အချို့တို့သည် မည်သည့်အရာများဖြစ်ကြသနည်း။

၄။ ယုံကြည်ခြင်းအားဖြင့် ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းရရှိသည် ဟူသော သမ္မာကျမ်းစာဖော်ပြချက်ကို ယနေ့ခေတ်ကာလတွင်သတင်းကောင်း ဝေငှပေးသောသူအချို့ကို မည်သို့ ငြင်းခုံခဲ့ကြသနည်း။

# အခန်း ၅

## ကျေးဇူးတော်၏အံ့ဖွယ်ရာတစ်ခု

ကျေးဇူးတော်ဆိုသည်မှာ ရိုးရိုးလေးခံယူချက်ဖြစ်သည်။ ဘုရားသခင်၏ ကတိတော်ကို ယုံကြည်သောသူသည် အဘိုးအခပေးဆပ်ရန်မလိုအပ်ဘဲ ထာဝရအသက်ကို ရရှိသည်။ သို့သော်ကျေးဇူးတော်သည် မြတ်နိုးဖွယ်ကောင်း သောအရာတစ်ခုဖြစ်သည်။ ကျေးဇူးတော်ကို နားလည်မှုလွဲသောသူများက အခမဲ့ပေးထားသောဆုကျေးဇူးကို နားမလည်နိုင်ဘဲ စိတ်ရှုပ်ထွေးတတ်ကြသည်။ အချို့သောခရစ်ယာန်များနှင့် အခြားသောဘာသာများက ကျေးဇူးတော်အကြောင်းကို ပါးစပ်ဖျားမှထွက်တတ်ကြသည်။ သို့သော် သူတို့သည် ကျေးဇူးတော်စကားလုံး၏အဓိပ္ပါယ်ကို လေးနက်စွာ မသိခဲ့ကြပေ။ ကျေးဇူးတော်ကို မှားယွင်းစွာနားလည်သောသူများကို ကောင်းမွန်စွာသွန် သင်ထားရန်အရေးကြီးသည်။ အောက်တွင်ဖော်ပြထားသော အချက်အလက်အချို့တို့သည် ကျေးဇူးတော်အကြောင်းကို လွဲမှားစွာခံယူခြင်းအကြောင်းဖြစ်သည်။၎င်းအား ဖြင့် ထာဝရကယ်တင်ခြင်းသိရှိနားလည်မှုသည်လည်း မည်သို့ အကျိုးသက်ရောက်မှုရှိသည်ကို ဖော်ပြထားသည်။

သင်သည် ဤအချက်များထဲမှ အနည်းဆုံးတစ်ခုကို ရင်ဆိုင်တွေ့ကြုံခဲ့ရပြီး သားဖြစ်နိုင်သည်။

## တန်ဖိုးကြီးမားသော ကျေးဇူးတော်

ကယ်တင်ခြင်းရရှိရန် ကျေးဇူးတော်သည် အလွန်တန်ဖိုးကြီးကြောင်း အချို့သော သူများက ပြောတတ်ကြသည်။ ကယ်တင်ခြင်းတွင် ဘုရားသခင်သည် မိမိ၏တစ်ပါးတည်းသော သားတော်ကိုယ်တိုင် စွန့်တော်မူသောကြောင့် တန်ဖိုးကြီးပါသည်။ သို့သော်အချို့သော သူများက ကယ်တင်ခြင်းသည် အလွန်ထူးဆန်းပြီး ဘုရားသခင်က အဖိုးအခများစွာပေး ဆပ်ခဲ့သည်ဟု တွေးတောကြသည်။ ထို့ကြောင့်ကျွန်ုပ်တို့သည်လည်း ထာဝရအသက် ရရှိနိုင်ရန် ပေးဆပ်မှုတစ်ခုခုလိုအပ်သည်ဟူ၍လည်း တွေးတတ်ကြသည်။ ထိုသို့သော အတွေးအခေါ်ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်ထံဆက်ကပ်မှု သူ့ကို အစေခံရန် ကတိပြုခြင်း၊ သူ့ထံအနှံ့ပေးဆက်ကပ်ခြင်း နှင့် အဖိုးအခအတွက် ဆုတောင်းခြင်းမရှိလျှင် ဘုရားသခင်သည် ထာဝရ ကယ်တင်လိမ့်မည်ဟု ခံယူကြခြင်းဖြစ်သည်။ အခြားသောစကားအားဖြင့်ဖော်ပြရလျှင် ကယ်တင်ခြင်းသည် ထိုသူတို့အတွက် အဖိုးအခများစွာပေး ဆပ်ရန်လိုအပ်သည်။ ကျွန်ုပ်တို့အသက်တာတွင် သခင်ယေရှုခရစ်တော်ကို အရှင်သခင်အ ဖြစ်ထားရှိရမည် ဟု ရံဖန်ရံခါ ဖော်ပြတတ်သည်။ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းရရှိရန် သခင်ယေရှုသည် ကျွန်ုပ်တို့၏ နှလုံးသား "ပလ္လင်"ကို အုပ်စိုးစေရမည်ဟူ၍လည်း ပြောတတ်ကြသည်။ ယုံကြည်သူများသည် ဤကဲ့သို့သော ဆက်ကပ်အပ်နှံမှုလိုအပ်လျှင် မယုံကြည်သူများအပေါ်ထိုတောင်းဆိုမှုများပြောခြင်းသည် သမ္မာကျမ်းစာ ဖော်ပြချက်နှင့် ညီညွတ်မှုမရှိပေ။ ကျွန်ုပ်တို့၏အခြေနေပေါ်တွင် မူတည်၍ ဘုရားသခင်သည် ကျေးဇူးတော်ကို ပေးအပ်ခဲ့လျှင် ကျေးဇူးတော်သည် ကျေးဇူးတော်

မဟုတ်တော့ပေ။ ကျွန်ုပ်တို့ သိရှိပြီးခဲ့သည့်အတိုင်း သမ္မာကျမ်းစာထဲ၌ဖော်ပြထားသော ကျေးဇူးတော်သည် အခြေ အနေပေါ်တွင် မမူတည်ခဲ့ပေ။ ကျေးဇူးတော်သည် အခမဲ့ပေးအပ်သောအရာတစ်ခုဖြစ်သည်။ အဖိုးအခတောင်းဆိုခြင်းမရှိပေ။

## အဖိုးအခနည်းပါးသော ကျေးဇူးတော်

*အဖိုးအခနည်းပါးသော ကျေးဇူးတော်သည်* တခါတရံ ကျေးဇူးတော်သည် အခမဲ့ပေးအပ်သောအရာဖြစ်ခြင်းကို မျက်ဝါးထင်ထင်မြင်နိုင်ရန် ဖော်ပြပေးရာတွင် အသုံးပြုသည်။ *တန်ဖိုးကြီးမားကျေးဇူးတော်သည် သမ္မာကျမ်းစာဖော်ပြချက်မဟုတ်ပေ။ အဖိုးအခနည်းပါးသော ကျေးဇူးတော်သည်လည်း* သမ္မာကျမ်းစာနှင့် ညီညွတ်မှုမရှိပေ။ ကျေး ဇူးတော်သည် တန်ဖိုးကြီးမားသည်၊ တန်ဖိုးလျော့နည်းသည် ဟူ၍မရှိပေ။ ကျေးဇူးတော်သည် အခမဲ့သက်သက်ပေးအပ်သောအရာဖြစ်သည်။ ကျေးဇူးတော်သည် အခမဲ့သက်သက်ဖြစ်သည်ဟု သွန်သင်သောသူများသည် သမ္မာကျမ်းစာနှင့် ညီညွတ်သောသွန်သင်မှုကို သွန်သင်သောသူများဖြစ်သည်။ သမ္မာကျမ်းစာက ဘုရားသခင်၏ကျေးဇူးတော်ကို မထိမဲ့မြင်ပြုသောသူနှင့် ငြင်းပယ်သောသူများကို မပြောခဲ့ပေ။ ထိုသူတို့အတွက် ကျေး ဇူးတော်သည် သူတို့၏ဘဝအတွက် "ဈေးပေါ"သောအရာဖြစ်သည်။ သို့သော် ထာဝရ ကယ်တင်ခြင်းရရှိသောသူများအတွက်ကျေးဇူးတော်သည် တန်ဖိုးတွက်ဆ၍မရသောအရာဖြစ်သည်။ ကျေးဇူးတော်သည် အခမဲ့သက်သက်ဖြစ်သည်ဟု ဖော်ပြသောအခါ ဘုရားခင် (သို့) သူ၏ ကယ်တင်ခြင်းတရားကို လျှော့တွက်ခြင်းမဟုတ်ပေ။ တကယ်တွင် ကျေး ဇူးတော်အခမဲ့ပေးအပ်ခြင်းက ဘုရားသခင်၏ဘုန်းတော်နှင့် နှိုင်းတု၍မရသော သူ၏ မေတ္တာတော်ကို ထင်ရှားစေသည်။ ကျေးဇူးတော်က ဘုရားသခင်ကို စိတ်နှလုံးမြှောက်စွာ

ကိုးကွယ်စေခဲ့၍ ဝိညာဉ်တော်နှင့်ပြည့်ဝသောအသက်တာအားဖြင့် အသက်ရှင်စေသည်။ ကျေးဇူးတော်သည် အခိုးအခ ပေးဆပ်ရန်မလိုအပ်ပေ။ ဈေးပေါသောအရာလည်းမဟုတ်ပေ။ ရှပ်ထွေးသောအရာလည်းမဟုတ်ပေ။ ကျေးဇူးတော်သည် ရိုးရိုးလေးနှင့် အခမဲ့ပေး အပ်ထားခြင်းဖြစ်သည်။

# ယုံကြည်ရန်လွယ်ကူခြင်း

ယုံကြည်ရန်လွယ်ကူခြင်းစကားလုံးသည် ကယ်တင်ခြင်းသည် အခမဲ့ပေးထားသော ဆုကျေးဇူးဖြစ်ကြောင်းသွန်သင်မှုကို ဆန့်ကျင်ဘက်ပြုထားသည်။ ကျေးဇူးတော်သည် အခမဲ့ပေးသည်ဟု ဆိုရာတွင် ယုံကြည်ရန်လွယ်ကူသည်ဟု ယုံကြည်ခြင်းကြောင့် ကယ်တင်ခြင်းသည် ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့်ကျေးဇူးတော်ကြောင့်သက်သက်သာလျှင် ကယ်တင်ခြင်းရရှိသည်ဟူသော ခံယူချက်ဖြစ်တွန်းစေသည်။ ဆက်ကပ်အပ်နှံ ခြင်း။ ကယ်တင်ခြင်းရရှိကြောင်း၊ ထင်ရှားစေခြင်းသည်တို့ကို ဘေးသို့ဖယ်တတ်ကြသည်။ ထို့ကြောင့်ယုံကြည်ရန်လွယ်ကူခြင်းဖြစ်သည်။ သို့သော်ထိုသို့သော ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏ကျေးဇူးတော်ကို မထီမဲ့မြင်ပြုသော အသက်တာမျိုးဖြင့်အသက်ရှင်နိုင်သည်။ ထိုကဲ့သို့သော ခံယူချက်သည်လည်း၊ တဘက်စွန်းရောက်နိုင်သည်။ အဘယ့်ကြောင့်ဆို သော်ယုံကြည်ခြင်းသည် လွယ်ကူသောအရာမဟုတ်ပေ။

- ကျွန်ုပ်သည် အပြစ်သားဖြစ်၍ဘုရားသခင်နှင့်ထာဝရခွဲခြားမည့်သူဖြစ်သည်ဟု ယုံကြည်ရန်မလွယ်ကူပေ။
- ကျွန်ုပ်သည် မိမိကိုယ်ကိုယ် ထာဝရအပြစ်တရားစီရင်ခြင်းမှ မကယ်

တင်နိုင်ပေဟု ယုံကြည်ရန် မလွယ်ကူပေ။

- ဘုရားသခင်သည် လူ့ဇာတိကို ခံယူသည်၊ ပြည့်စုံသောအသက်တာအားဖြင့် အသက်ရှင်ခဲ့သည်၊ သူသည် အသေခံသည်၊ သူသည် သေခြင်းမှရှင်ပြန်ထမြောက်သည်ဟု ယုံကြည်ရန်မလွယ်ကူပေ။
- လွန်ခဲ့သောနှစ်ပေါင်းနှစ်ထောင်ခန့်တွင် ယခုနေ့ကျွန်ုပ်၏အပြစ်ကြွေးပေးဆပ်ပေးသည်ဟု ယုံကြည်ရန်မလွယ်ကူပေ။
- ဘုရားသခင်သည် ကျွန်ုပ်ကိုချစ်၍ သူသည် ထာဝရအသက်ကို အခမဲ့ပေးခဲ့သည်ဟုယုံကြည်ရန် မလွယ်ကူပေ။

ယုံကြည်ရန် မလွယ်ကူပေ။ သို့သော်ယုံကြည်ခြင်းသည် ရိုးရိုးလေးဖြစ်သည်။အဘယ်ကြောင့်ဆိုသော် ယုံကြည်ခြင်းဟူသည် ဘုရားသခင်၏မြင့်မြတ်သော ပြင်ဆင်မှုနှင့်ကတိတော်များကို ယုံကြည်ခြင်းဖြစ်သည်။

## အစပေးသောကျေးဇူးတော်

အချို့သောဘာသာများက ကျွန်ုပ်တို့သည် ကောင်းမြတ်သောအရာများလုပ်ဆောင်နိုင်ရန် ဘုရားသခင်ကူညီပေးသောအရာသည် ကျေးဇူးတော်ဖြစ်သည်ဟု မကြာ ခဏပြောတတ်ကြသည်။ ဝိညာဉ်ရေးရာကြီးထွားရန်အတွက်၊ (သို့) ကောင်းမြတ်သောအရာများလုပ်ဆောင်နိုင်ရန်အတွက် (သို့) ဘုရားတရားကိုအာရုံပြုနိုင်ရန်အတွက်ဖြစ်သည်ဟု အချို့သောသူများကယူဆတတ်ကြသည်။ ဥပမာအားဖြင့်၊ ရောမကာတ်သလိပ်များက နှစ်ခြင်းမင်္ဂလာခံယူခြင်း။ ပွဲတော်မင်္ဂလာသုံးဆောင်ခြင်း။ အပြစ်အတွက်ဝမ်းနည်းကြေကွဲခြင်း။အသင်းသားတစ်ဦးအဖြစ်ဝင်ရောက်ခြင်း။

လက်ထပ်မင်္ဂလာဆောင်ခြင်း၊ ဘိသိက်ခံယူခြင်း၊ နှင့်ဖျားနာသောသူများအပေါ်ဆီလိမ်းခြင်း စသည်တို့ကို လုပ်ဆောင်မှသာ ဘုရားသခင်၏ကျေးဇူးတော်ကို ခံစားရမည်ဟု သွန်သင်ကြသည်။ သူတို့၏သွန်သင်မှုကို ကြည့်လျှင် ကယ်တင်ခြင်းအတွက်ဘုရားသခင်၏ကျေးဇူးတော်က မည်သူမည်ဝါကိုမှမကယ်တင်နိုင်ကြောင်းကို ဆိုလိုသည်။ ဤရှုထောင့်မှကြည့်လျှင် အထက်ကကျင့်သုံးသောဘာသာရေးလှုပ်ရှားမှုသည် လုပ်ဆောင်မှသာ ကယ်တင်ခြင်းရရှိရန်အတွက်ဖြစ်သည်။ ထိုလုပ်ဆောင်မှုများကို မလွဲမသွေလုပ်ဆောင်ရမည်။ ထိုသို့အားဖြင့် ဘုရားသခင်၏ကျေးဇူးတော်သည် ကယ်တင်ခြင်းရရှိနိုင်ရန် အတွက်မလုံလောက်ပေ ဟူသောယူဆချက်သို့လွဲချော်သွားခဲ့သည်။ ကျွန်ုပ်တို့သည် ကောင်းမြတ်သောအရာများ လုပ်ဆောင်ခြင်းအားဖြင့် ဘုရားသခင်နှင့် လက်တွဲပါဝင်လုပ်ဆောင်မှသာ ဘုရားသခင်က ကယ်တင်ခြင်းရရှိရန်အတွက်လိုအပ်သော ကျေးဇူးတော်ကို ''ပေးအပ်''မည်ဖြစ်သည်။ ထိုသို့ဆိုသော် ကျေးဇူးတော်သည် လုပ်ဆောင်ခြင်းအားဖြင့်ရရှိနိုင်သောအရာဖြစ်သောကြောင့် ကျေးဇူးတော်မဟုတ်တော့ပေ။

## လုံလောက်မှုမရှိသော ကျေးဇူးတော်

အချို့သောဘာသာတရားလိုက်စားသူများသည် ကျေးဇူးတော်အကြောင်းကို နှစ်ထောင်းအားရရှုပြောတတ်ကြသည်။ သို့သော် ကျေးဇူးတော်သည် ဘုရားသခင်၏ မျက်နှာသာပေးခြင်း (သို့)သနားကြင်နာခြင်းဖြစ်သည်ဟု အနက်ဖွင့်ဆိုတတ်ကြသည်။ထိုသို့သောခံယူခြင်းသည် ယေဟောဝါသက်သေခံများ၏သိမှုနားလည်မှု (သို့)ခံယူချက်ဖြစ်သည်။ ဘုရားသခင်သည် ဂရုဏာတော်နှင့်ပြည့်စုံသောဘုရား။ ကျွန်ုပ်တို့ကို မျက်နှာသာပေးသောဘုရားဖြစ်သည်။ သူသည် ကျွန်ုပ်တို့၏

လုပ်ဆောင်ချက်နှင့် နာခံခြင်းအားဖြင့် ကယ်တင်ခြင်းပေးမည်ဖြစ်သည်။ တခန် ဖော်ပြရလျှင် ကျေးဇူးတော်ကို လုပ်ဆောင်ခြင်းအားဖြင့်ရရှိလျှင် ကျေးဇူးတော်သည် ကျေးဇူးတော်မဟုတ်တော့ပေ။ The Church of Jesus Christ of Latter Day Saints (Mormonnism) များက ကျေးဇူးတော်သည် လူတွေက မိမိကြိုးပမ်းမှုအားဖြင့် အထက်သို့တက်နိုင်ရန် လုပ်ဆောင်ပေးထားသော လှေကားဖြစ်သည်ဟု ခံယူကြသည်။ သူတို့၏အမြင်အားဖြင့် ကျေးဇူးတော်သည် မိမိကိုယ်ကိုယ် ကယ်တင်နိုင်ရန် လုပ်ဆောင်ပေးသောအခွင့်အရေး (သို့)အစွမ်းပကားဖြစ်သည်။ ကျေးဇူးတော်သည် ကျွန်ုပ်တို့အပေါ်ဘုရားသခင်၏သနား ကြင်နာမှုထက်သာပါသည်။ ကျေးဇူးတော်သည် ဘုရားခင် ဖြင်ဆင်ပေးထားသောတန် ဆာပလာတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့ကို ကူညီပေးသောအရာသက်သက်မဟုတ်ပေ။ ဘုရားသခင်၏ ကျေးဇူးတော်သည် ကယ်တင်ခြင်းရရှိနိုင်ရန် လိုအပ်သောအရာဟူသမျှ ဖြည့်ဆည်းပေးသော တန်ဆာပလာတစ်ခုဖြစ်သည်။

## ဆိုးသွမ်းမှုပြုရန်လက်မှတ်ဖြစ်သော ကျေးဇူးတော်

*ဆိုးသွမ်းမှုပြုရန်လက်မှတ်ဖြစ်သော ကျေးဇူးတော်* ဟုခံယူသောသူများသည် ကယ်တင်ခြင်းသည် အခမဲ့သက်သက်ဖြစ်သောကြောင့် တစ်ကြိမ်ကယ်တင်ခြင်းရရှိခဲ့ပြီး လျှင် မိမိနှစ်သက်သောအရာအကောင်းအဆိုးစိတ်ကြိုက်လုပ်ဆောင်နိုင်သည်။ သူတို့အ တွက် ကျေးဇူးတော်သည် အပြစ်ပြုရန် ပေးအပ်ထားသော လက်မှတ်ပမာဖြစ်သည်။ ထိုသို့ သောခံယူချက်သည် သမ္မာကျမ်းစာထဲတွင် ဖော်ပြထားသောအခမဲ့ပေးထားသောကျေးဇူးတော်နှင့် ညီညွတ်မှုမရှိပေ။ ကျေးဇူးတော်သည် အခမဲ့သက်သက်ပေးထားသောအရာ ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ရှေ့တော်တွင် မတ်သပ်ရပ်ကြသောအခါ ကျွန်ုပ် တို့လုပ်ဆောင်

နိုင်သောအရာတစ်ခုမျှမရှိတော့ပေ။ ကျွန်ုပ်တို့သည် မိမိကြိုးပမ်းအားထုတ်မှုအားဖြင့် ကယ်တင်ခြင်းမရလျှင် ကျွန်ုပ်တို့အပြစ်ပြုခြင်းအားဖြင့်လည်း ကယ်တင်ခြင်း ဆုံးရှုံးသွားမည်မဟုတ်ပေ။ (ကျွန်ုပ်တို့မလုပ်ဆောင်ခြင်းအားဖြင့်လည်း ကယ်တင်ခြင်းဆုံးရှုံးသွားမည်မဟုတ်ပေ)။ သို့သော် ကျေးဇူးတော်တွင် တာဝန်ဝတ္တရားကျေပွန်စွာ လုပ်ဆောင်ရန်နှင့် နာခံခြင်းရှိရန် သမ္မာကျမ်းစာက သွန်သင်ထားသည်။ ကျွန်ုပ်တို့သည် တာဝန်ကျေပွန်စွာ (သို့) နာခံမှုဖြင့်အသက်မရှင်လျှင် ယခုဘဝနှင့် နောင်ဘဝတွင် အကျိုးခံစားမည်ဖြစ်သည်။ (အခန်း ၉ ကိုကြည့်ပါ)။ ယုံကြည်သူများသည် မွေဟောင်းပညတ်တော်အောက်တွင် လုံးဝမနေတော့ပေ။ သို့သော် "ခရစ်တော်၏ပညတ်တော်" အောက်တွင် နေကြသည်။ ထိုပညတ်တော်ထဲတွင် ကျွန်ုပ်တို့သည် ဝိညာဉ်လူအဖြစ်အသက်ရှင်ရန် မိန့်ဆိုထားပါသည်။

ကျေးဇူးတော်အကြောင်းကို သိရှိနားလည်၍ နှစ်သက်သောသူများသည် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းရရှိသောကြောင့် ကျေးဇူးတော်ကို မထီမဲ့မြင်ပြုနိုင်မည်မဟုတ်ပေ။ သို့သော် သူတို့သည် ဘုရားသခင်ဘုန်းတော်ကို ထင်ရှားစေသော အသက်တာအားဖြင့် အသက်ရှင်ကြမည်ဖြစ်သည်။ ကျေးဇူးတော်ကို ကောင်းမွန်စွာသိရှိက မိမိ အသက်တာတွင် လက်တွေ့ကျကျအသုံးချလျှင် ကျေးဇူးတော်သည် မြင့်မြတ်သောဘဝကို ပိုင်ဆိုင်စေသောအရာဖြစ်သည်။ ကျေးဇူးတော်က ဘုရားတရားကိုင်းရှိုင်းသောအသက်တာအားဖြင့် အသက်ရှင်စေသည်။ ကျွန်ုပ်တို့၏ကိုယ်ပိုင်လွတ်လပ်မှုကို အပြစ်ပြုရန်ရရှိ သောလက်မှတ် အဖြစ်အသုံးမပြုရန်၊ သို့သော် ဘုရားသခင်ကို အစေခံရန်နှင့် အခြားသူ များအတွက် အသုံးပြုရန်သမ္မာကျမ်းစာကို အကြံပြုထားပါသည်။[၁] တကယ်တန်းကျတော့ ဘုရားသခင်၏ကျေးဇူးတော်ကို ငြင်းပယ်သူများလည်းရှိနိုင်သည် ဟူ၍လည်း သမ္မာကျမ်းစာထဲတွင် ဖော်ပြထားပါသည်။

# နောင်တရခြင်းနှင့် ကျေးဇူးတော်

နောင်တရခြင်း စကားလုံးကို ကယ်တင်ခြင်းအတွက် ဖော်ပြပေးရာတွင် လွဲချော်မှုများစွာရှိသည်။ နောင်တရခြင်း စကားလုံးသည် ဂရိဘာသာစကားလုံး နှစ်လုံးတို့ကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ "ပြန်လည်သတိရခြင်း" (သို့) စိတ်နှလုံးပြောင်းလဲခြင်း ဟုအဓိပ္ပါယ်ရသည်။ ၎င်းစကားလုံးသည် အတွင်းပိုင်းပြောင်းလဲမှု၊ စိတ်နှလုံးသားပြောင်းလဲမှုများကို ရည်ညွှန်းလိုခြင်းဖြစ်သည်။ သို့မှသာ အပြင်ပန်းသဏ္ဍာန်များကိုလည်းပြောင်းလဲသွားမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းထဲတွင် နောင်တရခြင်းစကားလုံးကို ဖော်ပြသောအခါ လူတစ်ဦးသည် သတင်းကောင်းကို ယုံကြည်လက်ခံသောအခါ စိတ်ပိုင်း ဆိုင်ရာပြောင်းလဲခြင်း ရှိသည်ကို ဖော်ပြလိုခြင်းဖြစ်သည်။ ကယ်တင်ခြင်းမရသေးသောသူများသည် သူတို့၏လိုအပ်မှုများကို မသိကြခြင်းဖြစ်ကာ၊ သူတို့သည် ဘုရားသခင်မှ ဆင်ပေး၍ ကတိပြုခဲ့သော ထာဝရအသက်ကို နားမလည်ဘဲ မလက်ခံခြင်းဖြစ်သည်။ ကယ်တင်ခြင်းထဲတွင် နောင်တရခြင်း၏အဓိပ္ပါယ်နှင့် ယုံကြည်ခြင်းတို့သည် ဆက်စပ်လျက်ရှိသည်။ နောင်တရခြင်းအသုံးအနှုန်းတွင် နောင်တရခြင်းစကားလုံးသည် ဘုရားသခင်၏အ ခမဲ့ပေးထားသော ကျေးဇူးတော်နှင့် ဆန့်ကျင်ဘက်မဖြစ်ပေ။ သို့သော် များစွာသော လူများသည် လူတစ်ဦးသည် မိမိအပြစ်ကို စွန့်ပစ်၍နောက်လှည့်လျှင် ကယ်တင်ခြင်းရရှိသည်ဟု မှားယွင်းစွာခံယူတတ်ကြသည်။ သူတို့သည် နောင်တရခြင်းကို အပြင်ပန်း သဏ္ဍာန်အားဖြင့်ထင်ရှားစေခြင်းမရှိကြပေ။ ဓမ္မသစ်ကျမ်းစာထဲတွင် နောင်တရခြင်းသည် အတွင်းပိုင်းပြောင်းလဲမှုဖြစ်ကြောင်းကို ထင်ရှားစွာ ဖော်ပြထားပါသည်။ ဥပမာအားဖြင့် ဗတ္တိဇံယောဟန်သည် ဖာရိရှဲများကို "နောင်တရခြင်းအသီးကိုသီးကြလော့"ဟု ဟောပြောခဲ့သည်။ ကျွန်ုပ်တို့သည် အတွင်းသဏ္ဍာန်

ပြောင်းလဲခြင်းနှင့် အပြစ်ပန်းသေဆွာနှစ်ပြောင်း လဲခြင်းတို့၏ ကွာခြားမှုကို တွေ့ရှိနိုင်သည်။ နောင်တရခြင်းသည် ကယ်တင်ခြင်းရရှိရန် အတွက် အပြစ်တရားမှ ပြန်လှည့်ခြင်းအဖြစ်သာခံယူလျှင် အခမဲ့ပေးထားသော ဘုရားသခင်၏ကျေးဇူးတော်သည် ပျက်ဆီးသွားပါလိမ့်မည်။

## ရေနှစ်ခြင်းနှင့် ကျေးဇူးတော်

ကယ်တင်ခြင်းရရှိရန်အတွက် ရေနှစ်ခြင်းခံယူရမည်ဟူသောယုံကြည်ခြင်းသည် လည်းပေါ်ပေါက်လာပါသည်။ ၎င်းယုံကြည်ခြင်းသည် မှန်ကန်ခဲ့လျှင် ကျေးဇူးတော်သည် အဓိပ္ပါယ်မရှိတော့ပေ။ ကျေးဇူးတော်အားဖြင့်ကယ်တင်ခြင်း ရရှိခဲ့ပြီးသောသူတစ်ဦးအတွက် ခရစ်ယာန်တစ်ဦးအဖြစ်အသိအမှတ်ပြုခြင်းခံရန် ရေနှစ်ခြင်းခံယူခြင်းသည်လည်းအရေးကြီးသည်။ ဝိညာဉ်ပိုင်းဆိုင်ရာပြောင်းလဲမှုကို အပြစ်ပန်းသေဆွာနှစ်အားဖြင့် ထင်ရှားစေခြင်းသည် အရေးကြီးသောအရာတစ်ခုဖြစ်သည်။ သို့သော်ရေနှစ်ခြင်းခံယူခြင်းသည် ကယ်တင်ခြင်းရရှိခဲ့ပြီးနောက် လုပ်ဆောင်ရမည့်အရာဖြစ်သည်။ ကယ်တင်ခြင်းရရှိရန်အတွက်မဟုတ်ပေ။² ရေနှစ်ခြင်းခံယူခြင်းသည် ကယ်တင်ခြင်းရရှိရန်အတွက်ဖြစ်လျှင် အခမဲ့ပေးထားသော ကျေးဇူးတော်သည် အဓိပ္ပါယ်မရှိတော့ပေ။

## လုပ်ဆောင်ခြင်းများနှင့် ကျေးဇူးတော်

အချို့သောသူများက ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းရရှိနိုင်ရန် အတွက် တစ်စုံတစ်ခုကို လုပ်ဆောင်ရမည်ဟု ဖော်ပြထားကြသည်။ အချို့သောသူများက ဘုရားသခင်၏စကားကို နားထောင်သောသူ (သို့) နားထောင်ရန် ကတိပြုသောသူများအပေါ်၌ သာ ကျေးဇူးတော်သွန်းလောင်းထားခြင်းဖြစ်သည်ဟု

ပြောတတ်ကြသည်။ သတင်းကောင်းဟောပြောရာတွင် အခမဲ့ပေးထားသော ကျေးဇူးတော်ကို "ရှေ့ပြေး"အဖြစ်အသုံးပြုတတ်ကြသည်။ အခြားသောသူများက လုပ်ဆောင်မှုများအားဖြင့် မိမိသည် ခရစ်ယာန်များ ဖြစ်ကြောင်းကို သက်သေပြသောသူများအပေါ်၌သာကျေးဇူးတော်ကို သွန်းလောင်းထား သည်ဟု ယူဆတတ်ကြသည်။ ၎င်းကို သတင်းကောင်း၏ "ယောင်ပြန်တပ်ခြင်း" ဟုကျွန်ုပ်တို့ခေါ်ပါသည်။ ထိုလုပ်ရပ်သည် ကျွန်ုပ်တို့၏ဇာတိအသွေးအသားဖြင့်လုပ်ဆောင်ခြင်းမဟုတ်၊ ကျွန်ုပ်တို့အထဲတွင် သန့်ရှင်းသော ဝိညာဉ်တော်အမှုပြုခြင်းဖြစ်သည်ဟု အချို့သောသူများက ပြောတတ်ကြသည်။ သို့သော် သမ္မာကျမ်းစာက လုပ်ဆောင်ချက်များသည် ကယ်တင်ခြင်းရရှိရန် မစွမ်းဆောင်နိုင်ဟုဖော်ပြလျှင် ကျွန်ုပ်တို့ကြိုးပမ်းလုပ်ဆောင်မှုများသည် အနတ္တသက်သက်ဖြစ်သည်။ ကယ်တင်ခြင်းရရှိရန်အတွက် လုပ်ဆောင်ချက်ဖြင့် ကြိုးပမ်း အားထုတ်ခြင်းသည် ပင်ပန်းခြင်းသာအဖတ်တင်ပါသည်။ ခရစ်ယာန်အသက်တာတွင် ကောင်းမြတ်သောအရာလုပ်ဆောင်ခြင်း၏ အရေးပါမှုကို အခန်း ၈ တွင် ဆွေးနွေးတင် ပြထားပါသည်။

များစွာသောလူတို့သည် ကျေးဇူးတော်၏နိယာမကို စွဲယူ၍ ၎င်းကို ရှုပ်ထွေး အောင်လုပ်သည်။ ကျေးဇူးတော်အကြောင်းကို သွန်သင်ရာတွင်လည်း သမ္မာကျမ်းစာသွန် သင်ခြင်းနှင့် ညီညွတ်မှုမရှိဘဲ မူရင်းအဓိပ္ပါယ်ဆိုလိုရင်းမှ လွှဲချော်သွားခဲ့သည်။ ကျေးဇူးတော်အကြောင်းနှင့်ပတ်သက်၍သမ္မာကျမ်းစာက အခမဲ့သက်သက်ပေးထားသောဆုကျေးဇူးဟု အသုံးပြုထားသောကြောင့် ကျွန်ုပ်တို့သည်လည်း အခမဲ့သက်သက်ဖြစ်သည်ဟု ခံယူရန်လိုအပ်သည်။ ကယ်တင်ခြင်းသည် ယုံကြည်ခြင်းအားဖြင့်ကျေးဇူးတော်ကြောင့် ရရှိသည်။ ၎င်း၏အဓိပ္ပါယ်သည် ကျေးဇူးတော်သည် လူတစ်ဦးက လက်ခံနိုင်ရန် အခမဲ့ပေးထားခြင်းဖြစ်သည်။ အခမဲ့ပေးထားသော ကျေးဇူးတော်သည် လွယ်ကူသောအရာဖြစ် သောကြောင့်များ

စွာသောသူများက ၎င်းစကားလုံး၏အနက်အဓိပ္ပါယ်ကို လွှဲမှားစွာခံယူတတ်ကြသည်။ ကျေးဇူးတော်သည်လည်းအလွန်တန်ဖိုးကြီးသောကြောင့် ဘုရားသခင်က သာပေးစွမ်းနိုင်ခြင်းဖြစ်သည်။ ကျေးဇူးတော်အားဖြင့်ကယ်တင်ခြင်း ရရှိခြင်းသည် ဘုရားသခင်၏ဘုန်းတော်ထင်ရှားဖို့ရန်အတွက်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဇာတိအသွေးအသား များအားဖြင့် ကျေးဇူးတော်ကို မထိမဲ့မြင်ပြုတတ်ကြသည်။ ကျွန်ုပ်တို့သည် ကယ်တင်ခြင်း ရရှိရန်အတွက် တစုံတခုကို လုပ်ဆောင်လိုကြသည်။ ၎င်းက ကျွန်ုပ်တို့၏မာန်မာနကို ပြသသည်။ ကျွန်ုပ်တို့သည် ထိုက်တန်သောသူများဖြစ်ကြောင်းကိုလည်း ခံစားရန် ကျေးဇူးတော်ကမပေးပါသည်။ သို့သော် ဘုရားသခင်သည် သူ၏ဘုန်းတော်ထင်ရှားဖို့ရန်အတွက်သာ ကျေးဇူးတော်ကို အခမဲ့ပေးထားပါသည်။ ဘုရားသခင်ကသာ ကျေးဇူးတော်ကို ပိုင်ဆိုင်သည်။

## ပြန်လှန်မေးခွန်းများ

၁။ သင်သည်တန်ဖိုးမြင့်မားသောကျေးဇူးတော်၊ ဈေးပေါသောကျေးဇူးတော်နှင့် လွယ်လင့်တကူရရှိခြင်းခံယူခြင်းကို မည်သို့သုံးသပ်မည်နည်း။ရှင်းပြပါ။

၂။ ကျေးဇူးတော်အားဖြင့်ကယ်တင်ခြင်းရရှိခြင်းတွင် ကျွန်ုပ်တို့ဘက်မှ အကူအညီ (သို့)ပေးဆပ်ရန် တစုံတခုလိုအပ်သလော။

၃။ ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းရရှိသည်ဟု ဖော်ပြသောအချိန်တွင် နောင်တရခြင်းအတွက် နားလည်မှုလွဲချော်မှုများသည် မည်သို့ဖြစ်သည်ကို ရှင်းပြပါ။

၄။ ကယ်တင်ခြင်းထဲတွင် ဗတ္တိဇံ၏အခန်းကဏ္ဍကို ဖော်ပြပါ။

# ၆
# အခန်း

## ကျေးဇူးတော်အားဖြင့်လုံခြုံမှုရရှိခြင်း

သင်၏ကယ်တင်ခြင်းသည် လုံခြုံစိတ်ချမှုရှိသည်ဟု ယုံကြည်ခြင်းမရှိလျှင် ကျေးဇူးတော်၌အမြစ်မစွဲခြင်းဖြစ်သည်။ ထိုဖော်ပြချက်ကို ကျွန်ုပ်သည် မည်သို့ ဖော်ပြရမည်နည်း။ သင်သည် ဘုရားသခင်နှင့် ဆက်သွယ်ရာတွင် လုံခြုံမှုမရှိလျှင် အခြေအနေပေါ်တွင်မမူတည်သော သူ၏ကတိတော်၌အောက် ခြေခိုင်ခံ့စွာ မရပ်တည်ခြင်းဖြစ်သည်။ ထိုသို့ဆိုသော် သင်၏မပြည့်စုံသော လုပ်ဆောင်ချက်အနည်းငယ်ကိုသာ ကြွင်းကျန်ပါလိမ့်မည်။ သင်၏ လုပ်ဆောင်ချက်များသည် သင်ကို ထာဝရအသက်အတွက် အာမခံချက်မပေးနိုင်ပေ။

ကျေးဇူးတော်အကြောင်းနှင့် ကျေးဇူးတော်၏သဘောတရားကို သိရှိနားလည်သောသူများသည် ထာဝရလုံခြုံစိတ်ချမှုရရှိသောသူများဖြစ်ကြသည်။ ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည် ကျွန်ုပ်တို့လုပ်ဆောင်ချက်ပေါ်တွင် မမူတည်ဘဲ ဘုရားသခင်၏ကတိတော်ပေါ်တွင်သာ မူတည်သောကြောင့်ဖြစ်၏။ ကယ်တင်ခြင်းသည်လည်းမထိုက်တန်သောသူများအပေါ်အခမဲ့ပေးအပ်၍ ကြိုးပမ်းအားထုတ်ခြင်း

အားဖြင့်ရယူနိုင်သောအရာမဖြစ်သောကြောင့်ဖြစ်၏။ ကျွန်ုပ်တို့သည် လုံခြုံစိတ်ချမှုရှိခြင်းဖြစ်သည်။ ဘုရားသခင်၏ကတိတော်သည် မှန်ကန်သည်။ ဘုရားသခင်သည် လိမ်ခြင်းအမှုမပြုနိုင်ပေ။ ရောမ ၃း၄ထဲတွင် "လူခပ်သိမ်းတို့သည် သစ္စာပျက်သော်လည်း ဘုရားသခင်၏သစ္စာတော်သည်တည်စေသတည်း" ဟု ဖော်ပြထားသည်။ ၂တိ ၂း၁၃ ထဲတွင် "ငါတို့သည် မယုံကြည်သော်လည်း ထိုသခင်သည် သစ္စာတည်သဖြင့် ကိုယ်ကိုကိုယ်ငြင်းပယ်တော်မမူနိုင်" ဟုဖော်ပြထားသည်။ အခြားသောစကားလုံးအားဖြင့်ဖော်ပြရလျှင် ကျွန်ုပ်တို့သည် သခင်ယေရှုနှင့် ဆက်နွယ်ရန် ငြင်းပယ်နိုင်သော်လည်း (ရှင်ပေတရုကဲ့သို့) ဘုရားသခင်သည် သူ၏ကယ်တင်ခြင်း ကတိတော်အပေါ် အစဉ်သစ္စာရှိသောဘုရားသခင်ဖြစ်သည်။

## ဖွဲ့နှံ့သော ပြဿနာတစ်ခု

သူတို့သည် ထာဝရကယ်တင်ခြင်းရရှိကြောင်းမယုံကြည်သော လူကောင်း ကောင်းသောခရစ်ယာန်များကို နေရာတိုင်းတွင်ရှိနိုင်သည်။ သူတို့က သူတို့၏ ကယ်တင် ခြင်းသည် ဆုံးရှုံးသွားနိုင်သည် ဟုယုံကြည်ကြသည်။ ဤယုံကြည်ခြင်းက သူတို့၏စိတ်ကို မသက်သာနိုင်ပေ။ အချို့သောသူများက ထိုသို့သော ယုံကြည်ခြင်းမျိုးကို စိတ်ထဲမှာ တောင်တည့်တွင်းစဉ်းစားခြင်းမပြုခဲ့ပေ။ အချို့သောသူများကမူ သူတို့၏ရေရှည်ရေးအနာဂတ်အတွက် စိတ်ပူပန်ကာ၊ သံသယဖြစ်တတ်ကြသည်။ သူတို့၏စိတ်ထဲတွင် ဘုရားသခင် နှင့်ထာဝရချွဲပြီးပါမည်လော ဟု စိုးရိမ်ပူပန်စိတ်အမြဲတမ်းရှိသည်။ ထို့ကြောင့်သူတို့က ကြောင့်မက်စွာအသက်ရှင်ကြသည်။ အသင်းတော်၌အစေခံလုပ်ကြသည်။ သူတို့သည် ကယ်တင်ခြင်းရရှိခဲ့ကြောင်း လူတွေရှေ့တွင် သက်သေထူနိုင်ရန် သူတို့သည် လုပ်ဆောင်ချက်တုသ မှုလုပ်ကိုင်ခဲ့သည်။ သူတို့၏လုပ်ဆောင်ချက်သည် ပြည့်စုံခြင်းမရှိသောကြောင့် သူတို့၏ စိတ်ထဲတွင် သံသယများစွာရှိကြသည်။

ကယ်တင်ခြင်းသည် ဆုံးရှုံးသွားနိုင်သည်ဟုယုံကြည်သောသူများသည် ကယ်တင် ခြင်းမဆုံးရှုံးနိုင်ဟုသွန်သင်သောသူများကို ဆန့်ကျင်တတ်ကြသည်။ ကယ်တင်ခြင်းဆုံးရှုံးသွားနိုင်သည်ဟု ယုံကြည်သောသူအများအပြားကို ကျွန်တော်

တွေ့ရှိခဲ့သည်။ ကယ်တင်ခြင်းသည် ထာဝရလုံခြုံမှုရှိသည်ဟု သွန်သင်ရာတွင်အားနည်းချက်ရှိသည်။ ၎င်းသည် "သင်သည် ကယ်တင်ခြင်းကို ဘယ်တော့အခါမှ မဆုံးရှုံးနိုင်ဟု သွန်သင်လျှင် ခရစ်ယာန်တို့သည် သူတို့စိတ်ကြိုက်အသက်ရှင်ပါလိမ့်မည်။ သူတို့သည် အပြစ်ပြုရန် လက်မှတ်ရသလိုဖြစ်သွားနိုင်သည်" ဖြစ်သည်။ ကယ်တင်ခြင်းကို ဆုံးရှုံးသွားနိုင်သည်ဟုပြောသောသူများသည် ကောင်းသောသူများဖြစ်ကြောင်း၊ သူတို့က ခရစ်ယာန်များသည် ကောင်းမြတ်သော အရာများလုပ်ဆောင်ခြင်းအားဖြင့်အသက်ရှင်သောအသက်တာကို မြင်တွေ့လိုကြကြောင်း ကျွန်တော်တွေ့ရှိခဲ့သည်။

ကယ်တင်ခြင်းမဆုံးရှုံးနိုင်ဟုယုံကြည်သောသူများ၏ခံယူချက်သည် တခါတရံ "တစ်ကြိမ်ကယ်တင်ခြင်းရရှိလျှင် ထာဝရအတွက်လုံလောက်သည်" ဟူ၍လည်းခေါ်ပါ သည်။ ၎င်းသည် တိကျသေချာသော ဖော်ပြချက်တစ်ခုဖြစ်သည်။ ထို့ပြင် လူများစွာတို့ သည် ၎င်းကြောင့်ပျက်ဆီးသွားခဲ့ကြသည်။ သူတို့သည် ကယ်တင်ခြင်းရရှိပြီးနောက် ကယ်တင်ခြင်းမဆုံးရှုံးနိုင်ဟုခံယူကာ မိမိစိတ်ကြိုက်အသက်ရှင်တတ်ကြသည်။ ကျွန်ုပ်တို့ သည် ကယ်တင်ခြင်းဆုံးရှုံးသွားနိုင်သည် ဟုခံယူသောသူများ၏အားနည်းချက်ကို ကြည့် ကြပါစို့။ ဥပမာအားဖြင့် ကျွန်ုပ်တို့၏ထာဝရကယ်တင်ခြင်းသည် ဆုံးရှုံးသွားနိုင်လျှင် မေးစရာမေးခွန်းအများအပြားထွက်ပေါ်လာပါသည်။ ၎င်းတို့မှာ-

- လူတစ်ဦးသည် သူ၏ကယ်တင်ခြင်းကို မည်သည့်အပြစ်က ဆုံးရှုံးစေသနည်း။ သမ္မာကျမ်းစာထဲတွင် ကယ်တင်ခြင်းဆုံးရှုံးခြင်းနှင့်ပတ်သက်၍ မည်သည့်နေရာတွင် ဖော်ပြထားသနည်း။
- မိန်းမတစ်ဦးသည် သူမ၏ကယ်တင်ခြင်းကို ဆုံးရှုံးကြောင်းမည်သို့သိရှိနိုင်သနည်း။
- ယောကျ်ားတစ်ဦးသည် ကယ်တင်ခြင်းကို တဖန်မည်သို့ရရှိသနည်း။ သူသည် ယုံကြည်ခြင်းတရားတည်းသာရှိရမည်လော။ သူသည် ခရစ်တော်ကို အသက်သခင်အဖြစ်ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းစိတ်ချမှုရရှိခဲ့လျှင် သူသည် မည်သည့်အရာကို ယုံကြည်ရဦးမည်နည်း။ သူသည် သူ၏

အပြစ်တရားမှာ ပြန်လှည့်ရမည်လော။ ထိုသို့ဖြစ်လျှင် ကယ်တင်ခြင်းသည် ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့်သာလျှင် ရရှိခြင်းမဟုတ်တော့ဘဲ လုပ်ဆောင်ခြင်းအားဖြင့်ရရှိခြင်းဖြစ်သွားနိုင်သည်။

- ထာဝရလုံခြုံစိတ်ချမှုမရှိသော မိန်းမတစ်ဦးသည် သတင်းကောင်းကို စိတ်ချလက်ချ မည်သို့ ဟောပြောနိုင်မည်နည်း။ သူမဟောပြောသောတရားသည် "ယေရှုသည် သင့်ကို ထာဝရကယ်တင်လိမ့်မည်...ထင်သည်" ဖြစ်ပေမည်။
- ယောက်ျားတစ်ဦးသည် ဘုရားသခင်နှင့် သူ၏ဆက်နွယ်မှုကို လုံခြုံမှုမရှိဟု ခံယူလျှင် သူသည်ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ရာတွင် မည်သို့ကြီးထွားမှု ရရှိနိုင်မည်နည်း။

သင်သည်ကယ်တင်ခြင်းဆုံးရှုံးသွားနိုင်သည် ဟုယုံကြည်သောသူများ၏ပြဿနာများကို တွေ့ရှိနိုင်သည်။ ထိုခံယူချက်သည် ထာဝရလုံခြုံမှုရှိသည်ဟု ယုံကြည်သောသူများမှာရှိသည့်ပြဿနာထက် သူတို့၏ပြဿနာသည် ပို၍များပြားလာသည်။ ကျွန်ုပ်တို့ယုံကြည်သော ထာဝရလုံခြုံစိတ်ချမှုကို သက်သေထူပြနိုင်ရန် ကျမ်းပိုဒ်အချို့ကို ဖော်ပြလိုပါသည်။ ထိုကျမ်းပိုဒ်များထဲတွင် ခရစ်ယာန်များသည် ကယ်တင်ခြင်းမဆုံးရှုံးနိုင်ကြောင်းကို ဖော် ပြထားသည်။ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းမဆုံးရှုံးနိုင်ဟု သက်သေပြချက်များကို ပြည့်စုံ စွာမဖော်ပြနိုင်သော်လည်း ကယ်တင်ခြင်းမဆုံးရှုံးနိုင်ကြောင်းဖော်ပြပေးသောအကြောင်း အရာအချို့တို့ကို ကြည့်ရှုနိုင်ပါသည်။

## ကျေးဇူးတော်ဖြေရှင်းချက်

ကျေးဇူးတော်၏သတင်းကောင်းသည် အထက်တွင်ဖော်ပြထားခဲ့သောမေးခွန်းများကို ဖြေဆိုနိုင်လျှင် လုံလောက်ပါသည်။ထာဝရကယ်တင်ခြင်းသည် အခမဲ့ပေးအပ်သောအရာဖြစ်သည်။ အခြေအနေပေါ်တွင်မမူတည်ပေ။ ထို့ကြောင့် ကယ်တင်ခြင်းသည် မဆုံးရှုံးနိုင်ပေ။ ကယ်တင်ခြင်းသည် ဆုံးရှုံးသွားနိုင်လျှင် ၎င်းကို

ထာဝရ ဟုမခေါ်နိုင်ပေ။ ကျွန်ုပ်တို့၏ထာဝရကယ်တင်ခြင်းသည် ထင်ယောင်ထင်မှားခြင်း (သို့) မာန်မာနတက် ခြင်းဖြစ်ရန်အတွက် မဟုတ်ပေ။ သို့သော် ဘုရားသခင်၏မြင့်မြတ်သော ကတိတော်ကို စိတ်တည်ငြိမ်စွာ ယုံကြည်ခြင်းဖြစ်သည်။ ရောမဩဝါဒစာထဲတွင် သခင်ယေရှုခရစ်တော် ကို ယုံကြည်အားဖြင့် ကျေးဇူးတော်ကြောင့်သာလျှင် ကယ်တင်ခြင်းရရှိသည်ဟု ကျွန်ုပ် တို့တွေ့ရှိခဲ့သည်။ ထိုနေရာတွင် အခြေအနေနှင့် ထိုက်တန်ခြင်းပေါ်တွင်မမူတည်ဘဲ ကျေးဇူးတော်ကို ပေးအပ်ခဲ့သည်ကို တွေ့ရှိနိုင်သည်။သို့သော်ယုံကြည်နိုင်ရန် အလွန်ခက်ခဲလှပါသည်။ ဘုရားသခင်သည် စင်စစ်ကောင်းမြတ်သောဘုရားသခင်ဖြစ်သည်။

ကျေးဇူးတော်ကို ခံစားရန် မည်သူမည်ဝါကမှ မထိုက်တန်သောကြောင့် ကျေးဇူးတော်ကို ယုံကြည်ခြင်းအားဖြင့် ရရှိခြင်းဖြစ်သည်။ ရောမ ၄း၃၊ ဂလာ ၃း၆၊ တို့သည် ကမ္ဘာ ၁၅း၆ မှကိုးကားခြင်းဖြစ်သည်။ “အာဗြဟံသည် ဘုရားသခင်ကို ယုံကြည်သည်ဖြစ် ၍ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူ၏”။ ဤကျမ်းပိုဒ်သည် အာဗြဟံအကြောင်းကို ပြန်လည်တင်ပြထားသည်။ ဘုရားသခင်သည် အာဗြဟံအားသင်၏ အမျိုးအနွယ်မှ ဆင်းသက်လာသူကြောင်း လူသားအားလုံးသည် ကောင်းကြီးခံစားရကြလိမ့် မည်ဟု ကတိပြုထားပါသည်။ ထိုနည်းတူ သခင်ယေရှုသည်လည်း အာဗြဟံ၏အမျိုးအနွယ် ဖြစ်ကြောင်းကို ကျွန်ုပ်တို့သိရှိနိုင်သည်။ အာဗြဟံသည် ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏ကတိတော်ကို ခံစားရသည်နည်းတူ၊ ကျွန်ုပ်တို့သည်လည်း သခင်ယေရှုခရစ်တော် ကိုယုံကြည်ခြင်းအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏ဟု ရှင်ပေါလုက ဖော်ပြထားပါသည်။ ကယ်တင်ခြင်းသည် လုပ်ဆောင်ခြင်းအားဖြင့်မဟုတ်၊ ကျေးဇူး တော်အားဖြင့်ရရှိလျှင် ဘုရားသခင်၏ကတိတော်သည်လည်း ကျွန်ုပ်တို့၏သစ္စာရှိခြင်း၊ ကြောင့်မဟုတ်ဘဲဘုရားသခင်၏သစ္စာတရားပေါ်တွင် ရပ်တည်သည်။ ထို့ကြောင့် ရော မ ၄း၁၆ တွင် ဤသို့ဖော်ပြထားသည်။ “ထို့ကြောင့် ကတိတော်သည် ပညတ်တရားနှင့် ဆိုင်သောအမျိုးအနွယ်တို့၌ ပြည့်စုံသည်သာမက၊ အာဗြဟံ၏ ယုံကြည်ခြင်းတရားနှင့်ဆိုင်သော သူတို့၌ပြည့်စုံလျက်၊ အာဗြဟံ၏အမျိုးအနွယ်အ

ပေါင်းတို့၌ပြည့်စုံမည်အကြောင်း။ ကျေးဇူးတော်ကြောင့်ဖြောင့်မတ်ရာသို့ရောက်စေခြင်း၏ ယုံကြည်ခြင်းတရားကိုသာ အခ ခိုမြဲ၍ရောက်နိုင်၏"။ ၁

ဂတိတော်သည် အာဗြဟံ၏လုပ်ဆောင်ချက်ပေါ်တွင် မူတည်လျှင် ဣသရေလအမျိုး၊ မောရှေ၊ သူတို့အားဖြင့် ဘုရားသခင်၏ဂတိတော်ဖြစ်မြောက်ခြင်း ရှိလိမ့်မည်မဟုတ်ပေ။ ဣသရေလလူမျိုးတို့၏သမိုင်းတွင် ပုန်ကန်ထကြွခြင်းနှင့် အပြစ်ပြုခြင်းကိုသာ တွေ့ရှိနိုင်သည်။ ထိုသို့ဖြစ်လင့်ကစား။ ဘုရားသခင်သည် ပြန်လည်စုစည်းခြင်း အနာဂတ်ကာလတွင် " ဣသရေလလူမျိုးအားလုံးသည် ကယ်တင်ခြင်းရရှိလိမ့်မည် " ဟု ဂတိတော်ပြုခဲ့သည်။ အဘယ်ကြောင့် ဤသို့ဂတိပြုထားသည်နည်းဟူမူကား။ ဘုရားသခင်သည် မိမိပြုခဲ့သော ဂတိတော်ပေါ်တွင် သစ္စာစောင့်သောကြောင့် ဖြစ်သည်။၂ ဘုရားသခင်သည် မိမိကိုယ်ကိုယ် မငြင်းဆိုနိုင်ပေ။ ထို့နည်းတူ၊ ဘုရားသခင်သည် အာဗြဟံကဲ့သို့ သူ၏ဂတိတော်ကို ယုံကြည်သောသူများအပေါ်တွင် ထာဝရအသက်ပေးမည်ဖြစ်သည်။ ထိုဂတိတော်သည် ကျွန်ုပ်တို့၏လုပ်ဆောင်မှုပေါ်တွင် မမူတည်ခဲ့ပေ။ သို့သော် သခင် ယေရှု၏လုပ်ဆောင်မှုပေါ်တွင် မူတည်ထားပါသည်။ သခင်ယေရှုသည် လိုအပ်သောအမှု အားလုံးကို ပြည့်စုံစွာ လုပ်ဆောင်ခဲ့ပြီးဖြစ်ပါသည်။

## ကျေးဇူးတော်ဓာနကျိုင်း

ထာဝရလုံခြုံစိတ်ချမှုနှင့်ပတ်သက်၍ ရောမဩဝါဒစာ အခန်းကြီး ၈ထဲတွင် ကွက်ကွက်ကွင်းကွင်း ဖော်ပြထားသည်။ ယုံကြည်ခြင်းအားဖြင့်ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ခြင်းတရားနှင့် စေ့ကြယ်ခြင်းတရားကို ရရှိသည်ဟု ပေါလုက ဖော်ပြထားပါသည်။ ၎င်းကျမ်းပိုဒ်၏ဆိုလိုရင်းကို အဓိက အချက်အလက်များကိုသာ ရှင်းပြလျှင် လုံလောက်ပါသည်။ အောက်တွင်ဖော်ပြထားသော အဓိကသော့ချက်များတွင်ဖော်ပြထားသော သမ္မာတရားက ထာဝရလုံခြုံစိတ်ချမှုအကြောင်းမည်သို့ဖော်ပြထားသည်ကို စဉ်းစားကြည့်ပါ။

- ရော၈–၁၆ တွင် ကျွန်ုပ်တို့သည် ဘုရားခင်၏မိသားစုဝင်များဖြစ်ကြသည်။

ဘုရားသခင်သည်ကျွန်ုပ်တို့ဖခင်ကြီးဖြစ်သည်။

- ၈း၁၇ တွင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ အမွေစားအမွေခံသောသူများ ဖြစ်သည်။သူ၏ဂတိတော်ကို ဆက်ခံသောသူများဖြစ်ကြသည်။
- ၈း၂၃တွင် ကျွန်ုပ်တို့မှာ ပထမအသီးအပွင့်အဖြစ် သန့်ရှင်းသောဝိညာဉ် တော်ကိုရရှိသည်။ (သို့) ကျွန်ုပ်တို့သည် ရှေ့အနာဂတ်တွင် ခန္ဓာကိုယ်ပိုင်း ဆိုင်ရာ ကယ်တင်ခြင်းရရှိရန် အာမခံချက်ရှိသည်။
- ၈း၂၈ တွင် ကျွန်ုပ်တို့အပေါ်တွင် ဘုရားသခင်၏ကတိတော်မပြည့်စုံနိုင်ရန် မည်သူမည်ဝါကမှ ပိတ်ပင်တားဆီးနိုင်မည်မဟုတ်ပေ။ သို့သော် ထိုကတိတော် ပြည့်စုံနိုင်ရန် ကျွန်ုပ်တို့သည် ဘုရားသခင်၏ကတိ တော်သည် လုပ်ဆောင်သွား မည်ဖြစ်သည်။
- ၈း၂၉ တွင် ဘုရားသခင်၏ရည်ရွယ်ချက်သည် သူ၏သားတော်ကို ယုံကြည်သော သူများအပေါ်တွင် ပြည့်စုံရန် သူသည် ခွဲခန့်မှတ်သားခဲ့သည်။
- ၈း၃၀ တွင် ဘုရားသခင်၏ရွေးကောက်သောသူများကသာ ဘုရား သခင်၏ ဘုန်းတော်ကို ထင်ရှားစေမည်ဖြစ်သည်။ ခြွင်းချက်မရှိပေ။
- ၈း၃၁ တွင် ဘုရားသခင်သည် ကျွန်ုပ်တို့ဘက်တွင် ရှိတော်မူသောကြောင့် ဘုရားသခင်၏ဘုန်းတော်ထင်ရှားရန် သူ၏ရည်ရွယ်မှု မည်သူမည်ဝါကမှ တား ဆီးနိုင်မည်မဟုတ်ပေ။
- ၈း၃၂ တွင် ဘုရားသခင်သည် သူ၏တပါးတည်းသောသားတော်ကို အကြီးမားဆုံးသောဆုကျေးဇူးအဖြစ် ကျွန်ုပ်တို့ကို ကယ်တင်ရန် ပေးအပ် ခဲ့သောကြောင့် ဘုရားသခင်က သူ၏ဘုန်းတော်ထင်ရှားဖို့ရန်အ တွက် အခြားသောအရာ များကို လည်းအကုန်အစင်ပေးအပ်မည်ဖြစ်သည်။
- ၈း၃၃ တွင် ဘုရားသခင် ကျွန်ုပ်တို့ကို ရွေးကောက်ခဲ့၍ ဖြောင့်မတ်သော သူအဖြစ် ကြေးကြော်ခဲ့သောကြောင့် မည်သူကမှ ကျွန်ုပ်တို့ကို ပြစ်တင်စွပ်စွဲနိုင် မည်မဟုတ်တော့ပေ။
- ၈း၃၄ တွင် ဘုရားသခင်သည် သခင်ယေရှုပြုခဲ့သော ယဇ်ပူဇော်ခြင်းအမှုကို

လက်ခံပြီ။ သခင်ယေရှုသည် ကျွန်ုပ်တို့ကိုယ်စားဆုတောင်းခဲ့သောကြောင့် မည်သည့်အရာကကျွန်ုပ်တို့ကို ပြစ်တင်တရားစီရင်နိုင်မည်မဟုတ်တော့ပေ။

- ရော၈း၃၅-၃၉ တွင် မည်သူနှင့် မည်သည့်အရာကမှ ဘုရားသခင်၏ချစ်ခြင်း မေတ္တာ တော်နှင့် ကွဲကွာစေနိုင်မည်မဟုတ်ပေ။

ဤအချက်များကို ကြည့်လျှင် ကျွန်ုပ်တို့၏ ထာဝရလုံခြုံစိတ်ချမှုသည် ဘုရားသခင်ပြုခဲ့သော အမှုပေါ်တွင် မူတည်သည်။ ကျွန်ုပ်တို့၏လုပ်ဆောင်ချက်များ ပေါ်တွင် မမူတည်ပေ။

## ဘုရားသခင်၏နှစ်ထပ်အာမခံပေးခြင်း

ရှင်ယောဟန်ခရစ်ဝင်ကျမ်းကိုကြည့်လျှင် ထာဝရအတွက် လုံခြုံစိတ်ချမှု အာမခံချက်ကို တွေ့ရှိနိုင်သည်။ ရှင်ယောဟန်ခရစ်ဝင်ထဲတွင် ဖော်ပြထားသော ထာဝရကယ်တင်ခြင်း ဂတိတော်ဟူသမျှသည် ထာဝရအသက်အတွက်အာမခံ ချက်ကိုဖော်ပြထားခြင်းဖြစ်သည်။ ဘုရားသခင်သည် ယောဟန် ၃း၁၆ ထဲတွင် "ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်။ ထာဝရအသက်ကို ရစေခြင်းငှါ..." ဟုဂတိပြုရာတွင် သူသည် မိမိဂတိ တော်ကို အကောင်အထည်ဖော်သည့်တိုင်အောင်စောင့်ထိန်းမည်ကို ဆိုလိုခြင်း ဖြစ်သည်။ ဘုရားသခင်သည် ယုံကြည်ခြင်းအပြင် မည်သည့်အရာတစ်ခုကို မျှတောင်းဆိုပေ။ သူ၏ဂတိတော်သည် မှန်ကန်နေသည်။ ယောဟန် ၆း၃၇ ထဲတွင် "ငါ့ထံသို့လာသောသူကို ငါသည် အလျှင်းမပယ်" ဟုဖော်ပြထားသည်။ အားလုံး ဟူသောစကားလုံးသည် ခြွင်းချက်မရှိခြင်းကို ပြသသည်။ သခင်ယေရှုသည် မည်သူ့ကိုမှ မနှင်ထုတ်လျှင် ယုံကြည်သူများသည် သခင်ယေရှုထံ ယုံကြည်သူ များနှင်ထုတ်ရန် ယုံကြည်သူတစ်ဦး သည် မလုပ်ဆောင်သင့်ပေ။

အခြားသော ကျမ်းပိုဒ်။ ယောဟန် ၁၀း၂၇-၃၀ သည် အထူးသဖြင့် ထာဝရစိတ်ချမှုကို ပေးပါသည်။

ငါ့သိုးတို့သည် ငါ့စကားသံကို နားထောင်၍ ငါ့နောက်သို့လိုက်ကြ၏။

ထိုသိုး တို့ကို ငါသိ၏။

ထာဝရအသက်ကိုလည်းငါပေး၏။ ထိုသိုးတို့သည် ပျက်ဆီးခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်ကြလိမ့်မည်။ အဘယ်သူမျှထိုသိုးတို့ကို ငါ့လက်မှ မနှုတ်မယူရ။ ထိုသိုးတို့ကို ငါ့၌ အပ်ပေးတော်မူသော ငါ့ခမည်းတော်သည် ခပ်သိမ်းသောသူတို့ထက်ကြီးမြတ်တော်မူသည်ဖြစ်၍အဘယ်သူမျှထိုသိုးတို့ကို ခမည်းတော်၏လက်မှမနှုတ်မယူနိုင်ရာ။

ငါသည် ခမည်းတော်နှင့် တလုံးတဝတည်းဖြစ်တော်မူ၏။

ဤကျမ်းပိုဒ်များတွင် ယုံကြည်သူများသည် ခရစ်တော်၏လက်ထဲတွင် နိုင်ခိုင်စွာရှိကြောင်းနှင့် ခရစ်တော်သည်လည်း၊ သူ၏ခမည်းတော်လက်ထဲတွင် နိုင်ခိုင်စွာရှိကြောင်းကို ဖော်ပြထားသည်။ ဤဘုရားသခင်၏နှစ်ဆသော အာမခံချက်သည် ထာဝရအတွက် လုံခြုံမှုရှိကြောင်းကို ထင်ရှားစေသည်။ တခါတရံ ကျွန်ုပ်တို့သည် ခရစ်တော်ကို ခိုင်ခိုင်မြဲမြံ ကိုင်ထားကြပေ။ သို့သော်သူသည် ကျွန်ုပ်တို့အား ထာဝရ လုံခြုံစွာ ကယ်တင်ခြင်းရရှိနိုင် ရန်အတွက် ခိုင်ခိုင်စွာ ဆုပ်ကိုင်ထားခြင်းဖြစ်သည်။

ဖခင်တစ်ဦးသည် သူ၏သားငယ်နှင့် ကားလမ်းဖြတ်ကျော်ခဲ့သည်။ ဖခင်သည် ကလေးငယ်၏လက်မှာ ဆုပ်ကိုင်ထားသည်။ ကလေးငယ်ကလည်း ဖခင်ကို မြဲမြံစွာဆုပ် ကိုင်ထားသည်။ လမ်းတက်ကမ်းရောက်သောအခါသားငယ်က "အဖေရယ်၊ သားက ဖေဖေ့ကို ကိုင်ထားသည် မဟုတ်လား" ဟုပြောရာ သူ့ဖခင်က "သားရေ၊ အဖေကသား ကို အရင်ဆုပ်ကိုင်ထားတယ်" ဟုပြန်ပြောခဲ့သည်။ ကယ်တင်ခြင်းသည် ကျွန်ုပ်တို့၏ဆွဲကိုင် မှုပေါ်၌သာမူတည်လျှင် ကျွန်ုပ်တို့သည် လျှောကျသွားမည်ဖြစ်သည်။ ကျွန်ုပ်တို့၏အနာဂတ်ရှေ့ရေး အတွက်အာမခံပေးသောသူသည် ဘုရားသခင်ပင်ဖြစ်သည်။

## သာ၍များပြားသော သက်သေအထောက်အထားများ

ထာဝရကယ်တင်ခြင်းနှင့် ပတ်သက်၍ သက်သေအထောက်အထားများစွာ ရှိသည်။ အောက်တွင် ဖော်ပြထားသော ကျမ်းပိုဒ်များကို ကြည့်ပါ။

- ကျွန်ုပ်တို့သည်ဝိညာဉ်ပိုင်းဆိုင်ရာ ကယ်တင်ခြင်းရရှိခဲ့သောသူများဖြစ်ကြသောကြောင့် (အထက်မှ မွေးဖွားခြင်း) ကျွန်ုပ်တို့သည် မမွေးဖွားသောအခြေအနေသို့မရောက်နိုင်ပေ (ယောဟန် ၁း၁၂-၁၃၊ ၃း၃-၆)။
- ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏တံဆိပ်ခတ်ခြင်းကို ခံခဲ့ရကြသောကြောင့် ထာဝရကာလအတွက် အာမခံထားခြင်းဖြစ်သည် (၂ကော ၁း၂၂၊ဧဖက် ၁း၁၃-၁၄၊ ၄း၃၀)။ ထိုတံဆိပ်ခတ်ခြင်းသည် ၎င်း၏ရည်ရွယ်ချက်မရောက်မချင်း လုံးဝပျက်စီးလိမ့်မည်မ ဟုတ်ပေ။
- ကျွန်ုပ်တို့သည် ခရစ်တော်နှင့် အတူ ဗတ္တိဇံကို ခံယူခဲ့ကြပြီ။ သူနှင့်အတူ တလုံးတဝတည်းဖြစ်ခဲ့သောကြောင့် ကျွန်ုပ်တို့သည် ဗတ္တိဇံမခံသေးသော သူမ ဖြစ်နိုင်ပေ။ သူ့ထံမှလည်းထွက်သွား၍မရနိုင်ပေ (ရောမ ၆း၃-၅၊ ၁ကော ၁၂း၁၃)။
- ဘုရားသခင်သည် ကောင်းမြတ်သောကောင်းကင်ဘုံ၌ရှိတော်မူသော ခမည်းတော်ဘုရားဖြစ်သောကြောင့် သူသည် သူ၏မိသားစုဝင်များကို မနှင်ထုတ်နိုင်ပေ။ သို့သော်သူသည် စည်းကမ်းဖြင့် ကျွန်ုပ်တို့ကို သွန်သင်မည်ဖြစ်သည်(ဟေဗြဲ ၁၂း၅-၇)။
- အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ကာလအတွက် ကျွန်ုပ်တို့၏အပြစ်အားလုံးကို သခင်ယေရှုခရစ်တော်နှင့် သူ၏ယဇ်ပူဇော်ခြင်းအမှုက ဖြေလွှတ်ခဲ့ပြီဖြစ်သောကြောင့် ကျွန်ုပ်တို့မှာ သူနှင့်မိတ်သဟာယပျက်ပြား စေမည့်အပြစ်တစုံတရာမျှ မရှိတော့ပေ (ကောလောသဲ ၂း၁၃-၁၄၊ ဟေဗြဲ ၁၀း၁၂-၁၄)။
- ကျွန်ုပ်တို့မှာ ကိုယ်စားပြုဆုတောင်းပေးမည့်သူ သခင်ယေရှုရှိသောကြောင့် နှင့် ကျွန်ုပ်တို့အပြစ်ပြုသည့်အချိန်တွင် ကိုယ်စားပြုဆုတောင်းပေးမည့်သူ

သခင်ယေရှုရှိသောကြောင့်၊ ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည် ထာဝရအတွက်လုံ လောက်သည်ဟုသောအာမခံချက်ကို ကျွန်ုပ်တို့မှာရှိသည် (ယောဟန် ၁၇း၉ –၁၂၊ ၂၄၊ ဟေဗြဲ ၇း၂၅၊ ၁ယော ၂း၁)။

- သမ္မာကျမ်းစာထဲတွင် ကယ်တင်ခြင်းရရှိသည်ဟု ကံခြင်းစသောဝါကျဖြင့်ရေးသားထားသောကြောင့် (have been saved) စတင်လုပ်ဆောင်သောသူသည် ဘုရားသခင်ဖြစ်သည်ဟုထင်ရှားသည်။ ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည် ဘုရားသခင်၏လုပ်ဆောင်မှုပေါ်တွင်လုံးဝမှီခိုထားသည်။ ကျွန်ုပ်တို့လုပ်ဆောင်မှုပေါ်တွင် မမှီခိုခဲ့ပေ (ဧဖက် ၂း၅၊ ၅၊ ၈၊ ၂သက် ၂း၁၀၊ ၁တိ ၂း၄)။
- သမ္မာကျမ်းစာထဲတွင် (အာဗြဟံ၊ ဒါဝိဒ်၊ ဣသရေလ) စသော လူများအားဖြင့် သာဓကပြသခဲ့ပြီးဖြစ်သောကြောင့် ကျွန်ုပ်တို့သည် နားခံခြင်းမရှိသည့်အချိန်၌ပင်လျှင် ဘုရားသခင်၏ကတိတော်သည် အဆုံးထိတိုင်ပြည့်စုံရန် ဘုရားသခင် သည်သစ္စာရှိသည်ကို ဖော်ပြထားသည်။ ဘုရားသခင်၏ထာဝရကတိတော်သည်ကျွန်ုပ်တို့၏လုပ်ဆောင်ချက်များအားဖြင့်ပြည့်စုံမည်မဟုတ်ပေ (ဆာလံ ၈၉း၃၀–၃၇၊ ရောမ ၃း၃–၄ ၄း၁၆၊ ၂တိ ၂း၁၃)။

## အခြားသော ဖော်ပြချက်များသည် မည်သို့ဖြစ်သနည်း။

ထာဝရလုံခြုံစိတ်ချမှုကို မယုံကြည်သောသူအများအပြားက ကယ်တင်ခြင်းသည် ဆုံးရှုံးနိုင်ကြောင်း၊ သက်သေပြနိုင်ရန် ကျမ်းပိုဒ်အများအပြားကို ရှာဖွေထားသည်။ ထိုကျမ်းပိုဒ်များကို ဤစာအုပ်ထဲတွင် မြောက်များစွာဖော်ပြထားသည်။ သို့သော်ထိုကျမ်း ပိုဒ်များကို တိကျမှန်ကန်စွာ အနက်ဖွင့်ဆိုလျှင် ထိုကျမ်းပိုဒ်များ၏အဓိက ဖော်ပြလိုသော အချက်သည် ထာဝရလုံခြုံစိတ်ချမှုဖြစ်ကြောင်း နားလည်ရပါသည်။ အောက်တွင် ဖော်ပြထားသော အချက်တို့သည် မှန်ကန်စွာဘာသာပြန်နိုင်ရန်ဖော်ပြပေးထားသော နမူနာ ဖြစ်သည်။

- ပထမအချက်အနေဖြင့် ထိုကျမ်းပိုဒ်များကို အပေါ်အောက်ဆက်စပ်မှုများနှင့်လိုက်လျောညီထွေစွာဘာသာပြန်ဆိုရမည်။ စာဖတ်သူ၏အတွက် ဝိညာဉ်ရေးရာဖော်ပြချက်များနှင့် စာရေးသူ၏ရည်ရွယ်နှင့်အညီ ဘာသာပြန်ဆိုရမည်။[၇]
- ဒုတိယအနေဖြင့်ထိုကျမ်းပိုဒ်များကို ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ထာဝရအတွက် ဘုရားသခင်၏အကြံအစည်တော်နှင့်အညီဘာသာပြန်ဆိုရမည်(ရောမ ၄း၁၆၊ ဧဖက် ၁း၃-၁၄)။
- တတိယအနေဖြင့် ထိုကျမ်းပိုဒ်များကို ယုံကြည်ခြင်းအားဖြင့်ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ခြင်းရရှိသည် ဟုသောသွန်သင်ချက်နှင့်အညီဘာသာပြန်ဆိုရမည်။ လုပ်ဆောင်ခြင်းနှင့် ထိုက်တန်ခြင်းအားဖြင့်မရနိုင်ပေ။[၅]
- စတုတ္ထအနေဖြင့် အချို့သောကျမ်းပိုဒ်များသည် ဆုလာဒ်ဆုံးရှုံးခြင်းကို ဖော်ပြလိုခြင်းဖြစ်သည်။ ထာဝရအသက်ဆုံးရှုံးခြင်းကို ဖော်ပြလိုခြင်းမဟုတ်ပေ (ဥပမာအားဖြင့်၊ ၁ကော ၃း၁၁-၁၅၊ ၉း၂၄-၂၇)။
- ပဉ္စမအနေဖြင့် အချို့သောကျမ်းပိုဒ်များသည် ဂျူဘဝတွင်အသက်ရှင်စဉ်၏ ဘုရားသခင်သွန်သင်ပေးလိုသော စည်းမျဉ်းစည်းကမ်းများဖြစ်သည် (ဥပမာ- ဆာလံ ၃၂း၃-၄၊ ၅၁း၇-၁၃၊ ၁ကော ၁၁း၃၀)။
- ဆဋ္ဌမအနေဖြင့်၊ အချို့သောကျမ်းပိုဒ်များသည် တပည့်တော်ဖြစ်ခြင်း၏ အခြေအနေနှင့် ကွင်းဆက်များကို ဖော်ပြလိုခြင်းဖြစ်သည်။ ထိုမှကယ်တင်ခြင်းကို မဆိုလိုပေ (ဥပမာအားဖြင့် လုကာ ၉း၂၃-၂၆၊ ၁၄း၂၆၊ ယောဟန် ၁၅း၆)။

များစွာသောခရစ်ယာန်များသည်ထိုကျမ်းပိုဒ်များကို ကယ်တင်ခြင်း/ကယ်တင်ခြင်းဆုံးရှုံးခြင်း (သို့) ကောင်းကင်/ငရဲသည်ဖြင့် လွဲမှားစွာဘာသာပြန်ဆိုတတ်ကြသည်။သင်သည်အခြားသော ပို၍တိကျသောဘာသာပြန်ဆိုခြင်း များစွာတို့ကို မြင်တွေ့နိုင်ပါလိမ့်မည်။

## အပြစ်ပြုရန်လက်မှတ်လော

စာစောစောကဖော်ပြထားသည့်အတိုင်း ထာဝရကယ်တင်ခြင်းခံယူချက်ကို အများဆုံးရှုတ်ချမှုပြုသော အရာတစ်ခုသည် ထာဝရကယ်တင်ခြင်းရသည်ဟုဆိုသောအခါအပြစ်ပြုရန် ခွင့်ပြုထားခြင်းဖြစ်သည်။ ''ထာဝရအတွက် လုံလောက်သည်''ဟူသောခံယူချက်ကို ခုခံသောသူက ''လူတစ်ဦးသည် ထာဝရအသက်အတွက် အာမခံခြင်းရှိလျှင် ထိုသူသည် မိမိပြုလိုသောအရာဟူသမျှတို့ကို ဆင်ခြင်စဉ်းစားခြင်းမရှိဘဲပြုရလိမ့်မည်''ဟုပြောသည်။ သို့သော်ထိုသို့သောဖော်ပြခြင်းများထဲတွင် အားနည်းချက်များစွာရှိသည်။

- ပထမအနေဖြင့်၊ ထာဝရလုံခြုံမှု ပုန်ကန်သူ (သို့) လေ့လာသူတစ်ဦး၏အတွေ့အကြုံသည်ယုံကြည်ခြင်း၏တရားမှန်ကန်မှုအတွက် ဆုံးဖြတ်ချက်မပေးနိုင်ပေ။
- ဒုတိယအနေဖြင့်၊ ထာဝရလုံခြုံစိတ်ချမှုကို ယုံကြည်သောသူများသည် အပြစ်ပြု၍ခွင့်လွှတ်ခြင်းရရှိနိုင်သည့်နည်းတူ၊ ထာဝရလုံခြုံစိတ်ချမှုမယုံကြည်သောသူသည်လည်းအပြစ်ပြု၍ ခွင့်လွှတ်ခြင်းရရှိနိုင်ပါသည်။
- တတိယအနေဖြင့်၊ ကျေးဇူးတော်အားဖြင့်ကယ်တင်ခြင်းရရှိခြင်းသဘောသည်ယုံကြည်သူတစ်ဦးသည် မတရားသောအမှုများကို စွန့်ပစ်၍ ဘုရားသခင်အတွက်အသက်ရှင်ရန် သွန်သင်လိုခြင်းဖြစ်သည် (တိတု ၂း၁၁-၁၂)။
- စတုတ္ထအနေဖြင့်၊ အသစ်သောမွေးဖွားခြင်းသည် ဝိညာဉ်ရေးရာတွင် အသစ် သောအရာများလုပ်ဆောင်နိုင်ရန်၊ ဘုရားသခင်နှင့် အသစ်သောမိတ်သဟာဟာရဖွဲ့နိုင်ရန်၊ အပြစ်မပြုရန်ကိုယ်ပိုင်လွှတ်လပ်ခွင့်ရရှိရန်နှင့် အသစ်သော်အမြော် အမြင်နှင့် အသစ်သောဘဝပိုင်ဆိုင်နိုင်ရန်ဖြစ်သည် (ရောမ ၆၊ ဧဖက် ၂း၁၊ ၂ကော ၅း၁၇)။

- ပဋ္ဌမအနေဖြင့်၊ သမ္မာကျမ်းစာက အပြစ်ပြုသောသူများသည် သူတို့၏အပြစ်ကြောင့် မိမိရရှိမည့် ဆုလဒ်များကို ဆုံးရှုံးသွားမည်ဟု သွန်သင်ထားသည် (၁ကော ၃း၁၂-၁၅၊ ၅း၅၊ ၉း၂၇၊ ၂ကော ၅း၁၀) ထို့ကြောင့်ကျွန်ုပ်တို့သည် ကောင်းမြတ်သောအရာများလုပ်ဆောင်ခြင်း အားဖြင့်အသက်ရှင်ရပေမည်။

အချို့သောသူများသည် ထာဝရလုံခြုံစိတ်ချမှုကို အလွဲသုံးစားပြုကာ မိမိကိုယ် ကိုယ်ခွင့်လွှတ်အသက်ရှင်ကြပါသလော။ သူတို့သည် ထိုနည်းတူပြုကြပါလိမ့်မည်။ ယုဒက “ငါတို့သခင်ယေရှုခရစ်ကို ငြင်းပယ်လျက်၊ အပြစ်ခံစေခြင်းငှါ ရှေးကစီရင်မှတ်သားသော အဓမ္မလူအချို့တို့သည် ပရိယာယ်နှင့်အမှတ်တမဲ့ဝင်ကြပြီ” (ယုဒ ၄) ဟုဖော်ပြထားသည်။ ထိုသို့သော ခံယူချက်ရှိသောသူများကို မလက်ခံကြရန် ရှင်ပေါလုက ကြပ်မတ်စွာ ဖော်ပြထား သည် (ရောမ ၆း၁-၂၊ ၁၅)။ ထိုခံယူချက်ကို ယုံကြည်သောခရစ်ယာန်များရှိ သည်ကို ကျွန်တော်သိရှိခဲ့သည်။ သူတို့၏အဝတ်ပြုအစည်းအဝေးထဲတွင် ထာဝရလုံခြုံစိတ်ချမှု များကို အပြစ်ပြုရန်လက်မှတ်ဖြစ်သည်ဟုယူဆကြသောကြောင်း၊ သူတို့ကလုံးဝ မဖော်ပြလိုကြပေ။ တဘက်တွင် ကျေးဇူးတော်အားဖြင့်ကယ်တင်ခြင်းရရှိသော သူများသည် သူတို့၏အသက်တာထဲတွင် ကျေးဇူးတော်ကို အောက်မေ့ကာ ကျေးဇူး တော်အတွက် အသက်ရှင်၍ ဘုရားသခင်၏နိုင်ငံတော်အတွက် မိမိအသက်တာဆက် ကပ်သောယုံကြည်သူအများအပြားကိုလည်း ကျွန်တော်တွေ့ရှိခဲ့သည်။ ထိုသို့ဘုရား သခင်၏နိုင်ငံတော်အ တွက်အသက်ရှင်ခြင်းသည် ကျေးဇူးတော်၏တန်ဖိုးကို သိရှိကာ တုံ့ပြန်မှုပြုသောသူများဖြစ်ကြသည်။

## ရှုသိသော ပြဿနာပေါင်း

ဤခံယူချက်ကိုဆွဲကိုင်သောသူများ၏ငြင်းခုံမှုသည် အသစ်ဆန်းတစ်ခုတော့ မဟုတ်ပေ။ ရှင်ပေါလုသည်ဂလာတိပြည်ရှိသော ယုံကြည်သူများကို စာရေးသောအခါ

ဤကဲ့သို့ သောလူများသည် ဂလာတိအသင်းတော်တွင်ရှိသောကြောင့် ထိုသူများကိုခြင်းပယ်ရန် အခါကထားရှိရေးသားထားခြင်းဖြစ်သည်။ အတိုချုံးအားဖြင့် ပေါလုသည် ဂလာတိမြို့တွင် ကယ်တင်ခြင်းသတင်းကောင်းဟောပြောခဲ့သည်။ သူတို့သည် ကယ်တင်ခြင်းရရှိခဲ့ကြသည်။ သို့သော် ယခုတွင် သူတို့သည် သတင်းကောင်းကို အခြားသောအရာများအားဖြင့် အစား ထိုးလိုခဲ့ကြသည် (ဂလာတိ ၁း၆–၇)။ ရှင်ပေါလုပြန်သွားခဲ့ပြီးနောက်အခြားသောသွန်သင် ဆရာများကို ရောက်ရှိလာပြီး ကယ်တင်ခြင်းရရှိရန်အတွက် သခင်ယေရှုခရစ်တော်ကို ကယ်တင်ရှင်အဖြစ်ယုံကြည်ခြင်းသက်သက်သည် မလုံလောက်ပေဟု ဟောပြောခဲ့ကြ သည်။ သူတို့က ဂလာတိမြို့တွင် ရှိသောယုံကြည်သူများသည် ကယ်တင်ခြင်းတည်မြဲနိုင်ရန်(သို့) ကယ်တင်ခြင်းစိတ်ချနိုင်ရန် ယုဒဥပဒေကို လိုက်နာရမည်ဟု သွန်သင်ထားခဲ့ကြသည်။ ဤသို့အားဖြင့် သူတို့သည် ကယ်တင်ခြင်းရရှိရန် ဥပဒေကိုစောင့်ခြင်း (သို့) လုပ်ဆောင်ခြင်း ရှိရမည်ဟု သွန်သင်လိုက်ခြင်းဖြစ်သည် (၅း၁–၁၂)။

ဂလာတိသြဝါဒစာထဲတွင် ပေါလုက ထိုအမြင်သည် မှားယွင်းမှုရှိကြောင်း ဖော် ပြထားပါသည်။

- ထိုခံယူချက်သည် သူသွန်သင်ခဲ့သော ကျေးဇူးတော်၏သတင်းကောင်းနှင့်ညီညွတ်မှုမရှိပေ (၁း၆–၁၀)။
- ထိုခံယူချက်သည် ရှင်ပေါလု၏သက်သေခံချက်နှင့် ညီညွတ်မှုမရှိပေ။ သူသည်ယုဒဘာသာမှပြောင်းလဲသူ၊ ဗျာဒိတ်တော်အားဖြင့် ကျေးဇူးတော်သတင်းကောင်းကို ရရှိသောသူဖြစ်သည် (၁း၁–၂၄)။ သူသည် တိတုကို အရေဖျားမလှီးစေခဲ့ပေ (၂း၁–၅)။ သူသည် တပါးအမျိုးသားများထံ ကျေးဇူးတော်သတင်းကောင်းဝေငှရန် ရွေးကောက်ခြင်းခံရသူဖြစ်သည် (၂း၆–၁၀)။ ပညတ်တော်လက်အောက်တွင် ယုဒလူတစ်ဦးအဖြစ် အသက်ရှင်သော ပေတရုကို သူကဆွေးနွေးဆောင်နိုင်ခဲ့သည် (၂း၁၁–၂၁)။
- ထိုခံယူချက်သည် ဂလာတိမြို့သူမြို့သားများကျေးဇူးတော်အားဖြင့်

ကယ်တင် ခြင်းခံရရှိသော သန့်ရှင်းသောဝိညာဉ်တော်နှင့် ကိုက်ညီမှုမရှိပေ (၃း၁-၅)။

- ထိုခံယူချက်သည်ယုံကြည်ခြင်းအားဖြင့်သာလျှင် အာဗြဟံရရှိသော ကယ်တင်ခြင်းနှင့် ဘုရားသခင်၏ဂတိတော်နှင့် ညီညွတ်မှုမရှိပေ (၃း၆-၉)။
- ထိုခံယူချက်သည် ပညတ်တော်၏ရည်ရွယ်ချက်နှင့်ညီညွတ်မှုမရှိပေ။ ပညတ်တော်သည် ကျွန်ုပ်တို့ကိုမကယ်တင်နိုင်၊ ကယ်တင်ခြင်းရရှိရန် ဘုရားသခင်ထံသို့လည်းမပို့ဆောင်နိုင်ပေ (၃း၁၀-၂၅)။
- ထိုခံယူချက်သည် ဂလာတိမြို့သူမြို့သားများ၏အသစ်သောရာထူးဖြစ်သော သားအရာရရှိခြင်း၊ ကျွန်မဟုတ်ခြင်းများနှင့် ညီညွတ်မှုမရှိပေ (၃း၂၆-၄း၇၊ ၄း၂၁-၃၁)။
- ထိုခံယူချက်သည် အစပိုင်းတွင် ပေါလုနှင့်သူ၏သတင်းအပေါ်ကြိုဆိုမှု၊ ဧည့်ဝတ်ကျေပြွန်မှုများနှင့် ညီညွတ်မှုမရှိပေ (၄း၈-၂၀)။
- ထိုခံယူချက်သည် ပညတ်တော်ကို လိုက်နာရန် တာဝန်ရှိခြင်း၊ ဝတ္တရားမှ လွတ်မြောက်ခြင်းနှင့် ညီညွတ်မှုမရှိပေ(၅း၁-၁၅)။
- ထိုခံယူချက်သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်အတူလျှောက်လှမ်းခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်လမ်းပြစေခြင်းအသက်တာနှင့် ညီညွတ်မှုမရှိပေ (၅း၁၆-၂၆)။

တမန်တော်၏စကားလုံးများတွင် ခရစ်တော်ပြုခဲ့သောအမှုထက် လူတစ်ဦး၏ လုပ်ဆောင်မှုပေါ်တွင် မှီခိုအားထားခြင်းသည် ခရစ်တော်ထံမှထွက်သွားတိမ်းရှောင်သွားခြင်းဖြစ်ဟု တွေ့ရှိနိုင်သည် (၁း၆)။ ၎င်းကို ဖော်ပြရာတွင် “ဘုရားသခင်၏ကျေးဇူးတော် ကို ပယ်ထားခြင်း” (၂း၂၁[က])၊ ခရစ်တော်အသေခံခြင်းသည် အကျိုးမရှိခြင်း (၂း၂၁[ခ])၊ သမ္မာတရားကို နာမခံခြင်း (၃း၁၊ ၅း၇)၊ ချည်နှောင်ခြင်းသို့ပြန်လှည့်လာခြင်း (၄း၉၊ ၅း၁)၊ ပညတ်တော်ကို နာခံရန် တာဝန်ဝတ္တရားရှိလာခြင်း (၅း၃)၊ ခရစ်တော်ကို စိမ်းကားခြင်း (၅း၄)၊ ဘုရားသခင်

လက်ခံနိုင်သော အခမဲ့ပေးထားသောကျေးဇူးတော်ကိုမထီမဲ့မြင်ပြုခြင်း (၅း၄)၊ အသွေးအသားတောင့်တမှု ပျက်ဆီးခြင်းနှင့်ပြန်လှည့်လာခြင်း (၅း၁၆-၂၆) ဟုဖော်ပြထားသည်။ဂလာတိမြို့သူမြို့သားများအတွက် လုပ်ဆောင်ခြင်းအားဖြင့်ကယ်တင်ခြင်း ရရှိသည်ဟုယုံကြည်သောသူများသည် ဘုရားသခင်ကို ဝမ်းမြောက်စေနိုင်ရန် အကျင့်စာ ရိုက္ခကို ကောင်းမွန်ပြည့်စုံစွာ ထိန်းသိမ်းရန်လိုအပ်သည်။ ဂလာတိမြို့သူမြို့သားများအပေါ် ရှင်ပေါလု၏သွန်သင်မှုသည် ကျွန်ုပ်တို့အတွက် မရှိမဖြစ်လိုအပ်၍အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် သခင်ယေရှုထံမှရရှိသော ကျေးဇူးတော်အားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကို လက်ခံခြင်းဖြစ်သည်။

ယနေ့တရားရကယ်တင်ခြင်းကို မယုံကြည်သောသူများသည်ဓမ္မဟောင်းထဲ၌ ဖော်ပြထားသော ပညတ်တော်များကို လိုက်နာရမည်ဟူ၍လည်း သွန်သင်ခြင်း မရှိပေ။ သို့သော်သူတို့သည် အပြစ်တရားအကြောင်း (သို့) အပြစ်တရားက ကယ်တင်ခြင်းရရှိ ရန် နှောက်ယှက်သည့်အကြောင်းများကို သွန်သင်ကြသည်။ အဓိကပြဿနာသည် ရှင်ပေါလုသည် ဂလာတိမြို့တွင် တွေ့ကြုံသည့်အတိုင်း ယနေ့တွင်လည်းအသင်းတော်တွင် ဘုရား သခင်၏ဂတိတော်ထက် လုပ်ဆောင်ချက်များကြောင့် ကယ်တင်ခြင်းရရှိသည်ဟု ခံယူသော ယုံကြည်သူများရှိကြသည်။

တရားရလုံခြုံစိတ်ချမှုသည် အပြစ်ဖြေရန်အတွက်မဟုတ်ပေ။ ၎င်းသည် ဘုရား သခင်၏မေတ္တာတော်အားဖြင့် ရရှိသောထူးဆန်းသောအရာ၊ သူ၏ပေးဆပ်ခြင်းသက်သက်ပင်ဖြစ်သည်။၎င်းမှတဆင့် ပထမခြေလှမ်းတွင် ကျေးဇူးတော်သည် ကျွန်ုပ်တို့ကို ကယ်တင် ခဲ့သည်။ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းကို အခမဲ့ရရှိခဲ့သော်လည်း ကယ်တင်ခြင်းကို တည်မြဲနိုင်ရန်အတွက် ကြိုးပမ်းအားထုတ်ခြင်းလိုအပ်သည်ဟုယုံကြည်ခြင်းသည် ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်း ရရှိသည်ဟု ခံယူချက်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ကျေးဇူး တော်၏ ရေတွက်၍ မရသော၊ တန်ဖိုးမဖြတ်နိုင်သော၊ စိတ်ထဲမှာတောင်မမှန်းဆနိုင်သော ကောင်းကြီး

မင်္ဂလာတစ်ခုသည် ကျေးဇူးတော်သည် ကျွန်ုပ်တို့၏အပြစ်ထက်ကြီးမားခြင်း ဖြစ်သည်။ "ထိုမှတပါး ပညတ်တရားသည် တဝင်ဝင်သဖြင့် ပြစ်မှားသော အပြစ်ပွါးများ၏။ သို့သော်လည်း အပြစ်ပွါးများသောအရာမှာ ကျေးဇူးတော်သည်သာ၍ကြွယ်ဝ၏" (ရောမ ၅း၂၀)။ ၎င်းသည် အံ့ဩဖွယ်ကောင်းသောကျေးဇူးတော်ဖြစ်သည်။

## ပြန်လှန်မေးခွန်းများ

၁။ ကယ်တင်ခြင်းသည် ထာဝရအတွက်ဖြစ်သည်ဟု မယုံကြည်သောသူများ၏ ဝိညာဉ်ရေးရာ ကွင်းဆက်သည် မည်သည့်အရာဖြစ်သနည်း။

၂။ အာဗြဟံနှင့် ဣသရေလလူမျိုးတို့၏အကြောင်းအားဖြင့်ယုံကြည်သူများသည်ထာဝရလုံခြုံမှုရှိကြောင်းကို မည်သို့သက်ဆိုင်ပါသနည်း။

၃။ ကယ်တင်ခြင်းသည်ထာဝရအတွက် လုံခြုံမှုမပေးနိုင်ဟုခံယူသောသူများ စွဲကိုင်ထားသောကျမ်းပိုဒ်များကို မည်သည့်နည်းလမ်းအားဖြင့်ဖြေရှင်းပေးနိုင်မည်နည်း။

၄။ ထာဝရလုံခြုံမှုသည် အပြစ်ပြုရန်လက်မှတ်ဖြစ်သည်ဟုခံယူသူများကို သင်သည် မည်သို့တုံ့ပြန်ရမည်နည်း။

# အခန်း ၅

## ကျေးဇူးတော်အားဖြင့်စိတ်ချခြင်း

ထာဝရလုံခြုံစိတ်ချမှုသည် စစ်မှန်သောအရာဖြစ်ကြောင်းကို ကျွန်ုပ်တို့ သိရှိခဲ့ကြသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် အစဉ်အမြဲသက်ဆိုင်သောသူ များဖြစ်ကြသည်။ စိတ်ချခြင်းသည်လည်း ထိုစစ်မှန်သောသမ္မာတရားကို ကောင်းမွန်စွာသိရှိနားလည်ခြင်း (သို့) တွေ့ကြုံခံစားခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ ထာဝရလုံခြုံမှုသည် ပြောင်းလဲခြင်းမရှိ ပေ။ သို့သော်ကျွန်ုပ်တို့၏စိတ်ချမှုသည် ပြောင်းလဲနိုင်သည်။

### သံသယစိတ်ပျံ့နှံ့လာခြင်းတစ်ခု

စိတ်ချခြင်း၌အားနည်းမှုများသည် ဤလောကနှင့်အသင်းတော်များတွင် လွှဲချော်မှုဖြစ်စေတတ် သောအရာတစ်ခုဖြစ်သည်။ ထိုအရာသည် အခက်ထန်ဆုံးသောအရာတစ်ခုဖြစ်သည်။ ထာဝရလုံခြုံမှုအပေါ်နားလည်မှုလွဲသွားခြင်းသည် ခရစ်ယာန်အသင်းအပိုင်းတွင် အကြီးမားဆုံးသောပြဿနာတစ်ခုဖြစ်သည်ဟု သိရှိလျှင် သင်သည် လုံခြုံစိတ်ချမှုမည်သို့ရရှိနိုင်မည်ကို သိရှိပါလိမ့်မည်။

အသင်းတော်အားလုံးနှင့် ခရစ်ယာန် များကြားတွင်လည်း မိမိကိုယ်ကိုယ် ကယ်တင်ခြင်းမရသေးကြောင်း သေချာစွာမသိသော သူများစွာရှိသည်။ ခရစ်ယာန် အများအပြား (သို့) ခရစ်ယာန်အများစုတို့သည် ကယ်တင် ခြင်းရရှိကြောင်းသိရှိရန် ကြိုးပမ်းနေကြသည်ကိုလည်းတွေ့ရှိနိုင်သည်။ ကျွန်ုပ်တော်သည် ဓါတ်ိုင်းပြုသည် နည်းတူ၊ သင်းအုပ်ဆရာတစ်ပါးဖြစ်သည်နှင့်အညီ အခြားသူများ၏လိုအပ် မှုများကို ဖြည့်ဆည်းပေးနိုင်ရန် ဆက်လက်ကြိုးပမ်းလျက်ရှိသည်။ ကျမ်းစာကျောင်းများ တွင်လည်း ကယ်တင်ခြင်းစိတ်ချမှုမရသေးသော ကျောင်းသားများကိုလည်း ကျွန်ုပ်တော်တွေ့ရှိခဲ့သည်။ သတင်းကောင်းဝေငှရန် လေ့လာဆည်းပူးသူ၊ အခြားသူ များက ကယ်တင် ခြင်းဝေငှရန် မျှော်လင့်ချက်ရှိသော သူများသည် မိမိကိုယ်ကိုယ် ကယ်တင်ခြင်းမရသေးသည်ကို တွေးတောကြည့်ပါ။ သူတို့သည် မိမိကိုယ်ကိုယ် ခရစ်ယာန်များဖြစ်သည်ကို သေချာစွာ မသိရှိခဲ့ကြပေ။

ကျွန်ုပ်တော်သည် များစွာသောသူများအား ဤမေးခွန်းကို မေးခဲ့သည်။ ၎င်းသည် " သင်သည် ယနေ့သေ၍ဘုရားသခင်ရှေ့မှောက်တွင် မတ်သတ်ရပ်လျက် ဘုရားသခင်က သင့်ကို 'ငါသည် သင့်ကို ငါ့နိုင်ငံတော်သို့အဘယ်ကြောင့် ဝင်ရောက်ခွင့်ပေးရမလဲ' ဟု မေးလျှင် သင်သည် မည်သို့ဖြေရမည်နည်း"။ အချို့သောသူများက "ငါသည် ကိုယ်ကျင့် တရားကောင်းမွန်သူဖြစ်သည်" "ငါသည် ကောင်းသောသူဖြစ်ရန် ကြိုးပမ်းသည်" "ငါသည် ကျမ်းစာ၌တော်ပြထားသော ပညတ်တော်များကို လိုက်နာရန်ကြိုးပမ်းသည်" "ငါသည် အတတ်နိုင်ဆုံး အကောင်းဆုံးသောသူဖြစ်ရန် ကြိုးပမ်းသည်" ဟုဖြေတတ်ကြသည်။ ကျွန်ုပ် တော်သည် နောက်မေးခွန်းတစ်ခုကို မေးခဲ့သည်။ ၎င်းသည် "သင်သည် ကောင်းမြတ်သောသူ (သို့) ကောင်းသောအရာလုပ်ဆောင်ခဲ့သည်ကို မည်သို့သိရှိသနည်း" ဖြစ်သည်။ ထိုမေးခွန်းကြောင့် သူတို့လုပ်ဆောင်သော ကောင်း မြတ်သောအရာ (သို့) သူတို့စဉ်းစားသော ကောင်းမွန်သော အတွေးအခေါ်များကို သူတို့၏ထာဝရကာလကို အာမခံချက်မပေးနိုင် သည်ကို ထင်ရှားခဲ့သည်။ သူတို့ထက် ကောင်းမွန်သောသူများရှိသည်ကို ထင်ရှားခဲ့သည်။ ထိုပြင် ကောင်းကင်နိုင်ငံတော်သို့ဝင်ရောက်နိုင်ရန် ဘုရားသခင်၏စံချိန်သည် သူတို့လုပ်

ဆောင်မှုထက် သာလွန်သည်ကို တွေ့ရှိနိုင်သည်။

သတင်းကောင်းဝေငှရာတွင် ရှုထောင့်ပေါင်းစုံတို့ဖြင့် ဝေငှခဲ့ကြသောကြောင့် များစွာသောယုံကြည်သူတို့သည် စိတ်ရှုပ်ထွေးခဲ့ကြပြီ။ သူတို့၏ကယ်တင်ခြင်းအပေါ် သံသယစိတ်တွေ ဝင်ရောက်လာခဲ့ကြသည်။ ထို့ကြောင့်လူများစွာတို့သည် သံသယဝဲဂ ရက်တွင် တဝဲဝဲလည်နေကြခြင်းဖြစ်သည်။

## သံသယဖြစ်ခြင်းအကြောင်းကို သံသယဖြစ်ခြင်းများ

အချို့သောခရစ်ယာန်များသည် လုံခြုံစိတ်ချမှုအပေါ် သံသယဖြစ်ခြင်းကိုသွန်သင်ခြင်းသည် ကောင်းမွန်သောအရာတစ်ခုဖြစ်သည်ဟု ယူဆတတ်ကြသည်။ သူတို့က ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည် စစ်မှန်လျှင် ကျွန်ုပ်တို့သည် သံသယဖြစ်ခြင်းအားဖြင့် မိမိအသက်တာကို ဆင်ခြင်ရမည်ဖြစ်သည်ဟု ပြောကြသည်။ သို့သော် မည်သည့်အသက်တာမျှပြည့်စုံခြင်းမရှိ တရားစီရင်ခြင်းဟူသမျှတို့သည် အစွာအဆာရှိတတ်သောကြောင့် ပြည့်စုံသောအသက်တာပိုင်ဆိုင်ခြင်း သည်လည်းမလွယ်ကူပေ။

၂ကော၁၃း၅ တွင် သံသယဖြစ်ခြင်းသည် ကောင်းသည်ဟုဖော်ပြထားသည်။ ထိုကျမ်းပိုဒ်ထဲတွင် ''သင်တို့သည် ယုံကြည်ခြင်း၌တည်သလော၊ မတည်သလော ဟုကိုယ် ကိုကိုယ်စစ်ကြောကြလော့။ ကိုယ်ကိုကိုယ်စုံစမ်းကြလော့။ အစစ်မခံနိုင်သောသူမမှန်လျှင်၊ ယေရှုခရစ်သည်သင်တို့၌တည်တော်မူသည်ဟု ကိုယ်အကြောင်းကိုကိုယ်မသိကြသလော့'' ဟုဖော်ပြထားသည်။ သို့သော် ဤကျမ်းပိုဒ်သည်ခရစ်ယာန်များသည်သူတို့၏ကယ်တင် ခြင်းအတွက်မေးမြန်းခြင်းရှိရန် ဖော်ပြပေးခြင်းမဟုတ်ပေ။ ကျမ်းပိုဒ်၏အဓိကဖော်ပြလိုခြင်းသည် ပေါလုက သူသည် တမန်တော်ဖြစ်ခြင်းအမှန်ကို မှားယွင်းသောတမန်တော်များနှင့် နှိုင်းယှဉ်၍ ဖော်ပြပေးလိုခြင်းဖြစ်သည်။ သူက ''ငါ၏ တမန်တော်အခွင့်အာဏာကို သင်တို့သည် စစ်ကြောရန်မလို၊ သင်တို့ကိုသာစစ်ကြောကြလော့'' ဟုဖော်ပြလိုခြင်းဖြစ်သည်။ ကောရိန္သုမြို့တွင်ရှိသောယုံကြည်သူများကိုယ်တိုင်က ပေါလုသည်စစ်မှန်သော တမန်တော်ဖြစ်ကြောင်းနှင့် သူဟောပြောသောကယ်တင်ခြင်းသတင်းသည်လည်း စစ်မှန်ကြောင်းကို သက်သေပြလိုခြင်းဖြစ်သည်။ ရှင်ပေါလုသည် သူတို့ကို

ခရစ်တော်အကြောင်းဝေငှပေးသူဖြစ်သောကြောင့် ကောရိန္သုမြို့တွင်ရှိသောယုံကြည်သူများသည် ကယ်တင်ခြင်းရရှိ၍ခရစ်တော်သည်သူတို့အထဲ၌ကျိန်းဝပ်လျှင် သူတို့သည် ရှင်ပေါလုကို အာဏာရှင်အဖြစ်အသိအမှတ်ပြုရမည်ဖြစ်သည်။ ရှင်ပေါလုက သူတို့၏လုပ်ဆောင်ခြင်းများက ခရစ်တော်သည် ထိုသူတို့အထဲတွင်ရှိကြောင်းကို ထင်ရှားစေမည်ဟုဖော်ပြပေးလိုခြင်းဖြစ်သည်။

တခါတရံ သံသယဝင်ခြင်းသည် အသင်းတော်၏ ကျင့်သုံးမှုနှင့် လုပ်ဆောင်မှုများအပေါ်တွင် တည်ဆောက်တတ်ကြသည်။ တရားဟောဆရာများသည် ဘုရားကျောင်းသို့တက်ရောက်သောသူများကို သူတို့သည် စစ်မှန်သောကယ်တင်ခြင်းရရှိမရရှိကို သေချာစွာသိရှိနိုင်ရန် စိန်ခေါ်လိုခြင်းဖြစ်သည်။ ''သင်သည် လုံလောက်စွာပေးဆပ်သလော၊ သင်သည် လုံလောက်စွာ သက်သေခံသလော၊ သင်သည် ဘုရားကျောင်းသို့ လုံလောက်စွာ တက်ရောက်ခဲ့သလော၊ သင်သည် လုံလောက်စွာဆုတောင်းသလော၊'' စသည်ဖြင့်စိန်ခေါ်ခြင်းဖြစ်သည်။ သူတို့က ''စစ်မှန်သောခရစ်ယာန်များသည် သာ၍ပေး ဆပ်ကြသည်၊ သာ၍သက်သေခံကြသည်၊ ဘုရားကျောင်းသို့သာ၍တက်ရောက်ကြသည်၊ သာ၍ဆုတောင်းကြသည်'' ဟုပြောခဲ့ကြသည်။ ထို့ကြောင့် လူတို့သည် ''ဘုရားသခင်နှင့်စစ် မှန်စွာ ဆက်သွယ်နိုင်ပေမည်'' ဖြစ်သည်။ သို့မှသာ လူတို့သည် စစ်မှန် သောကယ်တင် ခြင်းရရှိရန် လိုအပ်ကြောင်းသိရှိကြမည်ဖြစ်သည်။ အချို့သော မိရိုးဖလာအသင်းတော် များသည် ''နိုးထသောသူများ'' ''ဧဝံဂေလိလုပ်ငန်းတွင် စိတ်အားထက်သန်သောသူများ'' ဖြစ်ကြသောကြောင့် သူတို့သည် ကယ်တင်ခြင်းရရှိပြီးသောသူများကို ကယ်တင်ခြင်းမ ရရှိသေးသောသူများအဖြစ် ကဲ့ရဲ့ပြစ်တင်တတ်ကြသည်။ သူတို့က ကယ်တင်ခြင်းရရှိပြီးသောသူများကို ''စစ်မှန်သော''ကယ်တင်ခြင်းရရှိရန် (သို့) တဖန်ကယ်တင်ခြင်းရရှိစေလိုကြသည်။

သံသယဖြစ်ခြင်းနှင့်မသေချာခြင်းများအပေါ်တွင် သန်မာသောဆက်နွယ်ခြင်းကို မတည်ဆောက်နိုင်ပေ။ လူတွေနှင့် ဆက်ဆံရာတွင်ဖြစ်စေ၊ ဘုရားသခင်နှင့်ဆက်ဆံ ရာတွင်ဖြစ်စေ သံသယရှိလျှင် စစ်မှန်သော ဆက်ဆံခြင်းမဖြစ်နိုင်ပေ။ သံသယဖြစ်ခြင်းက ယုံကြည်စိတ်ချမှု၊ ရင်းနှီးကျွမ်းဝင်မှု၊ ရင့်ကျက်မှုများကို မပြုစုစေ

တတ်ပေ။ လင်မယားနှစ် ဦးက သမီးတစ်ဦးရှိသည် ဆိုကြပါစို့။ သူမသည် သူတို့နိုင်းသမျှအကုန်ပြုလျှင် သူတို့က ''ထိုသူသည် ကျွန်ုပ်တို့၏သမီးဖြစ်သည်'' ဟု ဂုဏ်ယူဝင့်ကြွားစွာပြောကြပါလိမ့်မည်။ သို့သော် သူမသည် သူတို့ပြောသော စကားကို နားမထောင်ခဲ့လျှင် သူတို့က ''သင်သည် ငါတို့ပြောဆိုသောစကားကို နားမထောင်ခဲ့သောကြောင့် သင်သည်ငါတို့၏သမီးဖြစ်သည် ကို ငါမထင်ပေ'' ဟုပြောပါလိမ့်မည်။ ကျန်းမာသော ပတ်ဝန်းကျင်သည် တိုးတက်မှုရှိသည် မဟုတ်လော။ မည်သို့တိုးတက်မှုရှိနိုင်မည်နည်း။ ထိုသမီးသည် အခြေအနေပေါ်တွင် မမူတည်သောမေတ္တာနှင့် ယုံကြည်မှုထဲတွင် အခြေခိုင်ခံ့စွာ မရပ်တည်ခြင်းဖြစ်သည်။ ၎င်းက သူမ၏လုပ်ဆောင်မှုများကို တိုးတက်ရန်နှင့် မိဘများကို ဝမ်းမြောက်မှုဖြစ်စေရန် တားဆီးခြင်းဖြစ်သည်။ နောက်ဆုံးတွင် သူမသည် မိဘများ၏မေတ္တာကို သံသယဝင်ပါ လိမ့်မည်။ ထို့ကြောင့်သူမသည် သူမ၏မိဘနှစ်ပါးတို့ကို ဝမ်းမြောက်စေရန် မလုပ် ဆောင်နိုင်တော့ပေ။ ထိုနည်းတူ အချို့သောသူများသည်ဘုရားသခင်၏ကျေးဇူးတော်နှင့် ကယ်တင်ခြင်းတရားများ ဖြစ်စေတတ်သော ဘာသာတရားလုပ်ဆောင်မှုများကြောင့် သူတို့၏ကယ်တင်ခြင်းကို သံသယဝင်နေကြခြင်းဖြစ်သည်။

မိမိကယ်တင်ခြင်းတရားကို သံသယဝင်သောသူတို့သည် ခရစ်ယာန်အသက်တာတိုးတက်ကြီးထွားရန်အတွက် ခိုင်ခံ့သော အခြေခံအုတ်မြစ်မရှိကြသည်ကို ကျွန်ုပ်တော် ကွက်ကွက်ကွင်းကွင်း သိရှိခဲ့သည်။ သူတို့သည် ကျေးဇူးတော်ထဲတွင် အခြေခိုင်ခံ့စွာမရပ်တည်ခဲ့ကြပေ။ သူတို့သည် ကယ်တင်ခြင်းရသလော မရသလော ဟု နောက်ကြည့်၍ စစ်ဆေးခြင်းအားဖြင့် သူတို့၏တိုးတက်ခြင်းနှင့် ရင့်ကျက်ခြင်း လမ်းကြောင်းတို့သည် ပျက်ဆီးသွားခဲ့သည်။ လူတစ်ဦးသည် အမြဲတမ်းနောက် လှည့်လျှင် ဘုရားသခင်၏အလို တော်အတိုင်းထိုသူသည် ရှေ့သို့ဆက်သွားနိုင်တော့ မည်မဟုတ်ပေ။ လူတစ်ဦးသည် ဘုရားသခင်၏သားဖြစ်ကြောင်း ကိုသေချာစွာ မသိလျှင် ထိုသူသည် ဘုရားသခင်၏သားအဖြစ် ဘယ်တော့အခါမှ ရင့်ကျက် မှုရှိနိုင်မည်မဟုတ်ပေ။

## လူတွေက သံသယဖြစ်ခြင်းအကြောင်း

အချို့သောအချက်အလက်များကြောင့်လူတို့သည် သူတို့၏ကယ်တင်ခြင်းကို သံသယဖြစ်တတ်ကြသည်။

ယူဆချက်တစ်ခုသည် သူတို့က ကျေးဇူးတော်၏သတင်းကောင်းကို မယုံကြည် ကြသောကြောင့်ဖြစ်နိုင်သည်။ များစွာသောလူများသည် မှားယွင်းသောသတင်း (သို့) ပြစ်တင်ခြင်းဖြစ်စေသော သတင်း (သို့) အသင်းတော်မှတောင်းဆိုသောအချက်အလက် များတုံ့ပြန်ခြင်းဖြင့် ကယ်တင်ခြင်းရရှိခြင်းကို ယုံကြည်တတ်ကြသည်။ သူတို့က ဘုရား၊ သခင်သည် တစုံတခုကို ဖော်ပြပေးသည် သူယူဆတတ်ကြသည်။အသင်းတော်သို့ပါဝင်ခြင်းသည် ကယ်တင်ခြင်းရရှိခြင်းဖြစ်သည်ဟု သူတို့က ယုံကြည်ခဲ့ကြသည်။ သို့သော် ထိုယုံကြည်ခြင်းသည် မှန်ကန်သည် မှားယွင်းမည်ကို သူတို့က မသိကြသောကြောင့် သံသယဝင်တတ်ကြသည်။ ထိုသို့သောသူများသည် ကယ်တင်ခြင်းသတင်းကောင်းကို နားမလည်ခဲ့ကြပေ။ သူတို့သည် အပြစ်သားများဖြစ်သည်ကိုင်း။ သခင်ယေရှုခရစ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်သည်ကိုင်း။ သူသည် ကျွန်ုပ်တို့၏အပြစ်အတွက် တရားစီရင်ခြင်းအမှုကို ပေးဆပ်ပေးခဲ့သည်ကိုင်း။ သူသည် သေခြင်းမှထမြောက်၍ သူ့ကို ယုံကြည်သောသူများကို ထာဝရအသက်ရရှိသည်ဟု သူပြုခဲ့သောကတိတော်ကိုင်း နား မလည်ခဲ့ကြပေ။

လူတွေက သတင်းကောင်းကို တစ်ခါပဲယုံကြည်လျှင် သူတို့သည် သံသယစိတ်များနှင့် ပြည့်လျှံနိုင်ပါသည်။ နောက်ပိုင်းတွင်သူတို့သည် မှားယွင်းသော သွန်သင်ခြင်းထဲ သို့မျောပါသွားကြမည်ဖြစ်သည်။ သူတို့သည် အပြစ်တရားကြောင့် ကယ်တင်ခြင်းဆုံးရှုံးနိုင်သည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့်ကယ်တင်ခြင်း မရသောသူအဖြစ် ခံစားကြသည်။ ဘုရားကျောင်းသို့မသွားကြတော့ပေ။ သင်းဝင်သူများအဖြစ်လည်းမခံစားခဲ့ကြ တော့ပေ။

အချို့သောယုံကြည်သူများသည် အပြစ်ပြုသောကြောင့်သူတို့၏ကယ်တင်ခြင်း သည်ဆုံးရှုံးသွားလိမ့်မည်ဟု သံသယဝင်တတ်ကြသည်။ ထို့ကြောင့်သူတို့သည်စိတ်ရှုပ် ထွေးမှုဖြစ်ကာ၊ သူတို့၏ခံယူချက်များက သူတို့ကို တရားစီရင်

တတ်ကြသည်။ သူတို့သည် အပြစ်တရားအကြောင်းကို နားမလည်တော့ပဲ ကယ်တင်ခြင်းသည် ဆုံးရှုံးသွားနိုင်သည် ဟု မှားယွင်းစွာခံယူတတ်ကြသည်။

ယုံကြည်သူများသည် ခက်ထန်သော ဘဝအတွေ့အကြုံများနှင့် ရင်ဆိုင်နေရ သောအခါ သူတို့က ဘုရားသခင်သည် သူတို့ကို ချစ်သေးသလော၊ သူတို့ကို လက်ခံသေး သလောဟု သံသယဝင်တတ်ကြသည်။ ထို့ကြောင့်သမ္မာကျမ်းစာက ကျွန်ုပ်တို့သည် ဘုရား သခင်၏ မေတ္တာတော်နှင့် မည်သူမည်ဝါကမျှမကွာ စေနိုင်သောဆိုးသွမ်းသောအရာတစ်ခုမျှမရှိဟုဖော်ပြထားခြင်းဖြစ်သည်။၂

အတွေးအခေါ် (သို့) စိတ်ပိုင်းဆိုင်ရာအားသေနသူများသည် သူတို့၏ ကယ်တင်ခြင်းစိတ်ချမှုကို သံသယဝင်တတ်ကြသည်။ သူတို့သည် မိမိခံစားချက်များ အပေါ်တွင် မှီခိုထားသောကြောင့် သူတို့သည် မိမိကိုယ်ကိုယ် မေးခွန်းများစွာ ထုတ်ဖော်ခြင်းဖြစ်သည်။

အခြားသောသူများ၏လိမ်လည်ပြောဆိုခြင်းအားဖြင့် ခရစ်ယာန်များသည် လုံးဝ စိတ်ချမှုနှင့် ပတ်သက်၍ စိတ်ရှုပ်ထွေးရောက်တတ်ကြသည်။ ဘုရားသခင်သည် ယုံကြည်ကိုး စားရန်ထိုက်တန်သောဘုရားသခင်ဖြစ်သော်လည်း။ သူတို့က ဘုရား သခင်ကို မေးခွန်းများ စွာမေးမြန်းခဲ့ကြသည်။ ထိုသူတို့အတွက် ဘုရားသခင် အပါအဝင် တစုံတခုသောသူများကို ယုံကြည်ရန် ခက်ခဲသည်။

စိတ်ခံစားချက်များကို အဓိကထားသောသောအခါ အချို့သောခရစ် ယာန်များသည် သန့်ရှင်းသောဝိညာဉ်တော် ကျိန်းဝပ်ခြင်းကို မခံစားနိုင်ကြပေ။ ကျွန်ုပ်တို့သည် အရာခပ်သိမ်းကို အဆိုးဖြစ်သည်ဟု ခံစားသောအချိန်လည်းရှိနိုင် သည်။ ဖျားနာခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ဖိနှိပ်ချုပ်ချယ်မှု၊ ဘဝကျဆုတ်တည်းမှု နှင့် စွန့်ပစ်မှုစသည်တို့က ကျွန်ုပ် တို့၏ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ အတွေး အခေါ်ပိုင်းဆိုင်ရာနှင့် ဝိညာဉ် ရေးရာစသည်တို့ကို ဖျက်ဆီးနိုင်သည်။ အချို့သောခရစ် ယာန်များသည် ဘုရားသခင်၏ ကြိုတင်ခန့်ထားခြင်းနှင့် ရွေးကောက်ခြင်းတို့ကို ယုံကြည်သော အသင်းတော် (သို့) အဖွဲ့အစည်းသို့ပါဝင်တတ်ကြသည်။ သူတို့သည် ဘုရားသခင်၏ရွေးကောက်သောသူများဖြစ်ကြသည်ကို ဂုဏ်ယူတတ်ကြသည်။

ကောင်းမွန်စွာအ သက်ရှင်သောသူတို့သည် သေသည့်ထိတိုင်အောင် သစ္စာရှိ၍ ကောင်းမြတ်သောအရာများ လုပ်ဆောင်သောကြောင့် သူတို့သည်သေသောအခါ ဘုရားသခင်၏ရွေး ကောက်သောသူများဖြစ်သည်ဟုသောသွန်သင်ခြင်းသည် မှန်ကန်သောအရာဖြစ်သည်။ လူတစ်ဦးသည် သေသည့်ထိတိုင်အောင် သစ္စာစောင့်ထိန်းမည် မစောင့်ထိန်းမည်ကို မသိကြသောကြောင့်သူတို့သည် ဘုရားသခင်၏ရွေးကောက်သောသူများဖြစ်သည် မဖြစ်သည်ကို မည်သူမည် ဖါကမှ မသိနိုင်ပေ။

ထိုသို့သောခံယူချက်များစွဲကိုင်သောသူများအတွက် ကျွန်ုပ်၏နှလုံးသားသည်ကျိုးပဲ့သွားခဲ့သည်။ဘုရားသခင်သည် သူ၏အခြေအနေပေါ်တွင်မမူတည်သောချစ်ခြင်းမေတ္တာပေါ်တွင်သံသယရှိသောသူများအပေါ် ဘယ်လောက်ဝမ်းနည်းကြေကွဲမည်နည်း။ ကယ်တင်ခြင်းအပေါ်သူတို့၏သံသယသည် မည်သို့ဖယ်ရှားပေးနိုင်မည်နည်း။ သူတို့သည် မိမိသံသယစိတ်မှမည်သို့ရုန်းထွက်ရမည်နည်း။ သူတို့သည် ဘုရားသခင်ပိုင်ဆိုင်သောသူများဖြစ်ကြသည်ကို မည်သို့ သေချာစွာသိရှိနိုင်မည်နည်း။ ကျေးဇူးတော်အားဖြင့်သာ လုပ်ဆောင်နိုင်ပါသည်။

## ကျွန်ုပ်တို့သည် သေချာကြောင်းကို မည်သို့သိရှိနိုင်မည်နည်း

ကယ်တင်ခြင်းကို သေချာကြောင်းအသိသောသူများရှိသောလည်း ကျွန်ုပ်တို့သည် ကယ်တင်ခြင်းရရှိသောသူများဖြစ်ကြသည်။ သံသယဖြစ်သောသူများသည် သာမန် ခရစ်ယာန်များ (သို့) ကောင်းမြတ်သောအရာများလုပ်ဆောင်ခြင်းအားဖြင့်ကယ်တင်ခြင်းရရှိရန် ကြိုးပမ်းသောသူများဖြစ်ကြသည်။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာတော်ပြချက်အ တိုင်း သွန်သင်ရန်လိုအပ်သည်။ ဓမ္မသစ်စာအုပ်ရေးသားသောသူများက သူတို့သည် ကယ် တင်ခြင်းရရှိခဲ့ပြီးသောသူများဖြစ်ကြသည်ကို သေချာစွာသိရှိခဲ့ကြသည်။ အချို့သောပိုဒ်တာများကို ဖတ်ကြည့်ပါ။ သူတို့သည် မိမိကိုယ်ကိုယ် မည်သို့ဖော်ပြထားသည်ကို တွေ့ ရှိပါ

လိမ့်မည်။ ဥပမာအားဖြင့် ရောမဩဝါဒစာ ၁း၁ တွင် ကျွန်ုပ်တို့သည် ''ပေါလုသည် ရွေးချယ်ခွဲထား၍ တမန်တော်အရာ၌ခန့်ထားသောယေရှုခရစ်တော်၏ကျွန်ဝံပေါလု သည်'' ဟုဖတ်ရှုနိုင်ပါသည်။ ဤကျမ်းပိုဒ်တွင် မသေချာသောစကားလုံးကို မတွေ့ရပေ။ ရှင်ပေါလုသည် သေသောအခါ သူသည် ဘုရားသခင်၏ရှေ့တော်သို့ ရောက်ရလိမ့် မည်ကို သိရှိခဲ့သည်။ ''ကိုယ်ခန္ဓာနှင့်ဝေးကွာရာအရပ်သို့သွား၍ သခင်ဘုရားထံတော်၌ နေမြဲနေခြင်းငှါအလိုတော်ရှိလျက် ရဲရင့်သောစိတ် နှင့်ပြည့်စုံကြ၏'' (၂ကော ၅း၈)။ ဤကျမ်းပိုဒ်တွင်လည်း မသေချာသောစကားကို မတွေ့နိုင်ပေ။ ရှင်ယာကုပ် (ယာကုပ် ၁း၁)၊ ရှင်ပေတရု (၁ပေ ၁း၁၊ ၂ပေ ၁း၁)၊ ယုဒ (ယုဒ ၁) နှင့် ရှင်ယောဟန်တို့ ရေးသား ထား သောစာစောင်တွင်လည်း သေချာမှုများကို တွေ့ရှိနိုင်သည်။

၁ယော ၅း၁၁-၁၃ထဲတွင်လည်း သေချာသောစကားလုံးများကို တွေ့ရှိနိုင်သည်။

> သက်သေခံချက်ဟူမူကား။ ဘုရားသခင်သည်ငါတို့အားထာဝ ရအသက်ကို ပေးတော်မူ၍ ထိုအသက်သည်လည်းသားတော် ၌ပါ၏။ သားတော် ကိုရသောသူသည် ထာဝရအသက် ကိုရ၏။ ဘုရားသခင်၏သားတော် ကိုမရသောသူမူကား။ အသက်ကိုမရ။ ဘုရားသခင်၏သားတော်ကို ယုံကြည်သောသင်တို့သည် ထာဝရအ သက်ကို ကိုယ်တိုင်ရသည်ဟု သိစေ ခြင်းငှါ၊ ဤအရာများကို သင်တို့အား ငါရေး၍ပေးလိုက်၏။

ရှင်ယောဟန်က သူ၏စာကို ဖတ်ရှုသောသူများအား သခင်ယေရှုရှိလျှင် ထာဝ ရအသက်ကိုရရှိသည်ဟု သွန်သင်ထားသည်။ သူတို့သည် သခင်ယေရှုကို ရရှိခဲ့ပြီးဖြစ်သော ကြောင့် သူတို့သည် ထာဝရအသက်ရရှိသည်ကို သိရှိရမည်ဖြစ် သည်။ ငှင်းဖော်ပြချက်သည် ရိုးရိုးလေးဖြင့် အလွန်ရှင်းလင်းသည်။ သခင် ယေရှုခရစ်တော်အားဖြင့် ဘုရားသခင် ၏မိသားစုဝင်ဖြစ်လာသောသူအားလုံးက ထာဝရအသက်ရရှိကြောင်းကို သိရှိရပေမည်။

ရှင်ယောဟန်နှင့် အခြားသော ဓမ္မသစ်ကျမ်းစာအုပ်ရေးသားသော သူများက သူတို့၏စာကို ဖတ်ရှုသောသူများသည် ကယ်တင်ခြင်းစိတ်ချမှုရ ရှိကြကြောင်း သိရှိရန်ဆန္ဒရှိကြသည်။ ထို့ကြောင့်သူတို့က "ညီအစ်ကိုများ၊ သန့်ရှင်းသောညီအစ်ကိုများ၊ ဘုရားသခင်၏ချစ်သောသူများ၊ ရေစ်တော်၌နိုးဆို့ကလေးငယ်များ၊ ယုံကြည်သူတော်တို့၊ ဘုရားသခင်၏အမွေဥစ္စာဆက်ခံသောသူများ၊ ဘုရားသခင်၏အသင်းတော်များ၊ ရွေးကောက်ခြင်းကိုခံရသောသူများ" စသည်ဖြင့် ဖော်ပြထားသည်။ တစ်ခါတရံသူတို့ကို "ငါတို့၏အဘ ဘုရားသခင်" (၁သက် ၁း၁၊ ၂သက် ၁း၁) "ငါတို့၏ကယ်တင်ရှင် ဘုရား သခင်" (၁တိ ၁း၁)၊ "ငါတို့၏သခင် ယေရှုခရစ်တော်" (သို့) "ငါတို့၏ယေရှုခရစ်တော် သခင်" (၁ကော ၁း၂၊ ၂ကော ၁း၂၊ ၁ပေ ၁း၃) ဟု ရှုတ်ဆက်ခဲ့သည်။ တစ်ခါတရံ စာရေးသူများက စာရှုသူများကို သစ္စာနှင့် ခံခြင်းရှိရန် တိုက်တွန်းထားပါသည် (ရောမ ၆း၁၇၊ ကောလောသဲ ၁း၄၊ ၁သက် ၁း၃)။ ဆိုလိုသောအရာသည် ကျွန်ုပ်တို့သည် စာဖတ်ရှုသူများသည် ကယ်တင်ခြင်းရရှိလိမ့်မည်ဟုအကြံပြုချက် (သို့) သူတို့ကိုယ်တိုင် ကယ်တင်ခြင်း ရရှိလိမ့်မည်ဟု အကြံပြုချက် တစ်ခု ကိုသာရှိလျှင် သူတို့သည် ကယ်တင်ခြင်းရရှိကြောင့် သိရှိရန်လိုအပ်သည်ဟုနားလည်ရပါသည်။ ဤဖော်ပြချက်သည်များ ယှင်း နေလျှင် ပို့စာများအားလုံးသည် ကယ်တင်ခြင်းရရှိသည်ဟု ထင်ယောင်ထင်မှား ရေးသားထားသောစာစောင်များဖြစ်ကြပါလိမ့်မည်။ စာရေးသူအားလုံးအကြံပြုသော အချက်များ ကို မိမိကိုယ်ကိုယ်ကယ်တင်ခြင်းရရှိခဲ့ကြောင်း သိရှိသောသူများကသာ သိရှိကြသည်။

သင်သည် မိမိကိုယ်တိုင်ကယ်တင်ခြင်းရရှိသည်ဟု သိရှိခြင်းသည် မိမိကိုယ်ကိုယ် လိမ်ညာခြင်းဖြစ်သည်ဟု အချို့သောသူများပြောသံကို ကျွန်တော်ကြားသိခဲ့သည်။ သူတို့ က ကျွန်ုပ်တို့သည် ကယ်တင်ခြင်းရရှိကြောင်း ဘုရားသခင်ကသာသိရှိ၍ ဘုရားသခင်က သာသိရှိရန်လိုအပ်သည်ဟု ပြောခဲ့ကြသည်။ သို့သော် ထိုသို့ပြောကြားသောသူများကို ၁ယော ၅း၁၀–၁၃ ၌ဖော်ပြထားသော အကြောင်းအရာများဖြင့် ချေပရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုယ် ကယ်တင်ခြင်းရရှိကြောင်း မိမိကိုယ်ကိုယ် သိရှိရန် လိုအပ်သည်။ မိမိကိုယ်ကိုယ်

ကယ်တင်ခြင်းရရှိကြောင်းမသိခြင်းသည် အလွန်ဆိုးရွားသည်။ ဘုရား သခင်သည် ကျွန်ုပ်တို့အား ဂတိတော်ကို ပေးခဲ့သည်ဖြစ်၍ ကျွန်ုပ်တို့သည် ဘုရားသခင်၏ စကားဖြင့် သူ့ကိုအံ့တုပြောဆိုခြင်းအပြုရန် အရေးကြီးသည်။ ဘုရားသခင်၏ဂတိတော်သည် ကျွန်ုပ်တို့အတွက် မှန်ကြောင်းကို မည်သူကပြောနိုင်မည်နည်း။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် မှန်ကန်သည်။ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ကို သိရှိသင့် ကြောင်းနှင့် သိရှိရန်လိုအပ်ကြောင်း ဘုရားသခင်က စဉ်းစားသည်။

## သံသယစိတ်များကို ဖယ်ရှားခြင်း

ရှင်ယောဟန်ခရစ်ဝင်ကျမ်းသည် ကယ်တင်ခြင်းစိတ်ချမှုနှင့်ပတ်သက်၍ ဆွေးနွေးရာတွင် အရေးကြီးသော စာအုပ်တစ်အုပ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရှင်ယော ဟန်က တိကျသောရည်ရွယ်ချက်ဖြင့်ရေးသားထားသောကြောင့်ဖြစ်သည်။ "ဤကျမ်းစာ၌မထားသောအခြားနိမိတ်လက္ခဏာအများတို့ကိုလည်း ယေရှုသည် တပည့်တော်တို့မျက် မှောက်၌ ပြတော်မူ၏။ ယေရှုသည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော် ဖြစ်တော်မူသည်ကို သင်တို့သည်ယုံကြည်မည်အကြောင်း၊ ထိုသို့ယုံ၍ နာမတော်အား ဖြင့် အသက်ကို ရမည်အကြောင်း၊ ဤမျှလောက်ရေး ထားလျက်ရှိသတည်း" (ယောဟန် ၂၀း၃၀-၃၁)။

ရှင်ယောဟန်သည် သူ၏စာဖတ်ရှုသူများက သခင်ယေရှုကို ယုံကြည် ရန်နှင့် ထာဝရအသက်ရရှိရန် ဤစာအုပ်ကို ရေးသားထားခြင်းဖြစ်သည်။ မည်သူ ကမှကယ်တင် စိတ်ချမှုမရှိလျှင် ရှင်ယောဟန်သည် သူ၏ရည်ရွယ်ချက်ကို ရေးသားနိုင်မည်လော။ ရှင် ယောဟန်သည် သူ၏ရည်ရွယ်ချက်များအကောင် အထည်ဖော်နိုင်ရန် သူသည် ဘုရားသခင်၏ကတိတော်များကို ထပ်ခါထပ်ခါ မှတ်တမ်းတင်ထားသည်။ ယောဟန် ၃း၁၆ သည် အကောင်းဆုံးသော ဇော်ပြချက် တစ်ခုဖြစ်သည်။ "ဘုရားသခင်၏သားတော်ကို ယုံကြည် သော သူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ ဘုရားသခင်သည် မိမိ၌တ ပါးတည်းသောသားတော်ကို စွန့်တော်မူသည်တိုင်အောင်လော ကီသားတို့ကို ချစ်တော်မူ၏။"

ဘုရားသခင်၏ဆုကျေးဇူးဖြစ်သောထာဝရအသက်နှင့်ဆိုင်သော ဂတိတော် ထက်ပို၍လွယ်ကူသောအရာတစ်ခုမျှမရှိပေ။ ထာဝရအသက်ကို ရရှိနိုင်ရန် ဘုရားသခင်၏ သားတော်သခင်ယေရှုကို ယုံကြည်ရမည်။ ယုံကြည်လျှင် သင်သည် ထာဝရအသက်ရရှိ မည်ဖြစ်သည်။ သင်သည်ယေရှုကို ယုံကြည်နိုင်သည်။ (သို့) ငြင်းပယ်နိုင်သည်။ ?

ယောဟန် ၅း၂၄ တွင် ရှင်ယောဟန်၏ အခြားသောရည်ရွယ်များကို ဖော်ပြထားပါသည်။ ''ငါအမှန်အကန်ဆိုသည်ကား။ ငါ့စကားကိုနားထောင်၍ ငါ့ကိုစေလွှတ် တော်မူသောသူကို ယုံကြည်သောသူသည် ထာဝရအသက်ကို ရသည်ဖြစ်၍ အပြစ်စီရင် ခြင်းကိုမခံရ။ သေခြင်းမှအသက်ရှင်သို့ ကူးပြောက်သောသူဖြစ်၏။''

တဖန် ၎င်းဂတိတော်သည်လည်း နားလည်ရန်လွယ်ကူ၍သေချာသည်။ သင် သည် ခရစ်တော်ကို ယုံကြည်လျှင် တရားစီရင်ခြင်းကို မခံစားရပေ။ (သင်၏အပြစ်တရား ကြောင့်ဖြစ်စေ၊ သင်၏မယုံကြည်ခြင်းကြောင့် တရားစီရင်ခြင်း ခံရမည်မဟုတ်ပေ။) သို့သော် သေခြင်းမှအသက်ရှင်ခြင်းသို့ကူးပြောင်းသွားမည်ဖြစ်သည်။ ဘုရားသခင်၏ရန်သူ အဖြစ်မှ သူ၏မိသားစုဝင်ဖြစ်လာမည်ဖြစ်သည်။ မသေချာသောအရာ၊ ဟိုမရောက်ဒီမ ရောက်သောအရာတစ်ခုမျှမရှိပေ။

ယောဟန် ၆း၄၇ တွင်လည်း ခြားသောဖော်ပြချက်တစ်ခုဖြစ်သည်။ ''ငါအမှန်အကန်ဆိုသည်ကား။ ငါ့ကို ယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏''။ ထူးဆန်းသောအကြောင်းမဟုတ်ပေ။ ဘုရားသခင်၏ဂတိတော်ကို ထပ်မံဖော်ပြထားခြင်းဖြစ်သည်။ သင်သည်ယုံကြည်လျှင် ထာဝရအသက်ကိုရရှိသည်။

## သင်သည် သေချာသလော

ယခုသင်သည် ဘုရားသခင်၏နှုတ်ကပတ်တော်၊ ၎င်း၏ရည်ရွယ်ချက်၊ ဖော်ပြချက်နှင့် ဖြေရှင်းချက်များတွင် မသေချာသောဂတိတော် တစုံတခုကိုမျှမတွေ့ပေ။ ကျွန်ုပ်တို့ကြားနာသောသူများကသာ ဒုက္ခရောက်နေကြခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည်ယုံကြည်သလော။ ငြင်းပယ်သလော။ ကျွန်ုပ်တို့သည် ယုံကြည်သလော။ ငြင်းပယ်သလောဟု မေးရပေမည်။ သမ္မာကျမ်းစာဖော်ပြချက်အရ ကျွန်ုပ်တို့သည်

သခင်ယေရှုခရစ်တော်ကို ကယ်တင်ပိုင်ရှင်အဖြစ်ယုံကြည်လျှင် ထာဝရအသက်ရရှိသည်ကို ကျွန်ုပ်တို့သိရှိနိုင်သည်။ ထိုတော်ပြချက်သည် ကျွန်ုပ်တို့ယုံကြည်ရသောအရာဖြစ်သည်။ ဘုရားသခင်၏နှုတ်ကပတ် တော်ကလွဲ၍အခြားသော၌ကြီးမားသောသြဇာအာဏာမရှိတော့ပေ။

ကျွန်တော်သည် ငယ်ရွယ်စဉ်အချိန်မှစတင်၍ ဤဂတိတော်များကို ကြားသိခဲ့သော်လည်း၊ လူအချို့တို့က ကျွန်ုပ်တို့ပြောဆိုသောစကားသည် အမှန်ဖြစ်သောကြောင့် ယုံကြည်ပါ ဟု ပြောဆိုသော သူအချို့ရှိခဲ့သည်။ ကျွန်တော်မမှတ်မိခဲ့တော့ပေ။ သူတို့သည် တနည်းတလမ်းအားဖြင့် နှင့် လောကီရှုထောင့်မှကြည့်လျှင်မှန်ကန်နိုင်သည်ကို ကျွန်တော်တွေ့မိခဲ့သည်။ ကျွန်တော်သည် ဆယ်ကျော်သက်လူငယ်ဖြစ်လာသောအခါ ကျွန်တော်သည် သမ္မာတရားကို ဆာငတ်လာသောအခါ လူအချို့တို့က ၎င်းတို့ကို ပြန် ဖတ်ရန်ပြောခဲ့သည်။ ကျွန်တော်သည် ထိုဂတိတော်များကို ချီးကျူးခဲ့သည်၊ ထိုဂတိတော် များသည် အလွန်ကောင်းသောကြောင့် ကျွန်တော်ယုံကြည်ခဲ့သည်။ သို့သော်ကျွန်တော် သည် အခြားသောစာပေများကို ဖတ်ရှု၍သူတို့၏အမြင်နှင့်မတူသောအခြားသူများ၊ ဟော ပြောသောတရားကို နားထောင်သောအခါ ထာဝရအသက်ရရှိသောနည်းလမ်းသည် မတူ ညီတော့ပေ။ များမကြာမီ ကျွန်တော်သည် စိတ်ရှုပ်ထွေးလာခဲ့သည်။ ကျွန်ုပ်သည် မိမိအပြစ်အတွက် လုံလောက်သောဝမ်းနည်းခြင်းရှိသလော။ ကျွန်ုပ်သည် သခင်ယေရှုကို ကျွန်ုပ်၏အသက်သခင်အဖြစ်ယုံကြည်ပါသလော။ ကျွန်ုပ်သည် ဘုရားသခင်အား ချစ်ရန်၊ အစေတော်ခံရန်နှင့် သူ၏စကားနားထောင်ရန် ကတိပြုခဲ့ပါသလော။ ကျွန်တော်မေးမြန်း ရမည့်မေးခွန်းသည် ပို၍များပြားလာသည်။ ကျွန်ုပ်သည် ယုံကြည်ခြင်းရှိသည်နှင့်တပြိုင် နက် စိတ်ရှုပ်ထွေးလာပါသည်။ *အခြားသောယူဆချက်များသည် ထာဝရအသက်ရရှိ နိုင်ရန် မရှိမဖြစ်လိုအပ်မှုရှိသလော။ ရှိလျှင် ကျွန်တော်သည် စစ်မှန်သောကယ်တင်ခြင်း ရရှိခဲ့ပြီဖြစ်သည်။*

ကျွန်တော်သည် သိသာယဖြစ်သောအချိန်ကို မှတ်မိသေးခဲ့သည်။ ထိုအချိန်တွင် လူတစ်ဦးသည်လာ၍ကျွန်ုပ်အား၊ သင်သည်ခရစ်ယာန်ဖြစ်သလောဟု မေးလျှင် ကျွန်တော် က ''ငါမသိဘူး''ဟု ဖြေရပါလိမ့်မည်။ အခြားသူများပြော

သည့်နည်းတူ ကျွန်တော်သည် မိမိလုပ်သင့် သောအရာများကို လုပ်ဆောင်ခြင်း အားဖြင့် ကယ်တင်ခြင်းရရှိမည်ဟု ယုံ ကြည်သူဖြစ်လျှင် ''ဟုတ်ကဲ့'' ဟုဖြေရ ပေမည်။ သို့သော ခရစ်ယာန်တီးဂေတာအားဖြင့် ဖျော်ဖြေခြင်း ပြီးဆုံးသွားသည့် တစ်ညတွင် တီးဂီတာအားဖြင့်ဖျော်ဖြေသောသူတစ်ဦးထံ သွား၍သင်သည် မည်သို့ဖျော်ရှင်ခဲ့သနည်းဟုမေးခဲ့သည်။ ထိုသူက ကျွန်ုပ်၏လက်ကို ဆွဲကိုင်၍ ကျွန်ုပ်၏မျက်စိကို စိုက်ကြည့်ကာ ''ချယ်ရီရယ်၊ သင်သည် ခရစ်ယာန်ဖြစ်သ လား'' ဟုမေးခဲ့သည်။ ကျွန်တော်သည် ဘုရားသခင်၏ဂတိတော်ပေါ်တွင် သံသယစိတ်ရှိသဖြင့် ၎င်းမေးခွန်းကို ဒုတိယအကြိမ်မေးသောအချိန်၌ပင် ကျွန်တော်သည် မဖြေကြားနိုင်ခဲ့ပေ။ တကယ်တန်းကျတော့ ထိုပုဂ္ဂိုလ်က မိမိသည် ကယ်တင်ခြင်းရရှိခဲ့ကြောင်း သေချာစွာသိရှိခဲ့သည်။ ၎င်းအပြင်သူက ကျွန်တော်သိ ရှိရန်ဘုရား သခင်မျှော်လင့်ထားသည့် အတိုင်း ''ဟုတ်ကဲ့'' ဟုပြောကာ၊ ကျွန်တော် သိရှိလိမ့်မည်ဟု သူကမျှော်လင့်ခဲ့သည်။သို့သော်ကျွန်တော်သည် မဖြေကြား ဘဲနေခဲ့သည်။

ကျွန်ုပ်၏သမ္မာကျမ်းစာအကြောင်းသိရှိနားလည်သောနည်းလမ်းသည် စစ်မှန် သောခရစ်ယာန်တစ်ဦးသည် ထာဝရအသက်နှင့်သက်ဆိုင်သော ဘုရားသခင်၏ဂတိတော် ကို ယုံကြည်ရမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုဂတိတော်ကြောင့် ခရစ်ယာန် တစ်ဦး ယုံကြည်သူတစ်ဦးဖြစ်လာ နိုင်ခြင်းဖြစ်သည်။ အချို့သောသူများသည် သူတို့၏ ကယ်တင်ခြင်းအတွက် သံသယစိတ်များမရှိကြပေ။ သူတို့သည် ဘုရားသခင်၏ဂတိတော်ကို ယုံကြည်၍ မိမိဘဝအတွက် ပျော်ရွှင်ထားကြသည်။ အချို့သောသူများသည်ယုံကြည်ကြသော်လည်း စိတ်ရှုပ် ထွေးကြသည်။ အချို့သောသူများသည် ခေါင်းရှုပ်ထွေးသွား သောကြောင့် သူတို့သည် စိတ်ပျက်နှိုးနွမ်းသောဘဝဖြင့် အသက်ရှင်ကြသည်။

သို့သော်အမှန်တရားကို ဖော်ပြရလျှင် ကျွန်ုပ်တို့သည် ဤအချက်ကို မေ့ ပျောက်နေကြသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ဂတိတော်ကို ယုံကြည်သော အခါ ကယ်တင်ခြင်းရရှိ၍ သူ့ကို ဝမ်းမြောက်စေခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆို

သော် ဘုရားသခင်၏ကျေးဇူးတော်သည် သူ၏မေတ္တာတော်၊ ကျေးဇူးတော်နှင့် သစ္စာတော်ကို ထင်ရှားစေသောကြောင့်ဖြစ်သည်။ ဘုရားသခင်သည် ကောင်းမြတ်သောအရှင်၊ မေတ္တာတော်အ ရှင်၊ ပေးကမ်းသောအရှင်ဖြစ်ပြီး သူသည် ကျွန်ုပ်တို့အား ထိုအရာများကို ဖွင့်ပြလိုသော ကြောင့်ဖြစ်သည်။ သို့သော်ကျွန်ုပ်တို့သည် ဘုရားသခင်၏ဂတိတော်ကို သံသယရှိလျှင် သူသည် မည်သည့်အရာကိုမျှလုပ်ဆောင်မည်မဟုတ်ပေ။ ထာဝရအသက်သည် ကျွန်ုပ် တို့၏လုပ်ဆောင်ချက်များ၊ ဆက်ကပ်အပ်နှံမှု၊ သစ္စာစောင့်ထိန်းမှု ပေါ်တွင် မူတည်လျှင် ကျွန်ုပ်တို့သည် လုံလောက်သောလုပ်ဆောင်မှု၊ ဆက်ကပ်အပ်နှံမှု၊ သစ္စာရှိမှုရှိနိုင်မည်လော ဟု စဉ်းစားရပေမည်။ ကျွန်ုပ်တို့သည် သခင်ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်၏ ဂတိတော်နှင့်ဘုရားသခင်ကို ယုံကြည်ခြင်းမရှိလျှင် သံသယစိတ်ဝင်လာကြမည်ဖြစ်မည်။ ကျွန်ုပ်တို့သည် သခင်ယေရှုခရစ်တော်ကိုယုံကြည်လျှင် ထာဝရအသက်ရရှိသည်။

သင်သည်သခင်ယေရှုကို ယုံကြည်ခြင်းရှိရမည်။

များစွာသော ခရစ်ယာန်တို့သည် ကယ်တင်ခြင်းစိတ်ချမှုမရှိဘဲ တထဲထဲလည်နေ ကြခြင်းသည် မည်မျှလွမ်းဆွတ်စရာကောင်းပါသနည်း။ သူတို့သည် ရှေ့သို့ ခြေလှမ်းမလှမ်းနိုင်ခဲ့ကြပေ။ အဘယ်ကြောင့်ဆိုသော်သူတို့သည် နောက်သို့လှည့်၍ သူတို့၏ကယ် တင်ခြင်းအပေါ်သံသယဝင်နေကြသောကြောင့်ဖြစ်သည်။ သူတို့သည် ဘုရားသခင်၏ ဂတိတော်ကို အမှန်ဖြစ်သည်ဟု ယုံကြည်ခြင်းမရှိကြသောကြောင့် သူတို့သည် သက်သေခံ ဝေရာတွင် သတ္တိနည်းကြသည်။ သူတို့၏ သာသနာလုပ်ငန်းသည် မသောချာသော အုတ်မြစ်၏တုန်လှုပ်ခြင်းအားဖြင့် အောင်မြင်မှုမရှိကြပေ။

## ပြန်လှန်မေးခွန်းများ

၁။ ခရစ်ယာန်များသည် သူတို့၏ကယ်တင်ခြင်းအပေါ်သံသယဖြစ်ခြင်း၏ ယူဆချက်များသည် မည်သည့်အရာများဖြစ်ကြသနည်း။

၂။ သင်၏ကယ်တင်ခြင်းသည် လုံခြုံစိတ်ချမှုရှိသည်ဟုပြောခြင်းသည် ဝါကြွားမှုဖြစ်သလော။ ရှင်းပြပါ။

၃။ သင်သည် ကယ်တင်ခြင်းသံသယဝင်နေသောသူများကို သွန်သင်နိုင်ရန် မည်သည့်ကျမ်းပိုဒ်များကို အသုံးပြုရမည်နည်း။

၄။ သင်သည် မိမိရရှိသော ကယ်တင်ခြင်းကို မည်သို့သံသယဖြစ်နိုင်သည်ကို ရှင်းပြပါ။